
www.burmeseclassic.com



www.burmeseclassic.com


၈၉၅.၈၃
နတ်ရှာမိုး
ထေကြီး/နတ်ရှာမိုး။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၄။
၁၆၆ - စာ၊ ၁၃.၅ × ၂၁ စင်တီ။

ထုတ်ဝေသူ ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊ ဖြန့်ချိရေး အောင်မြင်စာပေ။
ပထမအကြိမ်, ၂၀၁၄ ခုနှစ်၊ (နိုဝင်ဘာလ)၊ အုပ်ရေ(၅၀၀)။



# နတ်ရှာမိုး

ထေကြီး




www.burmeseclassic.com

ဖေပုံထီးပုံထီ

**ဆင်းရဲခြင်းလွတ်ကင်းအောင်**

သန်းဆုပန်ပါမည်...

အောင်ဘာလေဆို × × တစ်ကယ်ကိုယုံကြည်

အပိုင်ထိုးချလိုက်မည်...

ဟော့...မပြေးတဲ့ဒိုင် × × တစ်ကယ်ရှိပါသည် × ×

ကံစမ်းလိုက်ပါ × × ပြည့်သူ့ဘဏ္ဍာရည်...

ရွှတ်ခြိမ့်ခဲ့သမျှ × × အဲ့ဒီလမ်းက တို့တစ်တွေ

ထွက်ရမည် × × ×

ဖေပုံ × ထီးပုံ × ထီ × ×

ဖေပုံ × × ထီးပုံ × ထီ







# အခန်း(၁)

"ဝေါ!..တီ!..တီ!..ပွမ်!.."

"ဖွတ်!..ဖွတ်!..ဖေါင်း!..ဝေါ!..ဖွတ်ချိုး!.."

"ဘာဖြစ်တာလဲဟ..ငါ့နှယ်"

လမ်းထဲကို ခတ်ကြမ်းကြမ်းလေး မောင်းဝင်လာပြီး မနက်ခင်း လူစည်ကားတဲ့ ရပ်ကွက်လမ်းဆုံ နေရာရောက်မှပဲ တစ်ချက် ပွှတ် တစ်ဖေါင်းဖေါင်းနဲ့ မြည်ပြီး ရပ်သွားတဲ့ကားကို လူတွေ စိတ်ဝင်စားကုန်ကြတယ်။

www.burmeseclassic.com



ကားက. . အဖြူရောင် TOWNACE အမျိုးအစား ကားလေးပါ။ ဒီခေတ်မှာ မော်ဒယ်အမြင့်ကားလေးတွေ အရောင်စုံအမျိုးစုံ ဒီဇိုင်းစုံ ပေါပေါလောလော ဝယ်ယူလို့ရတဲ့ခေတ် ဖြစ်လာတော့ အခြေခံလူတန်းစားတွေလည်း ကိုယ်ပိုင်ကားဝယ်စီးဖို့ စိတ်ကူးယဉ်နိုင်ပြီပေါ့ဗျာ။

လောလောဆယ် စူပါတန်းဝင်နေတဲ့ မော်ဒယ်ကို ဝယ်မစီးနိုင်တောင် 'ပစ်ဖဲကောက်မယ်'ဆိုတဲ့ ကားလောက ဘန်းစကားအသစ်လို မျက်လုံးထဲသိပ်မလှတော့တဲ့ အပ်ကားတွေ ဆွဲထုတ်ပြီး. . 9Gလောက် 9Hလောက် ဆွဲစီးကြတော့တာ။ ပစ်တန်းက အပ်ကားတွေ စိတ်ကူးယဉ်. . အခြေခံလူတန်းစားတွေ မျက်စိကျလာတဲ့ သဘောပါ။ အိမ်ရှေ့မှာ TOWNACE ရပ်ထားတာကို အားကျအထင်ကြီးခဲ့ရတဲ့ ကာလရှည်လျှားကြီးထဲမှာ ရုတ်တရက် ငွေလုံးလေးကလည်းဝင်လာ၊ သူဌေးရိုးလို့ ချောင်ထိုးလိုက်တဲ့ ကားတွေကလည်း ဈေးပေါပေါ ဝယ်နိုင်လာတဲ့အချိန်နဲ့ တိုက်ဆိုင်တော့ကာ. . .

"ဟင်. . ထေရီး"

"ဟ. . ထေရီးပဲဟ ငါ့နှယ်"

"ဟာ. . . အစ်ကိုကလည်း ထေရီး သိန်းတစ်ရာယူနစ်ဆုလား မသိဘူး. . ပေါက်တယ်လေဗျာ"

"ဟာ. . ဒီကောင် ပွပြီပေါ့"

"အင်း. . နှစ်စောင်တွဲပဲထိုးပြီး ပေါက်တာဆိုတော့ တွတ်တွေဘာတွေ သိပ်မရဘူးပေါ့"

ကားတစ်ခါးဖွင့်ပြီး ဟန်နဲ့ပန်နဲ့ ဆင်းလာတဲ့ ထေကြီးကို





ကြည့်မြင်ကာ လ္ဘက်ရည်ဆိုင်ထဲကလူတွေ တစ်ယောက်တစ်ပေါက် ပြောဆိုသံတွေ ဆူညံသွားတယ်။ ဒါကို ထေကြီးကြားပေမယ့် ဂရုမစိုက်ဘဲ. . သူ့ကားကို ပတ်ချာလည် လှည့်ကြည့်လိုက်၊ ကားအောက်ငုံ့ကြည့်လိုက်နဲ့လုပ်ပြီးမှ ကားခေါင်း ဒက်ရှ်ဘုတ်ပေါ်က စီးကရက်ဘူး လှမ်းယူပြီး တစ်လိပ်ထုတ်ယူလိုက်တယ်။ အဲ့ဒီနောက်. . ပါးစောင်ခဲကာ ဟန်ပါပါမီးညှိပြီးမှ ကားထဲဝင်ထိုင်ပြီး စက်နှိုးလိုက်တယ်။

"ကစ်ကစ်!. . ကစ်ကစ်!. . ဝူး!. . ဖွတ်!. . ဖွတ်!. . ဝူး! . . ဖွတ်!. . "

"ဟား. . ဖွတ်ကားပဲကွ ငါ့နှယ်"

"ဝူး!. . ဖွတ်!. . ဖွတ်!. . ဖေါင်း!. . "

"သောက်ခွေးဟ"

ထေကြီးလည်း သူ့ကား အိပ်ဇောပေါက်သံကို သူ့ဘာသာလည်း လန့်နေပုံပါ။ အဲ့ဒီနောက်တော့ တစ်ဖွတ်ဖွတ် တစ်ဖေါက်ဖေါက်နဲ့ပဲ သူ့အိမ်ရှိရာ လမ်းတစ်ဖက်ထိပ်ဆီ မောင်းထွက်သွားပါတော့တယ်။

ထေကြီးထွက်သွားမှ လက်ဖက်ရည်ဆိုင်ထဲမှာ တစ်ယောက်တစ်ပေါက် ဝေဖန်ပြောဆိုသံတွေ ဆူညံလာတယ်။

"လူညံ့ကွာ. . ငါသာဆို လက်ထဲမှာ တစ်ရာလောက်ရှိနေတာပဲ အိမ်စီးကားလှလှလေးတွေ ခုနစ်ဆယ်လောက်ပဲရှိတာ ဝယ်စီးမှာပေါ့ကွ ငါ့နှယ်"

"အေးလေး. . ဒီကောင်မို့လို့ ဒီသောက်ဖွတ်ဝယ်စီးတာယ်အံ့ရော"



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



“လျှောက်ပြောမနေနဲ့ မင်းမှာ ဒိန်းဒေါင်းတောင်ရှိလို့လား”

“ဩော်. . . ငါလည်း ငါ့အိမ်အရောင်းအဝယ် တည့်တော့မှာပါကွ. . . ကြည့်ထား”

“မင်းအိမ်က ဘယ်လောက်ရမှာမို့လို့လဲ. . ပေနှစ်ဆယ် မဟုတ်လား”

“ကျွတ်. . အဲ့ဒါပြောတာ ငါတို့နောက်လမ်းက ဦးတင်မောင်ကို ကြည့်လိုက်လေ၊ သူ့အိမ်နဲ့ခြံကို သုံးရာနဲ့ ထုလိုက်တယ်၊ မှော်ဘီမှာ အိမ်ရောခြံရော၊ တစ်ရာနဲ့ဝယ်ပြီး တစ်ရာကို ခခ. . အဲအဲ. . BB လေးတစ်စီးဝယ်ပြီး တက္ကစီဆွဲနေတယ်၊ ဒီမှာနေတုန်းက မနက်တစ်ခါ ညတစ်ခါ ဆန်ကိုကျွတ်ကျွတ်အိတ်လေးနဲ့ ပြေးဝယ်စားနေရတဲ့လူက အခု ရွှေနဲ့ငွေနဲ့. . အေးဆေး”

“အခု မြေဈေးတွေ ပြန်ကျနေပြီလေ”

“သွားစမ်းပါကွာ သေတောင်မကျဘူး”

အဲဒီအခိုက်မှာပဲ ဆိုင်အတွင်းဘက်ကနေ လက်ဖက်ရည်ဘိုးရှင်းပြီး ထထွက်လာတဲ့ ဦးတရုတ်ကြီးက ဆူညံနေတဲ့ စကားဝိုင်းဘေးမှာ ခါးထောက်ပြီး ရပ်လိုက်တယ်။

ပြီးမှ သူ့အသံဝါးဝါးကြီးနဲ့. . .

“ဒီမှာ ငါ့အဖိုးကပြောဖူးတယ် ကားဝယ်ရင် ကားပေါက်ကလေးတွေ မဝယ်နဲ့၊ ဝယ်ရင်မွဲတယ်တဲ့ တစ်ကယ်ဝယ်ရမှာက ကားမကြီးကို ဝယ်တဲ့ကွ. . ရှင်းလား”

“ဘာလဲဗျာ ဦးတရုတ်ကြီးဘာသာ ဝက်စာသွားသိမ်းစမ်းပါ၊ ဒီမှာ ကြီးပွားရာကြီးပွားကြောင်း ပြောနေတာ ထမင်းရည်ပုံး တစ်ပုံးမှ





မရှိဘူး”

“မင်းတို့လူငယ်တွေ အဲဒါပြောတာပေါ့”

“ဟုတ်တယ်လေဗျာ ဦးတရုတ်ကြီးကျမှ အထီးတွေ၊ အမတွေ၊ အပေါက်တွေနဲ့ ရှုပ်နေတာပဲ”

“အေးဟုတ်တယ်. . . မင်းတို့ပြောတဲ့ အိမ်စီးကား လှလှလေးဆိုတာ ကားပေါက်လေး. . ကားသားလေးတွေလို့ ခေါ်တယ်၊ ဝယ်ပြီး ဘာမှအလုပ်မဖြစ်ဘဲ ပျက်ရင်ပြင်ရတာပဲရှိတယ်၊

ကားမကြီးဆိုတာ. . ဥပမာ ထရပ်ကား၊ ကုန်ကားတို့ ဘာတို့ပေါ့ကွာ၊ အေး. . အဲဒီကားကြီးတွေကမှ ခိုင်းစားလို့ကောင်းတယ်၊ ဝင်ငွေလည်းရှိတယ်၊ ဝင်ငွေကို စံနစ်တကျထိန်းနိုင်ရင် နောက်ထပ် ကားပေါက်ကလေး ထပ်ဝယ်လို့ရတယ်၊

ဒါကြောင့်. . ကားပေါက်လေးမွေးပေးနိုင်တဲ့ ကားမကြီးကို အရင်ဝယ်လို့ပြောတာ၊ ဘာမှနားမလည်ဘဲ. . မသိစွတ်ပြောမနေနဲ့ နားညည်းတယ်”

ပြောပြီးထွက်သွားတဲ့ ဦးတရုတ်ကြီးက သူ့ဘောင်းဘီတိုကို တစ်ချက်ဆွဲတင်ပြီး ဆိုင်အပြင်မှာ ချထားတဲ့ ထမင်းရည်ပုံးကို ထမ်းပိုးနဲ့လျှိုပြီး ထမ်းထွက်သွားတော့တယ်။

ဆိုင်ထဲမှာတော့ အသံတွေတိတ်ပြီး ကိုယ့်အတွေးနဲ့ကိုယ် ငြိမ်ပြီးကျန်ခဲ့ကြတယ်။




www.burmeseclassic.com



ထိုးပြီးရင် တိုက်ဗျာ…
အငြိုးကြီးပြီး မမိုက်ပါနဲ့…
ထိုးပြီး တိုက်တော့…
ထိုက်တဲ့ကံနဲ့ စံရမည်။
ငြိုးပြီး မိုက်တော့…
ပြိုက်ပြိုက်လန်ကာ ခံရမည်။
(ထီစောင့်နတ်မင်း စာဆို)





# အခန်း(၂)

"ဟွဲ!. . ထေရီးကားဝယ်လိုက်ပြီတဲ့"

"ဟုတ်လား. . ဒါဆို ပဲဟင်း လိုက်မရောင်းတော့ဘူးပေါ့"

"ဒါတော့ဘယ်သိမလဲအေ့၊ ပဲဟင်းကို ခါတိုင်းလို ဆိုင်းထမ်းနဲ့ မရောင်းပေမယ့် ကားနဲ့လိုက်ရောင်းရင် ရောင်းမှာပေါ့၊ ဈေးကွက်စီးပွားရေးခေတ်ပဲဟာ"

"အမလေး. . အထင်ကြီးစရာမရှိပါဘူး"

သမီးနှစ်ယောက် မီးဖိုခန်းထဲ အချီအချပြောနေသံကို ဦးဖိုးစီ



www.burmeseclassic.com

www.burmeseclassic.com



ကြားပြီး စိတ်ထဲ မသဲမကွဲ ရှိတာမို့လို့. . .

"အကြီးမရေ. . ရွှေမို"

"ရှန်အဘ"

"ဘာဖြစ်တယ်. . . ထေရီး ကားဝယ်တယ်ဆိုလား"

"ဟုတ်. . အဘ"

အဲ့ဒီနောက် ညီအစ်မနှစ်ယောက်စလုံး မီးဖိုခန်းက ထွက်လာပြီး ယူလာတဲ့ခြင်းတောင်းကို အလယ်မှာချပြီး ထိုင်ကြတယ်။ ပြီးမှ ခြင်းတောင်းထဲပါလာတဲ့ ပိန်းကြက်ဥလေးတွေကို ညီအစ်မနှစ်ယောက် အခွံဝိုင်းသင်ရင်း အငယ်မရွှေရည်က မျက်နှာထား မဲ့ကာရွဲ့ကာနဲ့. . .။

"အထင်ကြီးမနေပါနဲ့အဘရာ၊ တစ်သက်လုံး ပဲဟင်းရောင်းလာတဲ့ကောင် ခွေးရူးကောင်းစား တစ်မွန်းတည့်ပါ"

"ရွှေရည်ရယ် အလကားနေရင်း မစ္စရိယများနေလိုက်တာ"

ထိုအခါဖခင်ဖြစ်သူက. . .

"အေးလေကွယ် သမီးရယ် မုဒိတာ ထားစမ်းပါ၊ ဒီမယ်. . အဘပြောပြမယ် မေတ္တာ ကရုဏာ မုဒိတာ ဥပက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရားထဲမှာ မုဒိတာစိတ်ဟာ အခက်ခဲဆုံးပဲ၊ လူတိုင်း မေတ္တာပွားနိုင်တယ်၊ ကရုဏာသက်နိုင်တယ်၊ ဥပေက္ခာထားနိုင်တယ်၊ ဒါပေမယ့် မုဒိတာပွားနိုင်ဖို့တော့ အတော်ခက်ကြတယ်၊

အခုပဲကြည့် သမီးစိတ်ထဲမှာ ကိုယ့်ထမင်း ကိုယ်ရှာစားပြီး က္ကာသမစ္စရိယ ဖြစ်နေတာ၊ အဲ့ဒါမကောင်းဘူး. . အဲ့ဒီစိတ်က ပူလောင်တယ်၊ ဆင်းရဲ တာရှည်တယ်၊ က္ကာသမစ္စရိယကို နှင်ထုတ်





နိုင်တာ မုဒိတာပွားစိတ်ပဲ၊ ဒီစိတ်က အေးချမ်းတယ်၊ ချမ်းသာကြီးတယ်၊ အဘပြောတာ သဘောပေါက်လား"

"ဟုတ်"

ဟုတ်သာဟုတ်လိုက်ရသော်လည်း ရွှေရည်စိတ်ထဲမှာ တစ်ကယ်ဟုတ်မဟုတ် မသေချာပါ။

အဲဒါကြောင့်. . . ခုတစ်လော ထေရီး သူမကို အီစီကလီလိုက်လုပ်နေတဲ့ကိစ္စ အဘမသိသေး၊ အဘသိရင်ရော မုဒိတာ ထားနိုင်မလားလို့ သူမဘာသာ ချဉ်တင်တင် တွေးနေမိတယ်။

"အေးကွယ် အဘကတော့ ဝမ်းသာတယ်၊ ထေရီးလိုပဲ မရှိကဲ့သူတွေ ကြီးပွားစေချင်တယ်၊ ထေရီးလည်း စိတ်ဖြူလို့ အတိတ်ဖြူတဲ့ အကျိုးကို ခံစားရတာပဲသမီးရဲ့၊ ဒီကောင်လေးက ဆင်းရဲပေမယ့် သူတတ်စွမ်းတဲ့လုပ်အားနဲ့ သမာအာဇီဝလုပ်တယ်၊ အမယ်အိုကြီးကို စောင့်ရှောက်တယ်၊

သူဈေးရောင်းသွားရင်း ရဟန်းသံဃာ ဆွမ်းခံကြွတာကြုံရင် သူ့ပဲဟင်းကို အမြတ်အစွန်း ဘာမှမတွက်ဘဲ ခပ်လောင်းလိုက်တာပဲ၊ အဲ့ဒီအကျိုးကြောင့် ထီပေါက်တယ်. . ကားဝယ်စီးနိုင်တယ်၊ ဒါဝမ်းသာစရာပဲ သည့်ထက်မက ကြီးပွားပါစေလို့ စိတ်ကရည်မှတ်လိုက်. . ကိုယ်လဲစိတ်ချမ်းသာတယ်"

"သမီးကတော့ စိတ်မချမ်းသာပါဘူး"

ပြောပြီး မီးဖိုခန်းဖက် ထထွက်သွားတဲ့ အငယ်မကို လှည့်ကြည့်ပြီး အကြီးမရွှေမိုက. . .

"ငယ်သေးလို့ပါ အဘရယ်၊ နောက်တော့သိလာမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဦးဖိုးစီပြုံးတယ်၊ အကြီးမနဲ့ အငယ်မ စိတ်ထားပုံချင်း ကွာလိုက်တာလို့တွေးပြီး ကွမ်းအစ်လှမ်းဆွဲလိုက်ပါတော့တယ်။









# အခန်း(၃)

"ဘမေ. ."

"ဟေ. ."

ခနိမိုး ထရံကာ တဲကုပ်လေးရှေ့ ကားခေါင်းထိုးရပ်ပြီး. . ထေကြီး အားပါးတရ လှမ်းခေါ်လို့ မိခင်ဖြစ်သူ ဒေါ်ထွေးငုံ ငေးပြီး လှမ်းကြည့်တယ်။

"ဟဲ့. . ဘယ်ကကားတုန်း"

ထေကြီး ပြုံးပြုံးနဲ့ တဲထဲငုံ့ဝင်ကာ. . မိခင်ဘေးနား ဝင်ထိုင်



www.burmeseclassic.com

www.burmeseclassic.com



ပြီး. .

"အဲဒါ အမေ့ကား၊ အမေ့သား ပဲဟင်းသည် ငထေကြီးရဲ့ ကား. . အဟတ်. . ဟတ်"

"မဟုတ်တာ လုပ်တော့မယ်"

"အမေမယုံဘူးလား၊ သား. . ထီပေါက်တယ်. . ကားဝယ်ဟယ်၊ လက်ထဲမှာ ဆယ့်ငါးသိန်း ပိုသေးတယ်၊ အမေ့ကို မြန်မာပြည်အနှံ့ ဘုရားဖူးပို့မယ်. . အဟဲဟဲဟဲ"

ဒေါ်ထွေးမျက်နှာပေါ်မှာ. . ထူးခြားတဲ့ ဝမ်းသာအဲလဲ အမူအရာမျိုး ဖြစ်မလာလို့ ထေကြီးက

"အမေ ဝမ်းမသာဘူးလား"

"ဝမ်းသာပါတယ်၊ ဒါပေမယ့် လွဲနေတယ်သားရဲ့"

"ဗျာ ဘာကိုလွဲနေတာလဲ၊ အမေ့သား လူဆင်းရဲ ပဲဟင်းသည်ကို တစ်ရပ်ကွက်လုံးက ဘယ်သူများလေးစားလို့လဲ၊ အခု. . ထေရီး ကိုယ်ပိုင်ကားတစ်စီး အိမ်ရှေ့ထိုးနိုင်ပြီ၊ ကဲ. . ဘယ်သူနှိမ်ချင်သေးလဲ"

ဒေါ်ထွေး ပင့်သက်ချပြီး ခေါင်မိုးကို မော့်ကြည့်တယ်။ ကြပ်ခိုးမှိုင်းတွေကြားက နေရောင်အပြောက်ပြောက်တွေ မွစာကြဲနေတာကို လက်ညှိုးထိုးပြပြီး. . .

"ဒီမိုးမှာ ဒီပုံစံနဲ့ အမေထမိခြုံပြီး နေရမှာလား၊ ပိုးဆွေး. . ခြစားနေတဲ့ အိမ်တိုင်တွေကို နောက်ထပ်ဘယ်နှနှစ်ခံမယ်လို့ မင်းမျှော်လင့်ထားသလဲ၊ ထရံတွေဆိုတာ. . ခြင်ထောင်ထောင်ရင် ခြင်ထောင်ကြိုးချည်ဖို့ ဝါးခြမ်းငုတ်လေးတောင် မထိုးရဲဘူး ပြိုမှာစိုးလို့





တစ်ကယ်လိုအပ်နေတာ အိမ်ပြင်ဆောက်ဖို့ပဲသား၊ အမေ ဘုရားဖူးမထွက်ရလည်း အမေ့ရင်ထဲမှာ ဘုရားရှိတယ်. . တရားရှိတယ်၊ မရှိခြင်း. . ရှိခြင်းအပေါ်မှာ အမေမတုန်လှုပ်ပါဘူး၊ အမေ့ ကျန်းမာရေးနဲ့ အမေနေရလည်း နောက်(၅)နှစ်ဆိုတာတောင် မသေချာဘူး၊ တစ်ခုပဲကွယ် အတွေးလည်းမရှိ. . အတွက်လည်းမရှိဘဲ စိတ်ထင်ရာလုပ်တတ်တဲ့ မင်းကိုပဲ စိတ်ပူတာ"

"အာ. . မပူပါနဲ့ အမေရာ၊ ဒီအိမ်ကိုလည်း ပြင်မှာ. . စိတ်ချ၊ လက်ထဲမှာ ဆယ့်ငါးသိန်းတောင်ရှိတာ အိမ်ပြင်ရင် ကုန်လှမှ ဆယ်သိန်းပေါ့၊ ငါးသိန်းက အသားတင်ကျန်ဦးမယ်၊ ဒီကြားထဲမှာ သားကားကို ဘုရားဖူးယာဉ် အငှါးလိုက်မယ်၊ ဟိုသွားဒီသွား လမ်းတိုလမ်းရှည် အငှါးလိုက်ရင် ဝင်ငွေက ပဲဟင်းထက် ဆယ်ဆအနည်းလေးကျန်မယ်ဆိုတာသိလို့ ဒီကားကို ဝယ်လိုက်တာ၊ ဒါလည်း ရပ်ကွက်ထဲက ကိုတောက်တဲ့ကြီး အကြံဉာဏ်ပေးတာ၊ သူကိုယ်တိုင်လည်း ကားကို ကျွမ်းကျင်နားလည်တော့ သားကို ဒီလိုလုပ်ဆိုတာ လမ်းကြောင်းချပေးတာ အမေရာ"

"အေးလေ မင်းအဆင်ပြေရင် ပြီးတာပါပဲ၊ အမေကတော့ အကြံဉာဏ်ပဲ ပေးနိုင်တော့မယ်"

"ဩော်. . အမေ ဒီမနက် ဆေးခန်းပြန်ပြရမယ့်ရက်လေ"

"အမေသိတယ်၊ အဲ့ဒါကြောင့် မောင်အုန်းဆိုက္ကား ထိုင်မျှော်နေတာ"

"ဟာ. . မျှော်မနေနဲ့၊ လာ. . သားကားနဲ့လိုက်ပို့မယ်"

"အမလေး တင်ပါးတွေ ယားကုန်ပါ့မယ် လူဆိုးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ်. . အမေ့နှယ် လာလာ ပိုက်ဆံလည်း ကားထဲမှာပဲ"

အဲ့ဒီနောက်တော့ ထေကြီး သူ့မိခင်ကို တွဲထူပြီး ကားထဲ ရောက်အောင် ပို့တယ်။ ပြီးမှ မိခင်ဘေးက ဒရိုင်ဘာနေရာမှာ ဝင်ထိုင်ပြီး ကားစက် နှိုးလိုက်ပါတယ်။

"ကစ်!. . ကစ်!. . ကစ်!. . ကစ်!. . ဝူး!. . ဝူး!. ."

"ဝူး!. . ဖွတ်!!. . ဖေါင်း!!!. ."

"ပလုတ်တုတ်. ."

"ဖွတ်!. . ဖွတ်!. . ဖေါင်း!!. . ဖေါင်း!!. ."

"ဗုဒ္ဓေါ မြတ်စွာဘုရား"

"အမေ ဘာမှမဖြစ်ဘူး၊ ဂျီးပိတ်တာ ဂက်(စ်)ကားက ဒီလိုပဲ"

"ဝူး!. . ဖေါင်း!!. . ဖွတ်!!. ."

"တော်တော်. . ထေရီး၊ နင့်ကား ငါမစီးရဲဘူး"

"ကလင်!. . ကလင်!. ."

"ဒေါ်ထွေး ကျွန်တော် ရောက်ပြီလေ"

"အေး. . ငအုန်းရေ တံခါးဖွင့်ပေးစမ်း၊ ငါလည်း နင့်မျှော်နေတာ"

"ဟာ. . အမေ"

ထေကြီး ဘယ်လိုတားတား ဒေါ်ထွေးလှည့် မကြည့်တော့ဘဲ မောင်အုန်းတံခါးဖွင့်ပြီးတာနဲ့ အတင်းဆင်းပြီး ဆိုက္ကားပေါ် တက်ထိုင်ပါတော့တယ်။

"ဝူး!. . ဖွတ်!!. . ဖေါင်း!!!"

"ပလုတ်တုတ်!. . ဟဲ့. . ငအုန်း မြန်မြန်နင်း"





"ဟုတ်. . ဟုတ်ကဲ့"

ထေကြီး စိတ်ညစ်ပြီး လီဘာကို ဆောင့်နင်းပစ်လိုက်တယ်။

"ဖုံး!!. . အုံး!!. ."





www.burmeseclassic.com

www.burmeseclassic.com

**"ကစီတစ်ယောက်ရဲ့ အဆိုအမိန့်ပါ။"**

မိတ္တဗလဆိုတာ
မိဋ္ဌမမ္မ
စိတ်ချရသဗျတဲ့...
(ပြီးတော့..ပြောသေးတယ်)
အတိတ်ဘဝလည်း မမေ့နဲ့တဲ့
(ကြည့်ရတာ)
ထိပ်ကာသမပြီး
ကြိတ်သမျှရနေတဲ့သူတွေက
အတိတ်ဘဝလုတယ်ပေါ့...
(ဟိုဆရာတော်ကြီးကတော့ မိန့်ပါတယ်)
စိတ်ချကွာ ဒယ်အိုးပဲတဲ့...။ ။









# အခန်း(၄)

"ကိုတောက်"

ထေကြီးရဲ့ လှမ်းခေါ်သံကြောင့် ထောင်ထားတဲ့ အရက်ပုလင်းပေါ် မျက်နှာမှောက်ပြီး ကျိုးကျနေတဲ့ ကိုတောက်တဲ့ လည်ပင်းကြောတွေ ဆတ်ခနဲ မတ်ထောင်ပြီး ရီဝေဝေ လှည့်ကြည့်တယ်။

"စည်းစိမ်ပျက်လိုက်တာ ထေရီးရာ၊ ဘာလဲ. . ဂစ်. . အော့"

"ဘာလဲမလုပ်နဲ့၊ ခင်ဗျာပြောတဲ့ အော်ဆင်း အော်ကြောင်ဆိုတဲ့ကားက. . အဆုတ်အအေးပတ်ပြီး ဝမ်းခေါင်းသံကြီးနဲ့ ညှာစေးချောင်းဆိုး ဖြစ်နေတယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ရင်. . ဝပ်ရှော့ပို့လိုက်ပေါ့ကွ ဘာလာပွားနေတာလဲ"

"ဟာ. . . ကိုတောက် အာမခံပြီး ဝယ်ဆိုလို့ ဝယ်တာလေဗျာ"

"ဟော့ကောင် ငထေ. . တောက်. . သွားကွာ. . သွားသွား မင်းကတော့"

"ဘာဗျ!. . . ခင်ဗျား ပွဲခတော့ယူပြီး တာဝန်မဲ့တဲ့အလုပ် မလုပ်နဲ့လေဗျာ"

"ဘာကွ!. . "

ကိုတောက်တဲ့ ထိုင်နေရာမှ ဒယီးဒယိုင်ထပြီး ပုလင်းကို အဖျားကကိုင်ကာ ရိုက်ခွဲလိုက်တယ်။

"ခွမ်း!. . "

အဲ့ဒီနောက် ပုလင်းအပြတ်နဲ့ ထေကြီးရှိရာလျှောက်လာလို့ ထေကြီး လန့်ပြီးနောက်ဆုတ်ရင်း. . .

"ခင်ဗျားနော်. . ကျုပ်. . ကျုပ် ရပ်ကွက်လူကြီးနဲ့ တိုင်မှာ"

"ကြိုက်တဲ့ကောင်သွားတိုင်၊ တောက်တဲ့ကွ. . ကပ်ပြီး လာခွာလို့ကတော့ နာဖို့သာပြင်ထား"

ထေကြီး ဒီထက်လည်း ပိုပြီးမတောင့်သာတော့လို့ အသာနောက်ဆုတ်ပြီး ပြန်လာခဲ့ရတယ်။

"တောက်!. . ဒါ သက်သက် ငါ့ကို ရိုက်စားလုပ်သွားတာ ကားစုတ်ကိုများ၊ တောက်!. . ပဲဟင်းသည်ဆိုပြီး ညှပ်ချတာ"

တစ်ယောက်တည်း မကျေမနပ်မြည်တွန်ရင်း လျှောက်လာတုန်း အပြေးတစ်ပိုင်းနဲ့ရောက်လာတဲ့ ဖိုးထောင်က. . .





"ရှာလိုက်ရတာ ထေရီးရာ၊ လုပ်. . လုပ်ပါဦး မင်းကားနဲ့ ငါ့ကိုကူညီပါဦး"

"ဘာဖြစ်လို့လဲ"

"ဟာ. . ငါ့မိန်းမ ရေထမ်းရင်း ချော်လဲလို့ကွ၊ ကိုယ်ဝန်ပျက်ပြီထင်တယ်၊ သွေးတွေလည်း တစ်အားပဲ"

"ဒုက္ခပဲကွာ. . ကဲ. . လာ. . လာ"

ပြောပြီး နှစ်ယောက်သား သူ့အိမ်ဘက် ခတ်သုတ်သုတ် လျှောက်လာကြတယ်။ ဖိုးထောင်ဆိုတာက ထေကြီးရဲ့ သွေးသောက်ညီနောင်လေ. . . ကလေးဘဝကတည်းက ဆော့ဖော်ဆော့ဖက်၊ ကျောင်းတက်ဖော် ကျောင်းတက်ဖက်၊ ပိုပြည့်စုံအောင် ပြောရရင် မိဘတွေအဆင်မပြေလို့ အတန်းပညာမစုံမပို့နဲ့ ကျောင်းထွက်ဖော် ကျောင်းထွက်ဖက်လည်းဖြစ်တော့ကာ ချစ်ကြတယ်ဗျ။

ဈေးရောင်းတော့လည်း အတူတူပဲ၊ ထေကြီးက ပဲဟင်းရောင်းတယ်၊ ဖိုးထောင်က ငပိကြော် ရောင်းတယ်၊ ရပ်ကွက်ထဲမှာ ပဲဟင်းပူပူလေး. . ငပိကြော်လို့ အော်သံကြားရင် အဲ့ဒါ ထေကြီးနဲ့ ဖိုးထောင်ဆိုတာ ကလေးကအစ သိတယ်လေ။

"မင်းကွာ မိန်းမကို မပေါ့မပါးကြီးနဲ့ ရေထမ်းခိုင်းရလားကွာ ငါ့နှယ်"

"ဟ. . အဲ့ဒါငါခိုင်းတာမဟုတ်ဘူး မွေးစရိတ်ပြည့်စုံအောင် ဆိုပြီး ငါဈေးရောင်းထွက်တဲ့အချိန် သူ့ဘာသာခွင်ရှာတာ"

သူတို့နှစ်ယောက် အိမ်ရှေ့ရောက်လာတော့ အိမ်မှာ မိခင်ဖြစ်သူ ဆေးခန်းက ပြန်ရောက်နေလို့. . .



www.burmeseclassic.com

"အမေ အဆင်ပြေလား ဆရာဝန်က ဘာတဲ့လဲ"

"ပြေပါတယ် အကြောဆေးသွင်းပေးလိုက်တယ်၊ သောက်ဆေးသုံးရက်စာ ပေးလိုက်တယ်"

"အဲဒါဆို သားအပြင် ခဏသွားဦးမယ် အမေ၊ ဖိုးထောင် မိန်းမ ချော်လဲပြီး သွေးသွန်နေလို့တဲ့ ဆေးရုံလိုက်ပို့လိုက်ဦးမယ်"

"ဟေ. . ပျက်ကျပြီထင်တယ်၊ အေး. . အေး. . မြန်မြန်သွားကြ"

"ကစ်!. . ကစ်!. . ကစ်!. . ဖု!. . ဖု!. . ဖု!. . ဖေါင်း!. . ဖွတ်!. . ဖွတ်!. . "

ထေကြီး ကားစက်နိုးသံကြောင့် ဖိုးထောင် ရေတိုင်ကီနောက်နား ဝင်ပြေးပြီး ပုန်းတယ်. . ။

"ဟော့ကောင် လာလေကွာ"

"ဖြစ်. . ဖြစ်ပါ့မလား၊ တော်ကြာ ထပေါက်ရင် သင်္ဂြိုလ်ပြီးသား ဖြစ်နေဦးမယ်"

"တောက်တီးတောက်တဲ့ကွာ. . လာစမ်းပါ"

ဖိုးထောင် နေ့ခင်းကြောင်တောင် တစ္ဆေခြောက်ခံလိုက်ရသလိုမျက်နှာနဲ့ ကားထဲဝင်ထိုင်တယ်။

"ဖွတ်!. . ဖွတ်!. . ဖွတ်!. . ဖူး!. . ဝူး!!"

"မင်းကားသံကြီးကလည်းကွာ ဓါးပြတိုက်တယ်ထင်ပြီး. . ရဲတွေလာဝိုင်းနေပါဦးမယ်"

"ငါလည်း မလုပ်တတ်ဘူးကွာ၊ ကိုတောက်တဲ့ ငါ့ကို ချင်းထည့်သွားတာ၊ စောစောက ငါသွားပြောတော့ ငါ့ကို ရန်လုပ်လွှတ်





တယ်ကွာ. . ချီးပဲ"

"မင်းမို့လို့ ဒီလူသွားယုံစားတာ၊ အဲ့ဒီလူ လူလည်ကွ. . . ငပိကြော်ဝယ်စားတာတောင် နှစ်ရာဘိုး သုံးထုပ်ရမလားဆိုပြီး. . ကပ်ဖွဲ့ဆစ်နေတဲ့လူ"

"ထားလိုက်ပါတော့. . ငါ့ကံပဲ"

စကားပြောရင်း တဖွတ်ဖွတ် တဖေါင်းဖေါင်း မောင်းလာတဲ့ကားကို လူတွေပြုံးစိစိနဲ့ ကြည့်လို့ကြည့်၊ နောက်ကနေ နှာပိတ်ပြီး ကလော်တုတ်လို့တုတ် နေကြလို့ ဖိုးထောင်က. . .

"ကြာရင်တော့. . . အရပ်ထဲကလူတွေ မင်းကားကို ပက်လက်လှန်ပြီး မီးရှို့မယ် ထင်တယ်"

"ဟာ. . ရမလားကွ မင်းမဲ့တိုင်းပြည်မှမဟုတ်တာ၊ ငါလည်း ဘယ်ဖြစ်ချင်ပါ့မလဲ"

"ဖွတ်!. . ဖွတ်!. . ဖွတ်!. . ဖွတ်!. . ဖူး!. . "

"ကဲ. . ရောက်ပြီ မင်းမိန်းမခေါ်လိုက်တော့"

ဖိုးထောင် ကားပေါ်က ခုန်ဆင်းသွားတယ်ဆိုရင်ပဲ အနီးပတ်ဝန်းကျင်က ရောက်နေကြတဲ့ အမျိုးသမီးတွေ ဝိုင်းအော်တယ်။

"ဟဲ့!. . ဖိုးထောင် နင့်မိန်းမကို သတ်နေတာလား"

"ဗျာ!. . ဘာဖြစ်လို့လဲ"

"ဒီမှာ တဖွတ်ဖွတ် တဖိုင်းဖိုင်း အသံကြားပြီး. . သတိလစ်သွားပြီ"

"ဗျာ!"

"ဗျာမနေနဲ့ ဆေးရုံမြန်မြန်ပို့မှဖြစ်မယ်"



www.burmeseclassic.com

"ဒုက္ခပါပဲ ထေရီးရေ လုပ်ပါဦးဟ"

"အေး. . ဒီမှာ ကားရောက်နေပြီလေ၊ မင်းမိန်းမကို ကားပေါ်တင်လေ"

"ဟမ်!. . မင်းကားစက်သံကြောင့် သတိလစ်သွားပြီကွ ချီးမှပဲ"

ထေကြီး ခေါင်းကုတ်ပြီး ရှုံ့မဲ့မဲ့ဖြစ်ရင်းက. . .

"ရတယ်. . . ကားပေါ်သာရောက်အောင်တင် သတိပြန်လည်စေရမယ်"

"ဟေ့ကောင်. . ဖြစ်ပါ့မလား"

"ဖြစ်တယ်. . မြန်မြန်လုပ်"

ဖိုးထောင် တွေဝေမနေဘဲ အမျိုးသမီးတွေကြား သတိလစ်နေတဲ့ သူ့မိန်းမကို ဝင်ပွေ့ပြီး ခေါ်လာတယ်။

"ဟဲ့. . ဖိုးထောင် နင်လူသတ်နေတာလား၊ ဆိုက္ကားနဲ့ပို့ပါတော့လား ငါ့နှယ်"

"နေပစေဟေ့. . သေမှပဲ ရက်လည်ဖို့ လာကူကြတာပေါ့"

အမျိုးသမီးတွေ တစ်ယောက်တစ်ခွန်း ပိုင်းအော်နေကြတာကို ထေကြီး ကြားနေရပေမယ့် ဂရုစိုက်မနေဘဲ. . ဖိုးထောင်တို့ လင်မယား ကားနောက်ခန်းထဲ ရောက်တာနဲ့တပြိုင်တည်း ကားစက်နှိုးလိုက်တယ်။

"ကစ်!. . ကစ်!. . ကစ်!. . ဖွတ်!. . ဖေါင်း!. . ဝူး!. . ဖွတ်!. . ဝူး!. . ဖွတ်!. . "

"အင့်. . ဟင့်. . အီး. . ကဖိုးထောင်"





"ဟာ. . ငါ့မိန်းမ သတိရပြီ ထေရီးရေ"

ထေကြီးပြုံးလိုက်တယ်။ ကားစက်သံကြောင့် သတိလစ်သွားတယ်ဆိုရင် ကားစက်သံကြောင့် သတိပြန်ရစေရမယ်ဆိုတဲ့အတွေးလေး မှန်သွားတော့. . ဘယ်နှယ့်ရှိစဆိုပြီး. . ဝိုင်းကြည့်နေတဲ့ အမျိုးသမီးတစ်စုကို မဲ့မဲ့ရွဲ့ရွဲ့လေး လှမ်းကြည့်ပြီး ကားကို ဘီးလိမ့်ထွက်ပါတော့တယ်။

"ဖွတ်!. . ဘုံး!. . အုံး!!. . "

"ဟာ!. . သတိပြန်လစ်သွားပြီဟ"

"ဟော!. . "






www.burmeseclassic.com

www.burmeseclassic.com

ချောင်ကြောကျော်လို့
အမှောင်တိုက်ကို ရှာတယ်၊
ခေါင်လိုက်လာတဲ့ ကံကြမ္မာက
အပြန်မပါ အသွားသာရှိပြီး
ဓါးဝမှာ အထိအရှ လွှယ်လွှန်းတယ်၊
သိသမျှ ဘယ်မအေးနိုင်ဘု၊
ဝဋ်ကြွေးအနိုင်နိုင်က
ပိုင်ပိုင်ကို ထွန်းသည်ထင့်လေး။ ။







# အခန်း(၅)

ရပ်ကွက်တစ်ခုရဲ့ စီးပွားရေးပြဒါးတိုင်လို့ ဆိုရမယ့် လက်ဖက်ရည်ဆိုင်လေးကတော့ ပုံမှန်စည်ကားအတိုင်း မလျှော့မတင်းလေး ရှိနေတယ်။ ဒီလိုပြောတာကို ပရိသတ် အလွယ်သဘောပေါက်မယ် ထင်ပါတယ်။ ရပ်ကွက်တစ်ခုမှာ အခြေခံစီးပွားရေးလေး ကောင်းနေရင် စားသောက်ဆိုင်တွေမှာ လူစည်ကားနေတယ်။ မကောင်းရင်တော့ ခြောက်တီးခြောက်ချက်ပေါ့ဗျာ. . အဲဒါဝါ။

အခုလည်း ဒီဆိုင်ရဲ့ မနက်ခင်း သရုပ်မှန်လေးကို ပြချင်



www.burmeseclassic.com

www.burmeseclassic.com



တာပါ။ ဆိုင်ထဲမှာ ဒီရပ်ကွက်ထဲ နေထိုင်သူတွေပါသလို ပြင်ပက လာတဲ့ ပုဂ္ဂိုလ်များလည်း ရှိတယ်ဗျ။ နှစ်လုံးသုံးလုံးသမားတွေ၊ ပွဲစားတွေ၊ ဈေးသည်တွေ၊ တစ်ချို့လည်း အလုပ်ပိတ်ရက်မို့လို့ အေးအေးလူလူ လက်ဖက်ရည်ဆိုင်ထွက်ထိုင်တဲ့သူတွေနဲ့ ကာလသားပေါက် အုပ်စုတွေလည်း ပါသပေါ့။

"လာဗျ ကိုတောက်. . ဒီမနက် လန်းလှချည်လား"

"ဟဲ. . ဟဲ. . ဟဲ. . လန်းဆို ဒီနေ့ ကျုပ်ရဲ့ အလန်းလေး စက်ရုံပိတ်ရက်လေဗျာ"

"သြော်. . ရွှေလေး. . ရွှေလေး. . အဟတ်ဟတ်ဟတ် အဆင်ပြေပါစေဗျာ၊ ကျွန်တော်တို့ လက်ဖက်ရည်ဘိုးလေးလည်း ရှင်းပေးနိုင်ပါစေ. . ဟဲ. . ဟဲ. . ဟဲ"

"ဟေ. . ငါက ဘာအတွက် ရှင်းရမှာတုန်း"

"အာ. . ကိုယ့်ဆရာ ရှောက်သီးလိုမ့်ထားတယ်လေဗျာ၊ ပုံ နှစ်ဆယ်လောက် ခိုင်သွားတယ် မဟုတ်လား"

ကိုတောက်တဲ့ မျက်လုံးပြူးသွားပြီး ဘေးဘီကို မလုံသလို လှည့်ကြည့်ရင်း လေသံနဲ့. . .

"ဟေ့ကောင် ဒါ ငါ့ရပ်ကွက်နော် စွတ်ပြီး လွှတ်မနေနဲ့၊ ကြောက်လို့တော့ မဟုတ်ဘူး. . ဟိုကောင် ထေရီး ကြားသွားရင် မကောင်းဘူး ချိုးမှပဲ၊ ငါရှင်းမယ်. . မင်းပါးစပ်ပိတ်တော့"

အဲ့ဒီနောက် ကိုတောက်တဲ့တို့ ပွဲစားအုပ်စု ငြိမ်ငြိမ်ကုတ်ကုတ်နဲ့ ကျော်ရေး လော်ရေး တွေးကြ ပြောကြတယ်။

ခဏကြာတော့. . ရွှေမှိုနဲ့ရွှေရည်တို့ ညီအစ်မ ဈေးခြင်း





တောင်းဆွဲပြီး လမ်းထဲလျှောက်လာနေတာ ကိုတောက်တဲ့ တွေ့ပြီး မျက်နှာတစ်ခုလုံး ရွှေရောင်ဟပ်သလို ဝင်းထိန်သွားတယ်။

"အဟဲဟဲ. . လာပြီကွ၊ ကဲ. . ရော့ ဒီမှာပိုက်ဆံထားခဲ့မယ် မင်းတို့ဘာသာ ရှင်းလိုက်"

"ရှဲရှဲ. . ရှဲရှဲ. . အောင်မြင်ပါစေဗျာ"

အဲ့ဒီနောက် ကိုတောက်တဲ့ ဝိုင်းကထသွားမှ တစ်ယောက်က. . .

"ဒီလူ ကိုယ့်ရုပ်မှ ကိုယ်အားမနာဗျာ"

"ဘီလူးချော ချောပါတယ်ကွ မင်းကလဲ"

"မင်းတို့ သူတိုက်တဲ့ လက်ဖက်ရည်သောက်ထားတာနော် မျောက်ဝံကြီး ဘောင်းဘီဝတ်ထားသလိုပဲတော့ လုပ်လိုက်"

"ခွီးခွီး. . ဟား. . ဟား. . ဟား. . ဟား"



www.burmeseclassic.com

www.burmeseclassic.com



**ကို**တောက်တဲ့ ဆိုင်ထဲကထွက်လာတာမြင်တော့ အငယ်မ ရွှေရည်က အစ်မဖြစ်သူကို အသာလက်တို့တယ်။

"ဣန္ဒြေနဲ့နေစမ်း ရွှေရည်"

"အဟိဟိ . . အစ်မရှက်နေတာလား မသိဘူး"

"စိတ်မဝင်စားဘူး"

"ဝင်ငွေကောင်းတယ်နော် အစ်မ၊ ဝတ်ထားတာ အလန်း တွေချည်းပဲ"

"တော်တော့ ရွှေရည်"

ကိုတောက်တဲ့ လက်ဖက်ရည်ဆိုင်ထဲကထွက်ပြီး ကွမ်းယာ ဆိုင်ရှေ့မှာ ရပ်စောင့်ရင်း စီးကရက်တစ်လိပ် မီးညှိရှိုက်ဖွာနေလိုက် တယ်။ ရွှေမှိုတို့ညီအစ်မ အနားရောက်လာမှ ဘေးကနေ အသာ လိုက်လျှောက်ရင်း . . .





"ဈေးသွားကြမလို့လား"

"ဟုတ်တယ် ကိုကြီးတောက်၊ ဘာလဲ ဈေးလိုက်ဝယ်ပေးမ လို့လား၊ ရွှေရည်တို့က ဟင်းကောင်းစားတာနော်"

"အို . . ဂေါ်ဇီလာဆာတေး လုပ်ချင်လဲဖြစ်တယ် . . ဟဲ . . ဟဲ . . ဟဲ"

အငယ်မ ရွှေရည်က အမှန်ပြောရရင်က တောက်တဲ့ရဲ့ ဝင် ငွေကောင်းမှုကို အသိအမှတ်ပြုတယ်၊ အိမ်ပိုင်ယာပိုင်နဲ့ လူပျိုကြီး လည်းဖြစ်တော့ကာ သူ့အစ်မအပျိုကြီးနဲ့ အဆင်ပြေစေချင်ပုံရတယ် ခင်ဗျ။

"ကိုကြီးတောက် အရမ်းသောနေတယ်ပေါ့လေ"

"သြော် . . ရွှေရည်ရယ် ကိုကြီးတောက်က ပိုက်ဆံကို လျှာ ဖျားလေးနဲ့ပဲ ရှာတယ်၊ လျှာဖျားလေးနဲ့ ပြီးခဲ့တဲ့တစ်ပတ်က တစ်နာရီ လောက်ပဲ စကားထိုင်ပြောတာ ပုံးနှစ်ဆယ်လောက် အသားတင်ရ သိုက်တယ်"

"ဟင် . . သိန်းနှစ်ဆယ်"

"ဟုတ်တယ် အဲ့ဒါကြောင့် ကိုကြီးတောက်လည်း အိမ်ရှင်မ ကောင်းတစ်ယောက်နဲ့ . . ဘဝကို ပျော်ပျော်ရွှင်ရွှင် ရပ်တည်ချင်ပြီ ညီမလေးရာ"

"သြော် . . ရှာပေါ့ ကိုကြီးတောက်ရဲ့ မတွေ့သေးဘူးလား"

"တွေ့ပြီ မပြောရဲလို့ . . ဟဲဟဲဟဲ"

"ဘယ်သူလဲ ရွှေရည်ပြောပေးရင် ဘယ်လောက်ပေးမလဲ"

"အို စိတ်ကြိုက်ဝမ်းဆက်တစ်စုံ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ကယ်"

"ရွှေရည်. . အဘက မြန်မြန်သွား မြန်မြန်ပြန်ခဲ့လို့ မှာလိုက်တယ်နော် စကားပေါ်မနေနဲ့"

"အင်းပါ အစ်မရဲ့. . အခုလည်း အမြန်လျှောက်နေတာပဲဟာ"

"ဆိုက္ကားနဲ့ သွားမလား၊ ကိုကြီးတောက် ငှါးပေးမယ်"

"ငှါးနိုင်ရင် တက်စီငှါးလိုက်လေ ပိုမြန်တာပေါ့"

ရွှေမှီ ခတ်ရွှဲရွှဲလေးဝင်ပြောလို့ ကိုတောက်တဲ့ သဘောကျသွားပြီး ကားငှါးဖို့လှမ်းကြည့်လိုက်တယ်။ အဲ့ဒီအချိန်မှာလဲ ထေကြီးရဲ့ကားကို ရွှေမှီမြင်သွားပြီး. . .

"ဟော. . ဟိုမှာ ထေရီးကား၊ သူလည်း ဘာလက်တက္ကစီဆွဲနေတယ်တဲ့ ငှါးလိုက်လေ"

"အဲ. ."

ကိုတောက်တဲ့ ခေါင်းကုတ်ပြီး အင်းအဲ့လုပ်နေတုန်း အငယ်မက. . .

"ဟာ. . တဖုံးဖုံး တဂွမ်းဂွမ်းနဲ့ ကျက်သရေမရှိတဲ့ကားများ"

ဆိုတော့ကာ ကိုတောက်တဲ့ စကားအစရသွားပြီး. . .

"ဟုတ်တယ်ရွှေမှီရဲ့ ခဏလေး အခု နောက်ဝင်လာတဲ့ မော်ဒယ်အမြင့်ကား တက္ကစီတွေ အများကြီးပဲ၊ စိတ်သာချ ငှါးပေးမယ်"

"အိုး. . ဘာလုပ်မှာလဲ၊ ကိုယ့်ရပ်ကွက်သားအချင်းချင်းပဲ အားပေးမှာပေါ့"

ရွှေမှီပြောပြီးတာနဲ့ ထေရီးကားရှေ့ခန်းနား ပြေးသွားပြီး. .





"ဟဲ့. . ထေရီး၊ ဒီမှာ ကိုတောက်တဲ့က ငါတို့အတွက် ကားငှါးပေးမလို့တဲ့၊ နင်လိုက်မှာ မဟုတ်လား"

"အာ. . လိုက်မှာပေါ့အစ်မရ"

"ငါတို့ဈေးသွားမယ် ဟိုမှာ ခဏစောင့် ပြီးရင် အိမ်ပြန်ပို့ပေး အဲ့ဒါ ဘယ်လောက်ပေးရမလဲ"

ရွှေမှီက ကိုတောက်တဲ့တို့ မမြင်အောင် မျက်စိမှိတ်ပြပြီး မေးတာကို ထေကြီးနားမလည်သလို အူကြောင်ကြောင် ဖြစ်နေလို့၊

"ဟာ ရှုပ်ပါတယ်၊ ငါတို့ ခါတိုင်းငှါးစီးနေကြဈေးပဲယူလိုက်"

"အာ. . ရတယ်ရတယ်အစ်မ၊ အလကားတောင်ပို့ပေးရမှာ ကိုယ့်လမ်းသားတွေပဲဥစ္စာ. . လာလာတက် အစ်မ"

အဲ့ဒါနဲ့ ရွှေမှီက ကားရှေ့ခန်းကို နေရာယူလိုက်တယ် ဆိုတော့ကာ ကိုတောက်တဲ့နဲ့ ရွှေရည်တို့ အောက်သိုးသိုး မျက်နှာတွေနဲ့ နောက်ခန်းဖက်က တက်ဖို့ပြင်ကြတယ်။ အဲ့ဒီအချိန်မှာပဲ ထေကြီးကားစက်နှိုးလိုက်တယ်။

"ကစ်!. . ကစ်!. . ဖုံး!. . ဖေါင်း!. . ဖွတ်!. . ဝူး!!!"

"အမေ့!"

ရွှေရည်လန့်ပြီး မတက်ရဲတော့ဘဲ။

"တောက် ကားစုတ်ကားပြတ် ဒီမှာ လန့်ပြီး သေတော့မယ်"

ဒါကို ထေကြီးကပြန်ပြီး. .

"ဘာမှမပူပါနဲ့ ရွှေရည်၊ ဒီကားကို ကိုတောက်တဲ့ကိုယ်တိုင် ဆိုတ်ဝယ်ပေးထားတာ၊ ရှယ်. . အော်ဆင်း အော်ကြော"

"ဘာ. . နင့်ကားအစုတ်ပလုတ်ကို ကိုကြီးတောက်က လိုက်



www.burmeseclassic.com

www.burmeseclassic.com



ဝယ်ပေးတယ် ဟုတ်လား"

"ဩော်. . မေးကြည့်လိုက် အဲ့ဒီမှာ"

"ဝူး!. . ဖွတ်!. . ဖွတ်!. . ဖွတ်!. . "

"ဟုတ်လား. . ကိုကြီးတောက်"

"အင်း. . အဲ. . ဟဲဟဲဟဲ. . ဟိုလေ. . ဒီ. . ဒီ. . လိုပါ"

"ကဲ. . မိရွှေရည် နောက်ကျနေပြီနော် တက်မြန်မြန်"

အကြီးမ စိတ်မရှည်နိုင်သလို ဝင်ဟန့်မှပဲ ရွှေရည်နှုတ်ခမ်း လေးထော်ပြီး ကားပေါ် တက်လိုက်တယ်။ ကိုတောက်တဲ့ပါ ကားပေါ် ရောက်မှ ထေကြီးဘီးလှိမ့်ထွက်လိုက်တယ်။

"ဖွတ်!. . ဖွတ်!. . ဖူး!. . ဝူး!. . "

"တစ်ကယ်ပဲ ကိုတောက်တဲ့ဝယ်ပေးတာလား"

ရွှေမှီ မယုံသလိုမေးတော့ ထေကြီး မဲ့ပြုံးလေးပြုံးပြီး. . .

"ဒီလူ မစားကောင်းတဲ့အသီး စားတာ၊ ကားစုတ် အစ်မရှ ကျွန်တော်က ကိုယ်ရပ်ကွက်ထဲကလူပဲဆိုပြီး အားကိုးတာ၊ ကားစုတ် ထိုးထည့်ပြီး သိန်းနှစ်ဆယ်လောက် ကြိတ်သွားတယ်"

"ဟယ်. . ယုတ်မာလိုက်တာ၊ တွေ့မယ် ကားခကို နင်ေ တောင်းနဲ့ ငါတောင်းပေးမယ်"

"ဟုတ်အစ်မ၊ ဒါနဲ့ အလျှုလုပ်ဖို့လား ကားနဲ့ ဈေးဝယ်ထွက် တယ်ဆိုတော့"

"မဟုတ်ပါဘူးကွယ်၊ အဲ့ဒီကောင် ငါ့နောက်လိုက်ကပ်ပြီး ပိုးကြေးပန်းကြေးထုတ်နေလို့ ငါတမင် ကားငှါးလိုက်တာ"

"ဩော် ဒီလိုကိုး. . အစ်မရော သဘောကျလား"





"သွားစမ်းပါဟာ၊ ရပ်ကွက်ထဲ တောက်တဲ့လာဝယ် သူရှိရင် ပြောစမ်းပါ. . ငါ အဲ့ဒီကောင်ကို ရှောင်းချင်လို့"

"အာ. . ဟုတ်ပြီဗျာ. . ဟိုတစ်လောက ဖိုးထောင်ပြောတာ ခုမှသတိရတယ်"

"ဘာကိုလဲ"

"ဘာမှမဟုတ်ပါဘူး. . ဟဲဟဲဟဲ"

ဒါပေမယ့်. . ထေကြီးစိတ်ထဲမှာတော့ ကြိတ်ခဲထားလိုက် တယ်။

(တွေ့ပြီပေါ့ကွာ)





www.burmeseclassic.com

www.burmeseclassic.com








# အခန်း(၆)

ဖိုး ထောင်ဆက်သွယ်ပြီးခေါ်ပေးလို့ တောက်တဲ့ဝယ်တဲ့သူတွေ ထေကြီးဆီ ရောက်လာတယ်။

"ကိုထေကြီး ဆိုတာလား"

"ဟုတ်ကဲ့ဗျ၊ ကားဌါးမလို့လား"

"ဟာ. . မဟုတ်ပါဘူး၊ ကျွန်တော်တို့ တောက်တဲ့ လာဝယ်တာပါ"

"အိုး. . အဆင်သင့်ပါဗျ. . ဟဲဟဲဟဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ခင်ဗျားတောက်တဲ့က အကောင်ကြီးလား ကျွန်တော်တို့တာ အစိတ်သားမပြည့်ရင် မယူဘူးနော်"

"အဟုတ်ဟုတ် ခင်ဗျားတို့နှစ်ယောက် ထမ်းပြန်ရင်တောင် မနိုင်ဘူး. . စိတ်ချ ပိဿလုံးဒင်ဆိုတဲ့ကောင်မျိုး"

ဆိုတော့ကာ. . တောက်တဲ့ဝယ်တဲ့သူနှစ်ယောက် နှုတ်ခမ်းတွေကို လျှာနဲ့သပ်ပြီး အချင်းချင်း မျက်စပစ်ကြတယ်။ အဲ့ဒီနောက် ထေကြီးက ဦးဆောင်ခေါ်လာပြီး. . ။

"တောက်တဲ့က ကျွန်တော့်ဟာ မဟုတ်ဘူးဗျ၊ အဲ့ဒီအိမ်က ဝယ်တဲ့လူလာရင် ညွှန်ပေးပါဆိုလို့"

"ဒါနဲ့ ခင်ဗျားမြင်ဖူးလား"

"အာ. . သိပ်မြင်ဖူးတာပေါ့ဗျာ၊ လက်တွေခြေထောက်တွေ တုတ်တုတ်တိုတိုကြီးတွေ၊ ကျုပ်မြင်ဖူးသမျှ တောက်တဲ့ထဲမှာတော့ ရုပ်အဆိုးဆုံးပဲ"

"ခင်ဗျားနှယ်. . ဘယ်တောက်တဲ့က ချောနေလို့တုန်း"

"အဟဲ. . ဟဲဟဲ. . စကားအဖြစ်ပါ. . ဟဲဟဲဟဲ"

ဒါနဲ့ပဲ စကားတစ်ပြောပြောနဲ့ လျှောက်လာကြပြီး. . . ကိုတောက်တဲ့ခြံနားရောက်တော့မှ ထေကြီး ရပ်ပြီး. . ။

"ဟိုးကအိမ်ပဲ ခင်ဗျားတို့ဘာသာ ရအောင်ဝယ်၊ ဈေးကောင်းပေးလို့ကတော့ သေချာပေါက် ရောင်းမှာပဲ၊ ကျုပ်နဲ့ အဲ့ဒီလူက သိပ်အပေါက်အလမ်း တည့်တာမဟုတ်ဘူး၊ တစ်နေ့တစ်နေ့ ဒီတောက်တဲ့ပဲတဲ့နေလို့ မြန်မြန်ရောင်းထွက်သွား နားအေးရောဆိုပြီး ညွှန်ပေးတာ၊ ကဲ. . သွားပြီဗျာ"





"ဟုတ်ကဲ့ဗျ. . ဟုတ်ကဲ့ဗျ. . ကျေးဇူးပါပဲ"

ထေကြီး ထွက်သွားတယ်ဆိုရင်ပဲ တောက်တဲ့ဝယ်တဲ့ လူနှစ်ယောက် ခြံရှေ့ကို အပြေးရောက်သွားကြတယ်။ ထေကြီးကတော့ ကုက္ကိုပင်ကြီးဘေးနား ဝင်ကပ်ပြီး အခြေအနေကို စောင့်ကြည့်နေလိုက်တယ်။

"ဗျို့ဆရာ. . ဒီမှာ တောက်တဲ့ရှိတယ်ဆိုလို့"

အသံကြားလို့ လှမ်းကြည့်တော့ သူမမြင်ဘူးတဲ့ မျက်နှာစိမ်းနှစ်ယောက်ဖြစ်နေလို့ ကိုတောက်တဲ့ အိမ်ပေါ်ကဆင်းလာပြီး မေးတယ်။

"ဘာကိစ္စလဲဗျ"

"ဩော်. . ဒီမှာတောက်တဲ့ရှိတယ်ဆိုလို့ပါ"

"အင်း. . ရှိတယ်လေ ဘာကိစ္စလဲ"

"အဟဲဟဲ. . အရောင်းအဝယ်ကိစ္စပေါ့ ကိုယ့်ဆရာရယ်. . တဲဟဲဟဲ"

ဆိုတော့ကာ. . ကိုတောက်တဲ့လည်း ဟန်ကျပြီးဆိုပြီး. .

"ဟဲဟဲဟဲ. . မင်္ဂလာပဲဗျာ၊ ခင်ဗျားတို့ကံကောင်းတယ်. . ကျုပ်ဒီနေ့ နားချင်တာနဲ့ ဖုန်းပိတ်ပြီးတော့ကို နှပ်နေတာ၊ မဟုတ်ရင် မတွေ့ဘူးဗျ"

"ဟုတ်လား မင်္ဂလာပဲဗျာ၊ ဒါနဲ့ အကောင်တော်တော်ကြီးလား၊ ပြောတာကြားတာတော့ ပိဿာလုံးကောင်ဆိုလားလို့. ."

"ဗျာ!. . ဘာကောင်. . ဘယ်လို"

"ဟိုလေဗျာ. . ကျွန်တော်တို့ ဈေးမကြောက်ဘူး ကြိုက်ဈေး



www.burmeseclassic.com

www.burmeseclassic.com



တောင်းပါ ပစ္စည်းမှန်ပြီး အလေးပြည့်ဖို့ပဲလိုတယ်"

ကိုတောက်တဲ့ ခေါင်းကုတ်ပြီး. . .

"ခင်ဗျားတို့ အိမ်မှားနေပြီထင်တယ်"

"အာ. . မမှားပါဘူး၊ ဒီမှာ တောက်တဲ့ရှိတယ် မဟုတ်လား"

"အေး. . ရှိတယ်လေ ဘာကိစ္စလဲ"

"အရောင်းအဝယ်လို့ ပြောပြီးပြီးလေဗျာ"

"ဟုတ်ပြီ. . ဘာရောင်းမှာလဲ ဘာဝယ်မှာလဲ"

"ကိုယ့်ဆရာကလည်း ဒေါသကြီးလိုက်တာ၊ ဒီမှာ ပစ္စည်းမှန်ရင် ဆယ်ပုံးအနည်းဆုံးဗျ စိတ်ရှည်စမ်းပါ"

"ခင်ဗျာတို့ဟာက ဘာမှန်းမှမသိတာ"

"ကဲဗျာ. . ကျွန်တော်မေးမယ် တောက်တဲ့ရှိလား"

"ငါ့နှယ်ကွာ. . ရှိတယ်. . ရှိတယ်"

"ရောင်းမလား. . ဝယ်မယ်"

"ဘာရောင်းရမှာလဲ"

"ဟာ. . တောက်တဲ့လေ"

"ဘာ!. . "

"ဟာ. . ဟေ့လူ ခင်ဗျား ရင်ဘတ်လာမတွန်းနဲ့လေဗျာ"

"တွန်းတယ်. . မင်းတို့ ဘာလာလုပ်တာလဲ"

"တောက်တဲ့ လာဝယ်တာဗျ"

"ဟမ်!"

ကိုတောက်တဲ့ မျက်လုံးတွေ ပြူးထွက်သွားပြီး ဦးရွှာလူကို ပြေးလုံးတယ်။





"မင်းတို့က တောက်တဲ့ကိုမှား ဝယ်မတဲ့. . ခွေးမသား"

"ဟာ. . ဟေ့လူ. . ဟေ့လူ. . ခင်ဗျား. . ခင်ဗျား. . "

"ဟာ. . ကြာတယ်ကွာ. . "

"ဘုံး!!. . ဘုံး!!. . "

"ခွပ်!!. . ခွပ်!!. . "

အခြေအနေမကောင်းတော့လို့ ထေကြီးလည်း အသာလစ် ပြေးလာခဲ့တယ်။

"ဟင်း. . မှတ်ပလား ငါ့ကို ဖျံကျချင်တဲ့ကောင်"

ဌ ဌ ဌ ဌ



www.burmeseclassic.com

www.burmeseclassic.com



"**အုပ်**ချုပ်ရေးမှူး လာပြီဟေ့"

ရုံးအပေါက်ဝကနေ ဆယ်အိမ်မှူးသာဂေါင် လှမ်းအော်သံကြောင့် ရုံးထဲကစကားသံတွေ တိတ်ပြီး. . အုပ်ချုပ်ရေးမှူးကို လှမ်းကြည့်ကြတယ်။ အုပ်ချုပ်ရေးမှူး ဦးထင်ပေါ် မျက်မှောင်ကုတ်ချပြီး ဝင်လာရင်း သူ့စားပွဲမှာ ဝင်ထိုင်လိုက်တယ်။ အဲ့ဒီအချိန်မှာပဲ အုပ်ချုပ်ရေးမှူး ဖုန်းမြည်လာလို့ ဖုန်းလက်ခံလိုက်တယ်"

"အေး. . ပြော"

"ဒီမှာ မြေကွက်ဝယ်မယ့်သူတွေ ရောက်နေပြီ အုပ်ကြီး"

"ငါသိတယ် အခုလာမယ်၊ ဒီမှာ. . ရုံးမှာ သောက်မှုတစ်မှု တက်နေလို့ကွ. . ခဏနေ ငါလာမယ်၊ ဪ. . ငါ့တံဆိပ်တုံးထုပြီ လက်မှတ်ထိုးရင် သုံးသောင်းနော်. . အဲ့ဒါလည်း ပြောထားဦး"

"ဟုတ်ကဲ့ပါ"





အဲ့ဒီနောက် ဖုန်းပိတ်ပြီ စားပွဲပေါ် ချရင်း သူ့ရှေ့မှာ **ရောက်**နေတဲ့သူတွေကို ဝေ့ပြီးကြည့်လိုက်တယ်၊ ရွာအိမ်မှူး ဦးအုံး**ရွှေရော** ဆယ်အိမ်မှူး သာဂေါင်ပါ ရှိနေလို့ ဦးထင်ပေါ်က. . .

"ဦးရွှေအုံး ဘာလဲ. . ဘာဖြစ်တာလဲ"

"ဪ. . ဒီမှာ. . တောက်တဲ့ အရောင်းအဝယ်လုပ်ရင်း ပြဿနာဖြစ်ကြတာတဲ့"

ဆိုလာတော့ ဦးထင်ပေါ်က တောက်တဲ့ကိုလှမ်းကြည့်ပြီး. .

"ဟေ့ကောင် တောက်တဲ့"

"ဗျာ. . အဘ"

"မင်းတို့ပွဲစားတွေ သောက်ဖယားရှုပ်လှချည်လား"

"ဟာ. . ကျွန်တော်မရှုပ်ပါဘူး အဘ၊ ဒီကောင်တွေက **ရှုပ်**တာ"

"ဒီမှာ. . ဟိုနှစ်ယောက်ကလည်း"

"ကျွန်တော်တို့ မရှုပ်ပါဘူးဗျာ၊ ကျွန်တော်တို့က ရိုးရိုးသားသား အရောင်းအဝယ်လုပ်တာပါ"

"ဘာ. . မင်းတို့က ဘာလို့ တောက်တဲ့ဝယ်တယ်လို့ ပြောတာလဲ"

"ဟုတ်တယ်လေ. . တောက်တဲ့ပဲဝယ်တာ တောက်တဲ့မှ မဟုတ်ရင် အိမ်မြောင်လည်းမဝယ်ဘူး၊ ပုပ်သင်ညိုလည်းမဝယ်**ဘူး**ရှင်းလား"

"အဲဒါ စော်ကားတာ. . စော်ကားတာ"

"ကျုပ်တို့က ဘာစော်ကားလို့လဲ၊ တောက်တဲ့ဝယ်တာ **ဘယ်**



www.burmeseclassic.com

www.burmeseclassic.com



သူစော်ကားနေလို့လဲ”

“အဲဒါ စော်ကားတာ”

“ဒိုး!!”

ဦးထင်ပေါ်စားပွဲကို အားကုန်ထုပစ်မှပဲ အသံတွေပြတ်ကျတုန့်တယ်။

“ဒါ. . ရုံးကွ၊ မင်းတို့ ပထွေးအိမ်များ မှတ်နေလား၊ ပါးစပ်ပိတ်ထား ငါမေးတာပဲဖြေ”

အဲဒီနောက် ဦးထင်ပေါ်က အဝယ်သည်နှစ်ယောက်ကို စမေးတယ်။

“မင်းတို့ဖြေစမ်း မင်းတို့ ဒီရပ်ကွက်က မဟုတ်ဘူးဆိုတာ ငါသိတယ်၊ ဘယ်ကလာတာလဲ. . ဘာလာလုပ်တာလဲ”

“ကျွန်တော်တို့က သာကေတကပါ. . တောက်တဲ့ လာဝယ်တာပါ”

“ဘယ်သူ့ဆီမှာ”

“ဒီလူ့ဆီမှာ”

“ဟုတ်ပြီ ထားလိုက်. . ဟော့ကောင် တောက်တဲ့”

“ဗျာ”

“မင်းက တစ်ကယ့်တောက်တဲ့ ရောင်းတာလား”

“မဟုတ်ဘူးအဘ သူတို့ဘာသာမေးပြီ လာဝယ်တာ၊ ကျွန်တော်မှ မရောင်းတာ. . ရှိလည်းမရှိဘူး”

“ဟော့လူ ခင်ဗျား မိန်းမလျှာမလုပ်နဲ့၊ ကျုပ်တို့တောက်တဲ့ ရှိလားဆို. . . ရှိတယ်လို့ပြောတယ်လေ”





“အေး. . ရှိတယ်လေ”

“တွေ့လား. . ဥက္ကဋ္ဌ ဒီလူ ပြောင်လိမ်ပြောင်စားလုပ်တာ”

“ဘာကွ. . ရှိလို့ရှိတယ်ပြောတာ၊ မရှိတာမရှိဘူးလေကွာ”

“အေး. . ရှိရင်ဝယ်မယ်ဆိုတော့ ခင်ဗျားပဲ မင်္ဂလာရှိလိုက်တာဗျာဆိုပြီ ခေါ်ပြီးခေည့်ခံတာလေ”

“အေး. . အဲဒါက မင်္ဂလာရှိတာ၊ မင်္ဂလာ မရှိတာက မရှိဘူးကွ. . ချီးပဲ”

“ဟော့ကောင်တွေတော်စမ်း ငါသဘောပေါက်ပြီ၊ မင်းတို့က တောက်တဲ့ လာဝယ်တယ်၊ ဒီကောင်က တောက်တဲ့ရှိပေမယ့်. . . တောက်တဲ့မရောင်းဘူး၊ အဲ့ဒါပြဿနာပဲ. . .”

“ဟုတ်ကဲ့. . ဟုတ်ကဲ့”

“ဒါနဲ့ တောက်တဲ့”

“ဗျာ. . အဘ”

“မင်းမှာ ရောင်းဖို့ တောက်တဲ့ရှိလို့လား”

“မရှိဘူးအဘ”

“ဟေ. . မရှိပဲ မင်းက ဘာလို့ ခေါ်ပြီးဧည့်ခံသလဲ”

“အဲ့. . အဲ့ဒါ. . သူတို့က တောက်တဲ့ရှိလားဆိုတော့ ရှိတယ်ဆိုပြီးဧည့်ခံတာပါ”

“အေးလေ. . ရှိတယ် ဆိုပေမယ့် မရောင်းဘူးပြောလိုက်ရင် မပြီးဘူးလား”

“မဟုတ်ဘူးအဘ. . ကျွန်တော့်မှာက ရောင်းဖို့သပ်သပ်ရှိတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဟမ်!. ."

"တွေ့လား ဥက္ကဋ္ဌ. . ဒီလူ ပြောင်လိမ်ပြောင်စား"

"ဟော့ကောင်!"

"ဘာလဲ. . ဒီတစ်ခါ ခင်ဗျားကို တောက်တဲ့အရေခွာသလို ခွာပစ်မယ်. . လာလေ"

ဆိုတော့ကာ ဟိုဘက်သည်ဘက် ဝုန်းခနဲထရပ်ပြီး ရန်စောင်တုန်ကြလို့ အုပ်ချုပ်ရေးမှူးဦးထင်ပေါ်လည်း ဒေါသဖြစ်ပြီး သူ့စားပွဲကို ဝုန်းခနဲ ဆွဲလှန်ပစ်လိုက်တယ်။

"ဝုန်း"

"ဟာ. . ဖုန်း. . ဖုန်းပြုတ်ကျသွားပြီ"

"ကျကျကွာ. . ငါ့အုပ်ချုပ်ရေးကွ MPT ခွဲတမ်းက ငါ့လက်ထဲမှာ၊ လောလောဆယ် အဲ့ဒီကောင်တွေ ရဲစခန်းပို့လိုက် မဟုတ်ရင် ငါရိုက်သတ်မိတော့မယ်"









## အခန်း(၇)

ကိုတောက်တဲ့နဲ့ တောက်တဲ့လာဝယ်တဲ့ လူနှစ်ယောက် ဖြစ်ကြပြီး ရှုံးရောက်ဂါတ်ရောက် ဖြစ်ကုန်ကြတဲ့သတင်းက. . . တွက်ထဲမှာ ဖေါင်ပိတ်သတင်းဖြစ်ပြီး လူတိုင်းပြုံးကုန်ကြတယ်။

"ဒါကို ရွှေရည်လည်း အပြင်က ကြားလာပြီး"

"အစ်မရေ ကိုကြီးတောက်တို့ ရန်ဖြစ်လို့ အချုပ်ထဲ ရောက် တယ်တဲ့"

"ဟယ်. . ဘယ်လိုဖြစ်ကြတာတုန်း"



www.burmeseclassic.com

www.burmeseclassic.com



"နေ့လည်ခင်းက တောက်တဲ့လိုက်ဝယ်တဲ့ လူနှစ်ယောက်က တိုကြီးတောက်ဆီမှာ တောက်တဲ့လာဝယ်လို့ ထသတ်ကြတာတဲ့"

ရွှေမှီ မအောင့်နိုင်တော့ဘဲ ခွီးခနဲ ထရယ်တော့ ရွှေရည်တ. . .

"ဟင်. . အစ်မကလည်း သူများဒုက္ခရောက်တာကို ရယ်သေးတယ်နော်"

"မဟုတ်ပါဘူး. . ငါ့ဘာသာသဘောကျလို့ပါ. . အဟီးဟီးဟီး. . "

ဒါ ထေကြီးလက်ချက်ဆိုတာ ရွှေမှီ တွေးမိတာကိုး. . ။

ဟိုတစ်နေ့က ဈေးသွားရင်း ကားပေါ်မှာ တောက်တဲ့လာဝယ်တဲ့သူရှိရင် ပြောစမ်းပါဆိုတာကို ထေကြီးသဘောကျသွားတာ ခုမှပဲ သဘောပေါက်တော့တယ်။

ဒီကောင်လည်း မလွယ်တဲ့ ကောင်လေးပါလားလို့တွေးရင်း ရွှေမှီ့ရင်ထဲ ဖိုခနဲဖြစ်လာလို့ ကိုယ့်ဘာသာပဲ အာရုံပြောင်းပြစ်လိုက်ရတယ်။

(ဟင်း. . ငါ့နှယ် ဒီကောင်လေးကိုများ)

၅ ၅ ၅ ၅





အချစ်ရဲ့သဘောက စောကြောရ ခက်သားနော် ပရိသတ်၊ ဒီအပျိုကြီး မရွှေမှီက ထေကြီးထက် ဆယ်နှစ်တောင်ကြီးတာ ပရိသတ်လည်းအသိပဲ၊ အခု ဒီကောင်လေးကို အပျိုကြီး ရင်ခုန်တယ်ဆိုတော့ စဉ်းစားစရာဗျ။ ဒါပေမယ့်လည်း အကြောင်းတော့ရှိပါတယ်။ စကားကြုံလို့ပါ အတင်းပြောတာတော့ မဟုတ်ပါဘူး။ အဲ. . အဲ. . အဲ့ဒီတုန်းက ရွှေမှီတို့အမေဆုံးတော့ အိမ်မှာ ရက်လည်ဆွမ်းသွပ်သုပ်ကြတယ်ဗျ။

ရပ်ကွက်ထဲမှာ အလှူမုန့်ဟင်းခါးနဲ့ ပတ်သက်လာရင် ဒေါ်ထွေးလက်ရာကို ဘယ်သူမှ မမှီဘူးလေဗျာ။ ဆိုတော့ကာ. . . ဒေါ်ထွေးကို အိုးသူကြီးခန့်တော့ အမေ့ကိုကူဖို့ ထေကြီးလည်း ပါလာတာပေါ့ ထေကြီးက နာမည်သာမလှတာ လူကတော့ လူချောဗျ။

စကားပြောလည်းရည်မွန်၊ အလုပ်အကိုင်ကလည်း သွက်



www.burmeseclassic.com

www.burmeseclassic.com



လက်ချက်ချာလို့ ခင်မင်သူတွေလည်း ပေါပါတယ်။ မှတ်ချက်နဲ့ ပြောရရင် ရွှေရည်နဲ့တော့ သိပ်အကြောမတည့်ဘူး၊ သူတို့က သက်တူရွယ်တူတွေလည်းဖြစ် ငယ်ဂုဏ်လေးနဲ့ ကိုယ့်မာနနဲ့ကိုယ် နေကြတော့ အဆင်မချောဘူး၊ ရွှေရည့်ရုပ်ရည်ကလည်း ပြည့်ပြည့်စုံစုံ အသိုင်းအဝိုင်းနဲ့သာနေရရင် တစ်ကယ့်မော်ဒယ် မင်းသမီးပုံကို ထွက်မှာ၊ ခုလောက်လေး သာမန်ဘဝနဲ့ နေနေရတာတောင် ရွှေရည်ရဲ့ အလှက ထင်ထင်ရှားရှား ဖြစ်နေတာလေဗျာ။

ဆိုတော့ကာ. . အရပ်ထဲက သက်တူရွယ်တူတွေကြားမှာ ရွှေရည်နဲ့ထေကြီးကတော့ မကြာခင် တစ်တွဲဖြစ်တော့မယ်လို့ ထင်ကြေးပေးကြတာပေါ့၊ အဲ့ဒါကို ရွှေရည်ကြားလေ ဒီလိုပဲဟင်းသည်နဲ့ များဆိုပြီး ပေါက်ကွဲလေပေါ့။ အဲ့သလို. . . အဲ့သလိုဗျ. . . ။

အဲ့. . အဲ့. . စကားလမ်းလွှဲတော့မယ်၊ နာရေးအလှူမှာ ထေကြီးတို့သားအမိ ဟင်းချက်ကြရောဗျ၊ ဒေါ်ထွေး မုန့်ဟင်းရည် ကောင်းတာလည်း မပြောနဲ့၊ သူများတွေက ညဦးပိုင်း ဟင်းအနှစ်ကျ ချက်ထားပြီး မနက်ကျမှ ရေထည့်ပြီး ဆူအောင်ထည့်တာ၊ ဒေါ်ထွေး ဖေါ်မြူလာက မတူဘူး၊ ညဦးကတည်းက အားလုံးပြင်ဆင်ပြီး ရေပါလိုသလောက် အပြီးထည့်တယ်၊ တစ်ညလုံး မီးအေးအေးနဲ့ နှပ်ပြီး ဟင်းရည်ကျအောင် တည်ထားတာ၊ မနက်ကျမှ ငှက်ပျောအူထည့်၊ အပေါ့အငန် အချိုအလေး လိုအပ်တာ ထပ်ဖြည့်ပြီး ဘဲဥပြုတ်စိတ်ပြီးသားကို နန်းချင်းဖြစ်အောင် ထည့်ချက်တာလေ. . . ။

ဆိုတော့ကာ. . တစ်ညလုံး တယ်ထားတဲ့ ဟင်းရည်ကျတာ မကောင်းခံနိုင်တော့မလား၊ ဒါပေမယ့် အောက်ထိုင်ပြီး မတူးမကာ





အောင် ထေကြီးကတော့ တစ်ညလုံးထိုင်မွှေရတယ်ဗျ၊ လူလဲမရှိဘဲ တစ်ယောက်တည်းဆိုတော့ အကြီးမရွှေမှီ အားနာပြီး မနက်(၂) နာရီလောက်ထပြီး ဝိုင်းကူမွှေပေးတယ်၊ အဲ့ဒီမှာ ဖြစ်ချင်တော့ သရဲခြောက်တယ်ဗျ။

ဒါက တရားဝင်မဟုတ်တဲ့ အရပ်စကားပါ၊ အဲ့ဒီအိမ်မှာ အလုပ်အကိုင် ဝိုင်းကူကြတဲ့ မိန်းမတစ်သိုက်ဆီက ကြားရတဲ့သတင်းပေါ့၊ ရွှေမှီတို့အမေ ဒေါ်ရွှေက မကျွတ်ဘူးတဲ့. . ၊ တစ်အားနဲ့ကို ခြောက်တယ်ဆိုပဲ၊ အဲ့ဒီနေ့မနက်က ရွှေမှီက ထေကြီး အိပ်ခိုင်းပြီး သူမက ဟင်းအိုးစောင့်မွှေတယ်၊ ထေကြီးက သူ့တာဝန်ဆိုတော့ အဲ့ဒီဟင်းအိုးနားကခုံမှာ ထိုင်လျှက်မှေးလိုက်တယ်ပေါ့၊ မကြာဘူး. . ရွှေမှီယောက်မပစ်ချပြီး ထေကြီးကို အားကုန်ဖက်ငိုသတဲ့၊ ထေကြီး ထန့်နိုးပြီး အစ်မဘာဖြစ်တာလဲလို့ မေးတော့ ဗလုံးဗထွေးနဲ့ အမေ အမေဆိုပြီး ငှက်ပျောပင်တွေစိုက်ထားတဲ့ အိမ်နောက်ဖက် လက်ညှိုးထိုးပြတယ်၊ ထေကြီးလည်း ကြည့်တာပဲ. . ဘာမှမတွေ့ဘူး။

ရွှေမှီကတော့ ထေကြီးရင်ဘတ်ပေါ် မျက်နှာကပ်ပြီး ချုံးပွဲချ ငိုနေတော့လို့ ထေကြီး အလိုက်သင့်လေး ပြန်ဖက်ပြီး နှစ်သိမ့်တယ်။

အစ်မ မကြောက်ပါနဲ့ဗျာ၊ မဟုတ်လည်း ကိုယ့်အမေပဲဟာ ချွန်တော်လည်း ရှိနေတာပဲ၊ လာ. . လာ. . အစ်မ အိမ်ပေါ်တက်တော့ဆိုပြီး ထေကြီးကိုယ်တိုင် တွဲပြီး လိုက်ပို့ပေးတယ်၊ ဒါကို အဲ့ဒါထစွန့်ရင်း အစအဆုံး မြင်တဲ့သူကရှိတော့ မိန်းမချင်းတွေကြားထဲ 'အခွေသစ်' ဖြစ်သွားတာပေါ့၊ ဘာပဲဖြစ်ဖြစ် ထေကြီးကတော့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ထက်အသက်ကြီးတဲ့ ကိုယ့်အစ်မဆိုတဲ့စိတ်နဲ့ အဲ့ဒီမနက်ပြီးတဲ့ နောက်ပိုင်း ဘာမှမသိ ဘာမှမရှိတော့ပေမယ့်. . ရွှေမှိုကတော့ အဲ့ဒီ အဖြစ်အပျက်ကို ပြန်တွေးတိုင်း ရှက်နေမိတယ်။

ပိုဆိုးတာက. . နောက်ကွယ်က အတင်းစကားကို သူမ ပြန်ကြားရတော့ ပိုရှက်တာပေါ့။ နားမလည်နိုင်တာက အဲ့ဒီစိတ်ကပဲ ထေကြီးကို ရင်ခုန်တတ်လာအောင် တွန်းပို့သလား ဘာလားတော့ မသိဘူးဗျ၊ ဒီအကြောင်း တွေးမိတိုင်း ထေကြီးရင်ခွင်ထဲက သူမ ကိုယ်သူမ ပြန်မြင်ပြီး ရင်တွေတဒိန်းဒိန်းပဲ. . .။

အဲ့ဒါကြောင့် အချစ်သဘောက စောကြောရခက်တယ်လို့ ပြောတာ၊ ထေကြီးကို လှမ်းကြည့်တော့လည်း ရပ်ကွက်ထဲက တစ်ခြားလူငယ်တွေနဲ့ နှိုင်းစာရင် စာရိတ္တနဲ့ စရိုက်က နံပါတ်တစ်ပဲ။

မရှိဆင်းရဲ ပညာနည်းပေမဲ့ မိခင်ကို ကျိုးကျိုးနွံနွံ ရှာကျွေးပြီး စောင့်ရှောက်တယ်။ ခုတော့ ထီတွေဘာတွေ ပေါက်ပြီး ကိုယ်ပိုင် ကားနဲ့ဘာနဲ့. .။

အို. . ဒီခေတ်မှာ ခြောက်ဆယ်ကျော်နဲ့ ဆယ်ကျော်သက်တွေ ဇာတ်လမ်းတောင်ရှိတာ၊ ငါတို့က ဘာကွာလို့လဲလို့ ဖြေတွေးလေး တွေးလိုက်တော့. . ဟဲဟဲ. . အဲ့ဒါ. . အဲ့ဒါ. .။









# အခန်း(၈)

မနက်ခင်း နှစ်ကြောင်းသုံးကြောင်းလောက် ပြေးရှာမည်ဟု စိတ်ကူးပြီး ကားထွက်ဖို့ ပြင်ကာမှ ကားစက်နှိုးလို့ မရတာကြောင့် ထေကြီးစိတ်ညစ်ပြီး ထိုင်နေတုန်း ဖိုးထောင်ရောက်လာတယ်၊

"ထေရီး"

"အင်း. . ပြော"

"ဘယ်လိုဖြစ်တာလဲကွာ မင်းမျက်နှာက မကြည်မသာနဲ့"

"ကားလေကွာ လုံးဝကို နှိုးလို့မရတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မရလည်း ထားလိုက်ကွာ စိတ်ညစ်တယ်၊ ငါစဉ်းစားလာတဲ့ အစီအစဉ်လေးတောင် ပျက်သွားပြီ"

"ဘာလဲ"

"နေ့ဝစေတော့ နောက်မှပဲ၊ လက်ဖက်ရည်ဆိုင်သွားမလား"

"အေးကွာ. . သွားမယ်"

ထေကြီး ကားဘေးနား ခြေပစ်ထိုင်နေရာမှထပြီး. . .

"အမေ. . သား လက်ဖက်ရည်ဆိုင်ခဏ"

"အေးအေး. ."

အဲ့ဒီနောက် နှစ်ယောက်သား ဆိုင်ဘက် လမ်းလျှောက်ကြတယ်။

"မင်းမိန်းမအခြေအနေရော"

"ကောင်းနေပါပြီ"

"အေးကွာ. . ဂရုစိုက်လိုက်ပါ"

"စိုက်တယ် သူက နဂိုကတည်းက ကျန်းမာရေး မကောင်းလို့ ငါ့လောက်ဂရုစိုက်တဲ့လူ ရှိမလားကွာ"

"အေးပါ ငါနားလည်လို့တော့ မဟုတ်ပေမယ့် အကြံတော့ပေးချင်တယ်"

"ဘာလဲ"

"သူ ကျန်းမာရေးမကောင်းတော့ သားသမီးယူတာတို့ ဘာတို့ ခဏရှောင်ထားရင် ကောင်းမလားလို့"

"အား. . အမှန်ပေါ့ သူငယ်ချင်းရာ၊ ဆရာတို့ကလည်း အဲ့သလိုပဲ မှာတယ်၊ သူက နှလုံးအားနည်းတာ အဓိကကွ၊ အဲ့ဒါကြောင့်





ကိုယ်ဝန်တားဆေးကို ငါပဲသောက်လိုက်တယ်"

"ဟမ်!"

"နှလုံးသမားက အဲ့ဒီဆေးဒဏ်ကို မခံနိုင်ဘူးလေကွာ၊ ဒါပေမယ့် တစ်နေ့တစ်လုံး မှန်မှန်သုံးရတဲ့ ကိစ္စကရိကထ များတယ်ကွ၊ အခု သုံးလခံ ခြောက်လခံအပြင် တစ်နှစ်ခံ ထိုးဆေးတွေတောင်ပေါ်နေတာ၊ အဲ့ဒါ ငါဆရာဝန်နဲ့ တိုင်ပင်ပြီး ဆေးသွားထိုးလိုက်ရင် ကောင်းမလားလို့"

"ဟကောင်ရ"

"ဘာတုန်း"

"မင်းမဟုတ်သုတ်ခတွေ လျှောက်မပြောနဲ့ကွာ"

"ဟာ. . အတူတူပဲမဟုတ်လား"

အူတူတူမျက်နှာနှင့် မေးနေသော ဖိုးထောင်ကိုကြည့်ပြီး ထေကြီး ခေါင်းတွေကုတ်ပစ်တယ်။ ပြီးမှ. . .

"မင်းမဟုတ်တော့ဘူးကွာ အဲ့သလောက် အ,နေရင်ဆရာဝန်နဲ့တိုင်ပင်ပြီး ဖြတ်ထုတ်ပစ်လိုက်"

"ဗုဒ္ဓေါ!"

"သားကြော. . သားကြော. . ငါ့နှယ်"

အဲ့သလိုနဲ့ လက်ဖက်ရည်ဆိုင် ရောက်လာကြပြီး အပြင်ဝိုင်းမှာပဲ ထိုင်လိုက်တယ်။

"ဘာသောက်မလဲ"

"သားကြောနှစ်ခွက်၊ အဲ. . အဲ. . ကျ. . ကျဆိမ့်နှစ်ခွက်"

ဖိုးထောင် သူ့ဘာသာ အာယားသွားပြီး ပါးပြင်တွေ ကုတ်



www.burmeseclassic.com

www.burmeseclassic.com



ပစ်ရင်း တစ်စုံတစ်ခု သတိရသွားဟန်နှင့်. . .

"အာ. . မေးဦးမယ်၊ ကိုတောက် အချုပ်ထဲရောက်သွားတာ မင်းလက်ချက်လား"

ထေကြီး သတိကြီးကြီးနဲ့ ဘေးဘီလှည့်ကြည့်ပြီးမှ ခေါင်း ညိတ်ပြလိုက်တယ်။

"ဘာဖြစ်လို့လဲ"

"ကောင်းတယ် အဲ့ဒီလူလည်း ခံရမှအေးမယ်"

"ငါက အဲ့သလောက်အထိ မရည်ရွယ်ပါဘူးကွာ"

အဲ့ဒီအချိန်မှာပဲ ကိုတောက်တဲ့ရဲ့ ပွဲစားအုပ်စုတွေ ဆိုင်ထဲ ဝင်လာကြလို့ ထေကြီးအသာလက်ကုတ်ပြီး စကားလမ်းကြောင်း ပြောင်းလိုက်တယ်။

"မင်းပြောမယ့် အစီအစဉ်ဆိုတာ ဘာလဲ"

"ဘယ်ဟာလဲ"

"ငါ့အိမ်ရှေ့မှာတုန်းကလေကွာ"

ဖိုးထောင်သတိရသွားပြီး. . .

"သြော်. . ဟိုဟာပါ။ ဒီလိုလေ ငါတို့ စီးပွားရေးပုံစံသစ်တစ် ခု ပြောင်းကြည့်ရင် ကောင်းမလား"

"အမယ်ကျယ်ကျယ်ကြီးကြီး"

"ကြီးရမယ်ကွ၊ ဈေးကွက်စီးပွားရေး သိတယ်မဟုတ်လား"

"အင်းပါ. . ပြောစမ်းပါ"

"ဒီလိုကွာ. . ငါတို့ အရင်တုန်းက ပဲဟင်းနဲ့ ငါးပိကြော်ကို လမ်းလျှောက်အော်ရောင်းကြတယ် မဟုတ်လား၊ အခု ကားနဲ့ လှည့် ရောင်းကြမလား၊ ကားနဲ့ဆိုတော့ ရပ်ကွက်တွေ မြို့နယ်တွေ၊ ဈေး လမ်းဆုံတွေကအစ အများကြီးရောင်းနိုင်တယ် ကားခနဲ့ ဆီဘိုးတို တော့ ငါတို့မျှခံကြတာပေါ့ ဘယ်နှယ့်လဲ"

ထေကြီး မျက်ခုံးကြောရှုံ့အောင် စဉ်းစားပြီး. . .။

"ကောင်းတာတော့ ကောင်းတယ်၊ ဒါပေမယ့်. . ကားမ ကောင်းတော့ မင်းပြောတဲ့အစီစဉ်ကို အနှောင့်အယှက်ဖြစ်မယ်ကွ၊ အခုတောင် အိမ်ပဲပြင်ရမလား ကားပဲပြင်ရမလား ဘာလုပ်ရမှန်း မသိဘူး ဖြစ်နေတယ်"

ဖိုးထောင် ခေါင်းတဆတ်ဆတ် ညိတ်ရင်းက. . .။

"ငါ့အတွေးကတော့ ကားကိုနည်းနည်းပြင်ပြီး အိမ်ကို များ များပြင်လိုက်ကွာ၊ ပြီးမှ မင်းကား အငှားလိုက်ခကို ပြန်စုပြီး ကားထဲ ထည့်ပေါ့၊ ဘာပဲပြောပြော. . အိမ်ရှေ့မှာ ကိုယ်ပိုင်ကားနဲ့ အိမ်ကျ တော့ စုတ်ချာရွဲ့စောင်းလို့၊ ဒါဟာ. . အမြင်မတော် ဆင်တော်နဲ့ခ လောက်ကွ"

"မင်းပြောတာလည်း မဆိုးပါဘူး၊ ဒါပေမယ့် နွားမကြီးက သားနွားလေး မွေးပေးနိုင်တာကွ၊ အဲ့ဒီတော့ နွားမကြီး ကျန်းမာဖို့လို တယ်"

ဖိုးထောင် ရုတ်တရက် နားမလည်နိုင်တော့ကာ ထေကြီး တ. . .

"ဒီလိုလေကွာ လောလောဆယ် ကားက ငါ့ရဲ့ ပင်မစီးပွား ရေးဖြစ်သွားပြီ၊ ကားကောင်းရင် ပိုက်ဆံရှာလို့ရတယ် ပိုက်ဆံရှိရင် အိမ်ပြင်ဆောက်ရုံတင်မကဘူး ရွှေပါချထားလို့ရတယ်၊ လောလော





www.burmeseclassic.com

www.burmeseclassic.com



ဆယ် လူမြင်မတင့်တယ်တာတော့ အမှန်ပဲ၊ ဒါပေမယ့် အမြင်တင့်အောင် လုပ်ထားလို့ အဲ့ဒီမျက်လုံးတွေက ငါ့ကိုဘာမှ အကူအညီပေးမှာ မဟုတ်ဘူး"

ဖိုးထောင် ပြုံးပြီး ချီးကျူးတယ်။

"မင်းတောင် အတွေးအခေါ်တွေ အဆင့်မြင့် လာပြီပဲကွ၊ အေးပါ. . ကောင်းပါတယ်၊ ကဲ. . ပြန်ကြမယ်၊ ငါလည်း ဈေးခဏပြေးရဦးမယ်"

"အေးအေး. . သွားနှင့်လေ ငါရှင်းလိုက်မယ်"

ဖိုးထောင် ထွက်သွားမှ သူသေချာထိုင်တွေးတယ်။ ကားပြင်မလား၊ အိမ်ပြင်မလား. . . ။









# အခန်း(၉)

ဝေကြီးရဲ့ ဆုံးဖြတ်ချက်ကတော့ ကားပြင်ဖို့ပါ။ အဲ့ဒါကြောင့် ဝပ်ရှော့ဆရာကို အငှါးကားနဲ့ သွားပင့်လာပြီး ပထမအဆင့်အနေနဲ့ကုန်ကျစရိတ် ခန့်မှန်းနိုင်ဖို့ စစ်ဆေးတယ်။

"ဒီကားကို ကျွန်တော်မှတ်မိတယ်ဗျ"

"ဟုတ်ကဲ့ ပြောပါဆရာ"

"ကျွန်တော်တို့ဝပ်ရှော့မှာ အကြိမ်ရေအများဆုံး လာပြင်တဲ့ကားအဖြစ်နဲ့ မှတ်တမ်းတင်ထားတဲ့ကားပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ!. ."

"ဖရိန်တွေပြုတ်လို့. . ပိုးပြီးဆက်ထားတဲ့နေရာက သုံးခုလောက်ရှိတယ်၊ ဘော်ဒီမှာ သံသားက သိပ်မရှိတော့ဘူး၊ ပတ္တီးသားနဲ့ ဆေးပဲ ရှိတော့တယ်၊ တာယာတွေ ပန်းကုန်နေပြီ၊ ကျွတ်တွေလည်း မကောင်းဘူး၊ ကျူပင်တွေ ပြုတ်ဖူးတယ်၊ ဂီယာဘောက် ဖြုတ်ချပြီးပြင်တာ ရှစ်ခါ၊ ကလပ်အုံကတော့ မေးမနေနဲ့၊ အင်ဂျင်အပေါ်ဖွင့်အောက်ဖွင့် လေးခါ၊ တစ်လုံးလုံးဆွဲချပြီး ပြင်တာ သုံးခါ၊ အပေါ်ယံ ဆီလိုင်း မီးလိုင်းလုပ်တာတော့ ဘယ်နှစ်ခါမှန်းတောင် မသိတော့ဘူး၊ ကျွန်တော်မှတ်မိသလောက် တစ်စီးလုံး All Round ကိုင်တာပဲ သုံးကြိမ်ဗျာ၊ စတီယာရင် ကော်လံရှပ်၊ စပိုက်ဒါဘော၊ နောက်အိပ်စယ်. . ဒီဖရန်ရှယ်ဂီယာ. . အိုအစုံပဲဗျာ"

ထေကြီး စိတ်ညစ်သွားပြီး. . .

"ဟုတ်ပါပြီဆရာရယ်၊ ကျွန်တော်ရဲ့ နွားမရွှံ့ပိတ်ကားက ချင်းဆယ့်နှစ်ပိဿာ သိပ်ထားတဲ့ ရှောက်သီးချဉ်စပ်ကို ခုနေပြင်ရင် ဘယ်လောက်ကျမလဲဆိုတာ အမိန့်ရှိပါ"

ဆိုတော့ကာ ဝပ်ရှော့ဆရာက. . .

"ပြင်ရင်တော့ ဆယ်ပုံးအောက်ထစ်ပဲ၊ ဒါ. . ပတ်ကားပေါ့၊ လောလောဆယ် သုံးလို့ဖြစ်အောင်ပြင်ရင် နှစ်ပုံးသုံးပုံးလောက်တော့ ချောလိမ့်မယ်၊ ဒီကောင် ဘရိတ်လိုင်းလည်း မကောင်းဘူးနော်"

"ဟုတ်ကဲ့ပါ၊ လောလောဆယ်လည်း ကြမ်းတုံးအားကိုးပြီး မောင်းနေရတာပါ၊ အင်ဂျင်ပိုင်း နည်းနည်းကောင်းလာရင်တော့. . ဘရိတ်လိုင်းလုပ်ပြီး တာယာတွေကျွတ်တွေ လဲဖို့လည်း စဉ်းစားထား





ပါတယ်"

"ဒါဆိုလည်း ခင်ဗျားသဘောလေ၊ ကျွန်တော်က သိပ်ပြီးငွေကုန်မခံစေချင်ဘူး၊ ဖျက်သိမ်းစီနီယာ တွက်ကြည့်ရင် ဒီကောင်လည်း သိပ်မကြာတော့ဘူးဗျ၊ အဲ့ဒါကြောင့်ပါ. . ."

"ဗျာ!. . ဘယ်လို. . ဘယ်လိုဗျ"

"ဒီလိုလေ. . အခု အကွာရာနံပါတ်နိမ့်တဲ့ကားတွေ စပြီးဖျက်သိမ်းနေပြီ မဟုတ်လား၊ အဲ့ဒါကို ရှေ့နောက် စီနီယာတန်းစီလိုက်ရင် ခင်ဗျားကားလည်း သိပ်မဝေးတော့ဘူး၊ အဲ့ဒါပြောတာ. . ."

ထေကြီး အတော့်ကို ခံစားသွားရတယ်။ ရက်ရက်စက်စက် ရိုက်စားသွားတဲ့ တောက်တဲ့ကိုလည်း အမြန်ဆုံး မေတ္တာပို့မိသွားတယ်။

"အေးဗျာ. . လောလောဆယ် ရသလောက်နိုင်းစားရမှာပဲ၊ လှုပ်လို့ရအောင်တော့ ပြင်ရမှာပဲ. . မတတ်နိုင်ဘူး"

အဲ့ဒါနဲ့ပဲ ထေကြီးကားပြင်ဖြစ်သွားတယ်၊ ဝပ်ရှော့ဆရာ အိမ်ပင့်ပြီး ပြင်တာဆိုတော့ အဆင်ပြေပြေပါပဲ၊ ကားပြင်စရိတ်က လေးသိန်းကျော်ကျော်လောက်ဆို လောက်ငှတော့. . ကျန်တာကို အိမ်ပြင်ဖို့ ဆုံးဖြတ်တယ်၊ အဲ့ဒါကြောင့် ရွှေမှီတို့အဖေ လက်သမားဆရာကြီးဆီ ပြေးရပြန်ရတာပေါ့။

"ဟာ!. . ထေကြီးပါလား လာဟေ့"

"ဟုတ်ကဲ့ အဘ"

ထေကြီး အိမ်ပေါ်တက်သွားပြီး ဦးကြာမောင်ခြေရင်းမှာ ဝင်ထိုင်တော့ အခန်းထဲက ရွှေမှီထွက်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် အစ်မ. . အလုပ်မဆင်းဘူးလား"

အဲ့ဒီအခါမှာ အဘဦးကြာမောင်က ကွမ်းခုထားတဲ့ အသံနဲ့. . .

"အေးကွာ မိုးပဲခေါင်တာလား၊ ခွေးပဲဟောင်တာလား. . မပြောတတ်ပါဘူး စက်ရုံဝန်ထမ်း အင်အားလျှော့ချတဲ့အထဲမှာ မင်းတို့အစ်မပါလို့ အလုပ်မဆင်းရတော့ဘူးလေ"

"ဟောဗျာ. . ရွှေရည်ကရော"

"အေး. . သူတစ်ယောက်ကပ်ကျန်နေခဲ့လို့ တော်သေးတာပေါ့ကွ. . ငါ့နှယ်၊ ဩော. . ရွှေမှီရေ လက်ဖက်ကလေးသုတ်ဦးဟ ဒီမှာ ရေနွေးရှိတယ်"

"ဟုတ်. . အဘ"

ရွှေမှီ မီးဖိုခန်းဘက် ဝင်သွားမှ ဦးကြာမောင်က. . .

"ကိုင်း. . ဘာကိစ္စ"

"ကျွန်တော်အိမ်ပြင်ချင်လို့အဘ၊ ကျွန်တော့်မှာ ပိုက်ဆံဆယ်သိန်းလောက်ရှိတယ်၊ အဲ့ဒါနဲ့အဆင်ပြေအောင် အိမ်လေးပြန်ပြင်ဆောက်ချင်တယ်"

"ဩော်. . အေး. . ဖြစ်တာပေါ့ကွ၊ သွပ်မိုးထရံကာလေးလုပ်လိုက်ပေါ့၊ မင်းအိမ်က တိုင်တွေကောင်းသေးတာပဲ၊ မြေဝင်တွေဖြတ်ထုတ်ပြီး အုတ်ဖိနပ်ထည့်လိုက်၊ ခင်းပြင်တွေ ကောင်းသေးလား"

"ကောင်းတယ်အဘ၊ ရေကပြင်နေရာတော့ လဲရမယ်ထင်တယ်"

"ဟုတ်ပြီလေ. . ဘယ်တော့လုပ်မလဲ"





"အဘအဆင်ပြေတဲ့နေ့ လုပ်ပါ"

"အေးအေး. . မောင်ဒွေးတို့ ဟိုဖက်လမ်းက အိမ်လက်စသပ်နေတာဆိုတော့ နောက်နှစ်ရက်လောက်ဆို မင်းအိမ်ကို ဝင်ပေးမယ်လေ"

"ဟုတ်ကဲ့အဘ၊ လက်သမားခကို အဘဆန္ဒအတိုင်း ယူပါ"

"အမလေး. . မယူပါဘူးကွာ နေ့စားခနဲ့ပဲ ရှင်းပေး၊ မင်းအိမ်က နှစ်ရက်ဆို အဖြူထည်ပြီးပြီး အားလုံးလေးရက်ပေါ့၊ မောင်ဒွေးတို့သုံးယောက်ကို တစ်ရက်လေးထောင်ပေးလိုက်၊ ငါလည်းလေးထောင်ပဲ၊ အဲ့ဒီကောင်တွေ မခိုမကပ် လုပ်နိုင်အောင် ငါလာထိုင်ပြီးခိုင်းပေးမယ်၊ ကိုင်း. . ရမလား"

"ဟာ. . ရပါတယ်. . ရပါတယ်"

"ကဲ. . လက်ဖက်သုတ်ရပါပြီရှင့်"

ရွှေမှီလက်ဖက်သုတ် ပန်းကန်ချပေးရင်း ဝင်ထိုင်ကာမေးတယ်။

"နေပါဦး. . ငါမေးပါဦးမယ်၊ ကိုတောက်တဲ့ကိစ္စ နင်မဟုတ်လား"

"အဟီး. . ဟီး. . ဟီး. . အစ်မဘယ်လိုလုပ်သိလဲ"

"သိတာပေါ့. . ကောင်းတယ် ငါတော့ဝမ်းသာတယ်၊ ငါကော [illegible]တို့ ခပ်တုံးတုံးကောင်ထင်ထားတာ. . ဒီလိုတော့လည်း ဉာဏ်ကောင်းသား. . အဟင်း. . ဟင်း"

"အမှန်တော့ ခံရပါများပြီး နာတတ်လာတာပါ အစ်မရယ်၊ ကျွန်တော် သူများဒုက္ခရောက်အောင် မကြံစည်ရဲပါဘူး၊ ဒီလူတိုတ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ယုတ်စိတ်ပုပ် ရှိလွန်းလို့ပါ"

"ဘယ်သူလဲ . . တောက်တဲ့လား"

"ဟုတ်ကဲ့ အဘ"

"အာ. . သူ့အဖေ အိမ်မြှောင်က ပိုဆိုးတာပေါ့ကွ၊ တစ်လောကလုံးလိုက်ပြီး စုတ်ထိုးနေလို့ ငါတို့ရပ်ကွက်ထဲ ဖိုးသိုးဖတ်သပ်လိုက်ကုန်တာ နည်းလို့လား၊ အိမ်ပွဲစားလိုလို စိန်ပွဲစားလိုလိုနဲ့ ခြေကလည်းကြီးပ"

"ဒါဆို. . အဖေတူသားပေါ့"

"သိပ်ဟုတ်တာပေါ့. . ၊ ဒီကောင်တွေ ပိုက်ဆံရှာတာတော့ ကောင်းသကွ၊ သောက်ကျင့်လေးပဲ မကောင်းတာ. . ငါ့နှယ့်"

ထေကြီးတို့ ရယ်ကြတယ်။ အဲ့ဒီနောက်. . ထွေရာလေးပါး ပြောဆိုကြပြီး ထေကြီးပြန်မယ်ဆိုတော့ ရွှေမှီက. . .

"ဩော်. . ဒေါ်ကြီးမထွေးရော နေကောင်းလားဟဲ့"

"ကောင်းတယ်အစ်မ ဒါပေမယ့် ဆေးကတော့ ပြတ်လို့မရဘူး"

"ငါလည်း အိမ်နဲ့အလုပ်ဘဲ လုံးချာလည်နေလို့ ဒေါ်ကြီးဆီ တောင် သတင်းက မမေးအားဘူး၊ ခဏလေး. . ငါလည်းလိုက်မယ် အဘ. . သမီးဒေါ်ကြီးကို သတင်းမေးလေး သွားလိုက်ဦးမယ်"

"အေးအေး. . သွားလေ၊ အမီးသွားရင်းနဲ့ မောင်ဌေးမိန်း ကို ဝင်ပြောခဲ့၊ ညနေ မောင်ဌေးပြန်လာရင် ငါ့ဆီလွှတ်လိုက်ဦးလို့"

"ဟုတ်ကဲ့အဘ"

ရွှေမှီပျော်သွားပြီး အိမ်ခန်းထဲဝင်သွားပြီး မှန်တင်ခုံ





ထိုင်လိုက်တယ်။ ဘာကြောင့်မှန်းမသိ ရင်တွေတဒိတ်ဒိတ်နဲ့ ဖြစ်လာလို့ ကိုယ်ဘာသာရှက်ပြီး မှန်ထဲကမြင်နေရတဲ့ သူ့မျက်နှာကို လက်သီးဆုတ်ကလေး ထောင်ပြလိုက်တယ်လေ။

(ညည်းနော်. . ဟင်း. . ဣန္ဒြေကိုမရဘူး။)

၆ ၆ ၆ ၆



www.burmeseclassic.com

www.burmeseclassic.com



**ရင်**ခုန်တတ်စအရွယ် ကောင်ကင်ကြီးက ဇီးကွက်လားဆို တဲ့ သီချင်းကို ရွှေမှိုတို့ ငယ်ငယ်က ကြားဖူးပါရဲ့၊ ဒါပေမယ့်လည်း ရင်ခုန်တတ်စအရွယ်မှာ ထမင်းဆာလို့ ရင်တုန်တာပဲသိတဲ့ ဘဝရဲ့ မွန်းကြပ်မှုက အရိပ်မည်းကြီး အုံ့မှောင်နေတော့ကာ. . ရင်ခုန်တာ ဘာလဲလို့ရင် မေးရမယ့်ကာလနဲ့ ကြီးပြင်းခဲ့ရတာ မဟုတ်လား။

အခုမှပဲ ရင်ခုန်တာ အချစ်လားဆိုတဲ့ သီချင်းက ကြားရ ရတဲ့အချိန် ရင်ခုန်စရာ ချာတိတ်ကလေးကလည်း ဘေးမှာရှိ တယ်ဆိုတော့ကာ သူမကိုယ်သူမ သုံးဆယ်ကျော် အပျိုဟိုင်း တောင် မထင်တော့ဘဲ ဆယ့်ခြောက်နှစ်သမီးလေးရဲ့ ခံစားမှုမျိုး ရှက်သွေးက တစ်နွေးနွေး. . ရင်ကလေး တခုန်ခုန်ပေါ့. . .။

"ထေရီးရေ"

"ဗျာ. . အစ်မ"

"နင် ရည်စားတွေဘာတွေ ရှိနေပြီလားဟင်"





"ဟာ တောက်တီးတောက်တဲ့အစ်မရယ်၊ ဘယ်ကရှိရမှာလဲ"

"အမလေး. . နင်သာမရှိတာ ရပ်ကွက်ထဲက လင်းခိုင်တို့ နိုင်ကြီးတို့ ကျော်မိုးသက်တို့ အတွဲတွေ ရကုန်ပြီတဲ့. . သိလား"

"အာ. . ဒီကောင်တွေ တစ်နေ့တစ်နေ့ လက်ဖက်ရည်ဆိုင် ထိုင်ပြီး ဒါပဲချောင်းနေတာ မတွဲခံနိုင်မလား၊ အစ်မရော. . အိမ် ထောင်ပြုဖို့ မစဉ်းစားတော့ဘူးလား"

သူမရင်ထဲ ထိတ်ခနဲဖြစ်ပြီး စကားလုံးမမှားအောင် အပြေး အလွှား စဉ်းစားတယ်၊ လောလောဆယ် ထေရီးမှာ ရည်းစားမရှိသေး ဘူးဆိုတာတစ်ခုတည်းနှင့်တင်. . သူမ တော်တော်ပျော်နေပြီဆို တော့. . .

"ငါ့ကိုလည်း ကြိုက်မယ့်သူ ရှိမယ်မထင်တော့ပါဘူးဟယ်"

"အမယ်. . . အစ်မက ဒီလောက်လှတာ၊ ကျွန်တော်သာ အစ်မနဲ့ သက်တူရွယ်တူဆို လိုက်ပြောပြီးတာ ကြာပေါ့"

"ဟဲ့ကောင်လေး. . နင်နော်"

ထေရီး စကားမှားပြီအထင်နဲ့ လန့်ပြီးလှည့်ကြည့်တော့. . ဝန်းနုရောင်မျက်နှာလေးနဲ့ မျက်ဝန်းအကြည့် အိအိလေးတွေကို တွေ့လိုက်ရလို့ ထေကြီးရင်ထဲ ဂုတ်ခနဲ မြည်သွားလေတယ်။

စိတ်ထဲမှာလည်း နားမလည်နိုင်တဲ့အတွေးတွေ ပလုံစီသွား ပါတယ်။ ဒါပေမယ့် တစ်သက်လုံး အစ်မတစ်ယောက်လိုပဲ ဆက်ဆံ လာတဲ့စိတ်က အခိုင်ကြီးဆိုတော့ သိပ်မလှုပ်လိုက်ဘူး ဆိုပါတော့. .

အဲ့ဒီအချိန်မှာပဲ ကိုမောင်ငွေးမိန်းမနဲ့ ရပ်ကွက်ထဲ ငွေတိုး ချေးနေတဲ့ ဒေါ်ကြိတ်တို့ တစ်ယောက်တစ်ခွန်း စကားများနေကြတာ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ တိုးရောဗျ. . .

"ပြောလိုက်ရင် နင်ဒီလိုချည်းပဲ အခုဘယ်နှလရှိနေပြီလဲ"

"သုံးလရှိပြီလေ အဲ့ဒါဘာဖြစ်လို့လဲ"

"ဘာ. . ဘာဖြစ်ရမလဲ ဟုတ်လား၊ သောက်တိုးတွေ ထပ်တုန်တာပေါ့ဟဲ့ ကောင်မရဲ့"

"ထပ်တော့ ဘာသောက်ဂရုစိုက်ရမှာလဲ၊ ရှင်လျှော့ပေးပြီး ယူတဲ့လမျိုးရော ရှိလား"

"ဟဲ့. . နင်က ငါ့မောင်မယားမို့လို့ လျှော့ရမှာလား"

"ဒေါ်ကြီးတ်နော် ကျွန်မက လက်သိပ်မြန်တာနော်"

"အောင်မာ လာလေ. . ထိရဲရင် ထိကြည့်စမ်း"

တော်သေးတာပေါ့. . . ရွှေမှီ အရောက်မြန်ပြီ မောင်ဌေးမိန်းမ မကျော့ကို အဆွဲမြန်ပေလို့။ အဲ့ဒီနောက်တော့ ဆဲကြဆိုကြ အော်ကြဟစ်ကြနဲ့ ရွှေမှီလည်း ရင်ခုန်သံပျောက်ပြီး. . ရင်တုန်သံနဲ့ မကျော့ကို ဆွဲခေါ်လာခဲ့ရတယ်။

"တိုးကြီးစားပြီး သိပ်လူပါးဝတယ်၊ သေရင် ဘယ်လိုပုပ်စော်နံပြီး အသက်ကို ဘယ်လိုအန်ထွက်မလဲဆိုတာ ကြည့်လိုက်"

"ကဲပါ. . တော်ပါတော့ မကျော့ရယ်၊ ကိုဌေးကို အလုပ်ရှင်ရဲ့ အဘက ညနေအလုပ်ကပြန်ရင် လာခဲ့ဦးတဲ့"

"အေး. . အေး. . "









# အခန်း(၁၀)

နေ့လည်ခင်းထမင်းစားနားချိန်ဆိုတော့ကာ စက်ရုံဆင်းကြတဲ့ အလုပ်သမားလေးတွေ ကိုယ့်အဖွဲ့နဲ့ကိုယ် စုဝေးပြီး ပါလာတဲ့ ထမင်းချိုင့်တွေ ဖွင့်ကာစားကြတယ်။ တစ်ချို့လည်း အိမ်ကနေ ဟင်းချက်လာ၊ တစ်ချို့က ထမင်းပဲထည့်လာပြီး စားချိန်ရောက်မှ စက်ရုံဆင်းအပြင်ဖက်ကနေ စောင့်ရောင်းနေတဲ့ ဈေးသည်တွေဆီက ဟင်းဝယ်စားကြတယ်။ ကိုယ့်အတွက် ဟင်းတစ်ခွက်တည်း ဆိုပေမယ့် လည်း အများနဲ့ စုပေါင်းစားလိုက်တော့ ကိုယ့်ဟင်းသူနှိုက်၊ သူ့ဟင်း



www.burmeseclassic.com

ကိုယ်နှိုက်နဲ့ အမယ်စုံသွားတာပါပဲ။ ဒါကိုကြည့်ပြီး ရွှေရည်ကပြောတယ်။

"တဲ့. . ညည်းတို့အဲ့သလို ဟင်းအမယ်စုံနဲ့ အလုပ်မလုပ်ဘဲ စားနိုင်တဲ့ဘဝမျိုးရချင်ရင် ပိုက်ဆံရှိတဲ့ယောက်ျား ယူကြလေ"

"နေပါစေတော့. . တစ်ခွက်ပဲ စားရစားရ မြို့မကျရင် ရေသောက်ပြီးပဲ စားတော့မယ်"

"ငါတော့ မစားနိုင်ပေါင်"

"အေး မစားနိုင်လည်း ကြည့်ကျဲ့ရှာ၊ ငါတို့လမ်းထဲက ခင်မိုးမြင့်ကတော့ ဒုက္ခပင်လယ်ဝေပြီး လူမှန်းသူမှန်းတောင် မသိတော့ဘူး"

"ဟင်!. . ဘယ်လိုဖြစ်လို့လဲ"

"အဲ့သလိုပဲလေ. . ဆင်းရဲလို့ဆိုပြီး ပိုက်ဆံရှိတဲ့ လူမျိုးခြားတစ်ယောက်ကို ယူလိုက်တာ ညားခါစတော့ ဟုတ်သလိုပဲ၊ နင်လည်းနင်ဘာသာနင်ကိုးကွယ် ငါလည်း ငါဘာသာငါကိုးကွယ်မယ် ဆိုပြီး နေလိုက်တာ ကလေးတစ်ယောက်လည်းရရော ဇာတ်လမ်းစတော့တာပဲ၊ လူမျိုးခြားက သူ့ဘာသာထဲ ဝင်ခိုင်းတယ်၊ ခင်မိုးမြင့်က မဝင်တော့ အဲ့ဒီကောင်က နှိပ်စက်တယ်လေ၊

အဲ့ဒါ ခင်မိုးမြင့်က ကလေးပိုက်ပြီး အိမ်ပေါ်ကဆင်းမယ် မပေါင်းဘူးလို့လည်းပြောရော. . အခန်းထဲထည့်ပိတ်၊ မအော်နိုင်အောင် ပါးစပ်ထဲ အဝတ်ထည့်စည်းပြီး ရိုက်တာ မသေရုံတစ်မယ်ပဲ၊ သူ့ဘာသာထဲ မဝင်မချင်း အစာအငတ်ထားပြီးရိုက်လို့ နောက်ဆုံး ခင်မိုးမြင့် မခံနိုင်တော့လို့ ဝင်လိုက်ရတယ်၊





ဒါပေမယ့် လူကောင်းတစ်ယောက်လို မနေနိုင်တော့ဘူး၊ နှိပ်စက်ထားတဲ့ဒဏ်ကြောင့် အိပ်ရာထဲ ပက်လက်ဖြစ်နေပြီး ကိုယ့်မိဘတောင် မမှတ်မိချင်တော့ဘူး၊ ဟိုအကောင်ကတော့ နောက်တစ်ယောက်တောင် ထပ်ယူလိုက်သေး"

"ဟုတ်ပ ငါတို့လမ်းထဲမှာ တစ်ယောက်ရှိတယ် အဲ့ဒီအတိုင်းပဲ၊ အဲ့ဒါကြောင့် ဆရာတော်တွေ တရားပွဲလုပ်ပြီး ငါတို့တစ်တွေ ကိုယ့်ဘာသာကိုယ် စောင့်ရှောက်ကြဖို့ ဆုံးမတာ၊ ပိုက်ဆံမက်တာလည်း ကြည့်မက်ကြဟေ့. . ဘာသာလည်းဆုံး ဘဝလည်းဆုံးတဲ့အပြင် လူမျိုးပါဆုံးပြီး တိုင်းပြည်ပျောက်သွားမယ်၊ ကိုယ်စားရတဲ့ ဟင်းတစ်ခွက်က ငပိစက်လက် ကျချင်ကျပစေ မျက်ရည်စက်လက် မကျစေနဲ့. . . "

ရွှေရည်နားထောင်ရင်း စိတ်ထဲ ဘဝင်မကျသလို ပုခုံးတွန့်ပစ်လိုက်တယ်။ ပြီးမှ. . .

"ငါလည်း အဲ့သလောက် မအပါဘူးအေ၊ ဘာသာခြားမဟုတ်တဲ့ ငါတို့လူမျိုး ငါတို့ဘာသာဝင်ထဲမှာလည်း ပိုက်ဆံရှိတဲ့သူတွေ အများကြီးပါပဲ၊ ငါ့အမေ ငါ့ကိုမွေးလိုက်တာ အသားလေးကိုဖြူဥနေတာပဲ၊ ငါမွေးကာမှ မည်းသည်းပြီး ထွက်လာရင် ငါ့ဗိုက်ငါ ဖေါက်သေးပစ်လိုက်မယ်. . ရှင်းလား"

"အေးပါ. . . ညည်းက ရုပ်ရည်သာတော့ ပြောအားရှိတာပေါ့၊ ငါတို့က ရွက်ကြမ်းရည်ကျိုတွေဆိုတော့. . . "

"လုံခြုံရေးဂိတ်က ကိုမောင်မြကြီးပဲ မှန်းတယ်ဆိုပါတော့"

"အမယ်နေ့်"

www.burmeseclassic.com



“ဟားဟား. . ဟားဟား. . ခစ်. . ခစ်. . ခစ်. . ခစ်. . ”

ရယ်လိုက်ရလို့ စိတ်ထဲပေါ့သွားပေမယ့် ရွှေရည်အတွေးထဲ မပေါ့ဘူး။ မိုးလင်းမိုးချုပ် စက်ရုပ်တစ်ကောင်လို လည်ပတ်နေရတဲ့ ဘဝကြီးကို ပြောင်းပြန်လှန်ပစ်နိုင်ဖို့ ပိုက်ဆံက အဓိကပဲလို့. . သူမ ယုံကြည်နေလေတော့။









# အခန်း(၁၁)

“ကစ်!. . ကစ်!. . ကစ်!. . ဝူးဝူး!. . ”

“ဝူး!. . ဝေါ!. . ”

ဝပ်ရှော့ဆရာ နှိုးပြတဲ့ ကားစက်သံကို နားထောင်ပြီး ထေကြီး သဘောခွေ့သွားတယ်။ ကားစက်သံဆိုတာ ဒီလိုပဲ ဖြစ်ရမှာပေါ့။

“ထေရီးကား ကောင်းသွားရင်တော့ ငါတို့ကို ဘုရား လိုက်ပို့ခိုင်းရမယ်ဟေ့”

“ဟုတ်တယ်. . ဟုတ်တယ်”



www.burmeseclassic.com

www.burmeseclassic.com



လက်သမားဆရာကြီး ဦးကြာမောင် အပင်ရိပ်အောက် တွမ်းထိုင်မြဲနေရာကနေ လှမ်းအော်ပြောလို့ အိမ်ဆောက်နေတဲ့ လက်သမားအဖွဲ့တွေ ညာသံပေးပြီး ထောက်ခံကြတယ်။

“ပို့ရမှာပေါ့ အဘရာ၊ ကျွန်တော်ကားဝယ်တာ အဲ့ဒီစိတ်ကူးက နံပါတ်တစ်ပဲ၊ ကားကောင်းသွားရင် စိတ်သာချ”

“အဟေးဟေး. . မယ်ထွေးရေ၊ ငါတို့တော့. . မသေခင် ဘုရားဖူး ထွက်ရချည်သေးရဲ့ကွယ်”

“ဟုတ်ပ ကိုကြာမောင်ရယ် အဲ့ဒီကားဝယ်လာစက ကျွန်မ ဖြင့် စိတ်ဆင်းရဲလိုက်တာမှ မပြောပါနဲ့ ဒီလိုလေးဆို တော်သေးရဲ့”

ဆိုတော့ကာ ထေကြီး ရယ်ကျဲကျဲနဲ့ လျှောက်လာပြီး မိခင် ဘေးနား ဝင်ထိုင်ရင်း. . .

“အိမ်လည်းပြင်ပြီးပြီး ကားလည်းကောင်းသွားပြီဆို. . သား ဘုရားဖူးလိုက်ပို့ရင် အမေလက်ခံမယ်လား”

“အေးပါ. . အေးပါ. . အိမ်ကိုလည်း လက်စသတ်ပါဦး”

အဲ့ဒီအခါ ဦးကြာမောင်က. . .

“ဟာ. . မနက်ဖြန် သန်ဘက်ဆို နင့်အိမ်ကပြီးပြီးဟ. . နင့် သား စိတ်ချမ်းသာအောင် လိုက်သွားပေးလိုက်ပါ”

“တော်တို့ရော မလိုက်ဘူးလား”

“ဟ. . ခေါ်ရင် လိုက်မှာပေါ့ဟ”

“ခေါ်ရမှာပေါ့ အဘရာ၊ ကျွန်တော့်ကားသာဆန့်ရင် တစ် ရပ်ကွက်လုံးတောင် မ,သွားချင်သေး”

“အမလေး တစ်ရပ်ကွက်လုံးတော့ မ,မပါနဲ့မောင်ရာ မင်း





ကား မီးခြစ်ဖာလောက်နဲ့များ. . ဟေးဟေးဟေး”

စကားပြောရင်း ဝပ်ရှော့ဆရာလှမ်းခေါ်လို့ ထေကြီးထသွား တော့မှ ဦးကြာမောင်က. . .

“ဖအေတူသားဟ ဒီကောင် အင်မတန်စိတ်ကောင်းရှိတာ”

“ရှိလွန်းလို့ ခက်နေတာလေ၊ ပဲဟင်းလေးရောင်းလို့ ငွေစု မိမယ်မှ မကျန်သေးဘူး. . တော်ကြာအရင်းပြုတ်ပြန်ပြီ”

“ဟေ. . ဘယ်လိုကြောင့်တုန်း”

“အို. . တော်ကြာ ဘယ်သူဆေးကုစရာမရှိလို့ ပေးခဲ့ပြန်ပြီ၊ တော်ကြာ ဘယ်သူ့ဘာဖြစ်လို့ သနားတာနဲ့ ပေးခဲ့တာတို့၊ ဒီကြားထဲ ကျုပ်ဆေးဘိုးက ကုန်ပြန်တော့ နာလန်ကို မထူတာ ကိုကြာမောင်ရေ မပြောချင်ဘူး”

“အခု ကားဝယ်နိုင်တယ် အိမ်ပြင်နိုင်တယ်၊ အဲ့ဒါ **စေတနာ** အကျိုးပေးလေဟာ. . ညည်းနှယ်”

“ထားလိုက်ပါတော့”

“ငါတော့. . ဒီကောင့်ကို သဘောကျတယ်ဟ”

“ဒါဆို တော့်သမီးတစ်ယောက်နဲ့ ပေးစားလိုက်ပါလား”

“အကြီးမတော့ ပြောတတ်ဖူးဟ၊ အငယ်မကတော့ **ထေနီ** ဆိုတာနဲ့ အသေတီးချင်နေတာ၊ တစ်ကယ် ခွေးနဲ့ကြောင်ပဲ. . **ဟဲဟဲ** . . ဟဲဟဲ. . ”

“အမှန်ပြောရရင် ကျွန်မလည်း မျက်စိမမှိတ်ခင် **သူ့ကို မြေး** ရာကျစေချင်ပါပြီ၊ ကံကျန်. . အသက်ရှည်ရင်လည်း **မြေးလေးတို့** သဟောက်သဟမ်းလေး လုပ်ချင်ပါရဲ့. . အဟင်းဟင်း”



www.burmeseclassic.com

www.burmeseclassic.com



"အဘကြာ ဒီမျှားတန်းက ထောက်ကြန့်ကြီးဗျ၊ တော်ကြာ သံကောက်ကို သွပ်တွေ စုတ်ပြတ်ကုန်မယ်"

"ဟော့ . . အဲ့ဒါဆို လဲလေကွယ်၊ ဟိုးမှာ သုံးတစ်ခွဲတွေ ကျန် သေးတယ်၊ နေ . . နေ . . ငါရွေးမယ်"

အဲ့ဒါနဲ့ပဲ စကားပြတ်သွားတယ်။

ꩤ ꩤ ꩤ ꩤ





**ထေ**ကြီး ကားစမ်းထွက်ရင်း ဝပ်ရှော့ဆရာရဲ့ အသိဆိုင်မှာ တာယာတွေလဲ၊ ကျွတ်တွေပါလဲပြီး ဝပ်ရှော့ဆရာကိုပါ အိမ်တိုင်ရာ ရောက် လိုက်ပို့ပြီးမှ ရပ်ကွက်ကို ပြန်မောင်းလာခဲ့တယ်။ ခုလိုမြင် လိုက်တော့လည်း သူ့ဟာနဲ့သူ ဟန်ကျပန်ကျလေး ဖြစ်လာလို့စိတ် ထဲမှာ ပျော်သလိုလိုတောင် ခံစားလာတယ်ဗျ။ အိမ်လဲပြီးပြီး၊ ကား လေးလည်း ကောင်းသွားပြီ၊ ဒီလိုအချိန်မှာ အဖေသာရှိရင် ဘာပြော မလဲလို့ တွေးမြင်ကြည့်မိတယ်။

သူ ပဲဟင်းရောင်းရင်း သင်မောင်းလိုင်စင်လုပ်တော့ မင်းလို ကောင်က ကားနဲ့ဘယ်လို ပတ်သက်မှာမို့လို့လဲလို့ မူးမူးနဲ့ပြောတော့ သူ အတော်ဝမ်းနည်းသွားတယ်။

ဒါပေမယ့်လည်း လိုင်စင်ရှိရင် အနည်းဆုံး ကားမောင်းစား လို့တော့ ရတာပဲဆိုတဲ့ အတွေးနဲ့ ရအောင်လုပ်လိုက်တာပဲ မှန်သွား တယ်ပြောရမှာပဲ။ လူ့ကံဆိုတာ ဘယ်သူမြင်နိုင်တာမှတ်လို့ နတ်ပဲ



www.burmeseclassic.com

www.burmeseclassic.com



သိတယ်၊ ဘုရားပဲသိတယ် ဆိုပေမယ့် သွားပြီး မေးစမ်းကြည့်လို့မှ မရတာ။ ကိုယ်လုပ်စရာရှိတာ ကိုယ်လုပ်ထားရင် ဒီကွေ့မှာ ဒီတက်နဲ့ လှော်၊ ဟိုကွေ့ရောက်တော့ ဟိုတက်နဲ့လှော်နိုင်တာပေါ့ အဖေရယ်၊ အမေ့သားက ဆယ်တန်းမအောင်ပေမယ့် ဟင်းရည်အိုးထဲ ခေါင်းစိုက်ပြီး အရသာမခံတတ်တဲ့ ယောက်မမှ မဟုတ်တာ. . ။

ထေကြီး သူ့အတွေးနဲ့သူ မောင်းလာရင်း ကိုတောက်တဲ့နဲ့ ရွှေရည်တို့ ပလက်ဖောင်းအတိုင်း တွဲလျှောက်နေတာကို လှမ်းမြင်ပြီး အတွေးပြတ်သွားတယ်။

(တောက်တဲ့ပြန်လွတ်ပြီပဲ၊ ကြည့်ရတာ. . အကြီးမ မရလို့ အငယ်မကို လိုက်ကပ်ပြန်ပြီထင်တယ်။)









# အခန်း(၁၂)

"ဟာ. . ထေရီး လန်းတယ်ကွာ. . ရှယ်ပဲ"

ထေကြီး ကားရေဆေးနေတုန်း ဖိုးထောင်ရောက်လာပြီး အားရဝမ်းသာ ပြောဆိုကာ ဝင်လာတော့. . ထေကြီးပြုံးမြီး. .

"လန်းတော့လန်းတယ် ရေလည်းခမ်းသွားပြီလေကွာ"

"ဒီလောက်တော့ ရှိမှာပေါ့ကွာ၊ ဘယ်လောက်ကုန်သွားလဲ"

"ကားခ ပစ္စည်းလက်ခ လေးပုံးလောက် မြောက်သွားတယ်၊ အိမ်ကတော့ အဘကြာမောင် ပြင်ပေးတာ ရှစ်သိန်းလောက်ကုန်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ဂွတ်တယ်လေကွာ၊ မဟုတ်တောင် ဒီလိုလေး မြင်ရတာ မိုက်တယ်ကွ၊ ဒါနဲ့. . မင်း ဘုရားဖူးထွက်မလို့ဆို"

"အေး. . . ဒီလထဲ အမေ့ကို ဆေးစစ်ပြီးရင် ဆရာဝန်ကို မေးရမှာပဲ ခရီးထွက်လို့ရမရပေါ့၊ ရရင်သွားမယ်လေ မင်းလိုက်ချင်လို့လား"

"ဘယ်နှယ့်ပြောလိုက်ပါလိမ့်ကွာ. . ငပိကြော်ရောင်းတဲ့ကောင် အထက်မြန်မာပြည်ဘုရားဖူးထွက်ဖို့ဆိုတာ အိမ်မက်တောင် မမက်ရဲတဲ့ဟာ"

"အေးပါကွာ ငါလည်းစဉ်းစားထားပါတယ်၊ ငါတို့သားအမိ အဘကြာမောင်တို့ သားအဖသုံးယောက်၊ မင်းတို့လင်မယား၊ ကိုမောင်ဒွေးတို့လင်မယား ပေါ်ကြီးတို့ ညီအစ်ကိုနှစ်ယောက်၊ အားလုံးဆယ့်တစ်ယောက်ဆိုတော့ ငါ့ကားနဲ့ ကွက်တိပဲလေ၊

လောလောဆယ် ကားအခြေအနေကို သိပ်စိတ်မချလို့ အထက်တော့ မတက်ရဲသေးဘူး၊ ပဲခူးဘုရား၊ မြသပိတ်တောင်နဲ့ မော်လမြိုင် တောင်ပေါ်တန်းဘုရားတွေ ဖူးနိုင်ဖို့ ပို့ပေးမယ်လို့ စိတ်ကူးထားတယ်၊ ပိုပြီးအခြေအနေကောင်းရင် ကျိုက္ခမီရေလည်ဘုရားဖူးပြီး စက်စဲကမ်းခြေမှာ အပန်းဖြေပြီး ပြန်မယ်ကွာ"

ဖိုးထောင် ထခုန်မတတ် ဝမ်းသာသွားပြီး. . .

"ကောင်းလိုက်တာ သူငယ်ချင်းရာ. . ၊ အဲ့ဒီလောက်ဆိုရင်လည်း မင်းသူငယ်ချင်း ငပိကြော်သည်ကြီး သေပျော်ပါပြီကွာ. . အဟတ်ဟတ်"

"ဒါပေမယ့် စားစရိတ်ကတော့ ကိုယ့်ဘာသာကိုယ်ခံနော်





ငါက ဆီဘိုးနဲ့ကားပဲ တာဝန်ယူမှာ"

"အေးပါ. . စိတ်ချ၊ ငပိကြော်ကို ဖန်ပုလင်းကြီးနဲ့ ကြော်ထည့်ပြီး ယူလာမယ်. . အဟဲ. . ဟဲ. . ဟဲ"

"ကဲ. . မင်း အခုလာတာ ဘာကိစ္စလဲ"

"အဲ့ဒါပဲ. . အဲ့ဒါပဲ၊ အဲ့ဒါလာမေးတာ"

"အိုခေ. . ငါလည်း ကားထွက်ပြီး ရှာလို့ရသလောက် ရှာလိုက်ဦးမယ်"

"အေးအေး. . ငါလည်း ဈေးသွားရဦးမယ်"

ဖိုးထောင် ပျော်သွားတာကိုကြည့်ပြီး ထေကြီး ပီတိဖြစ်မိတယ်။ အရင်က လမ်းမိသားစုတွေ ဒီလိုပဲ မိုးကုန်လို့ ပွင့်လင်းရာသီရောက်တာနဲ့ ကားစုငှါးပြီး ဘုရားဖူးထွက်ကြတယ်၊ ဆောင်းဦးပေါက်ဆို ကျိုက်ထီးရိုးပေါ့။

ထေကြီးတို့ ဖိုးထောင်တို့ ပဲဟင်းငပိကြော် လိုက်ရောင်းရင်း ဘုရားဖူးထွက်ဖို့ စုရုံးနေကြတဲ့ သူတွေနားမှာ ရစ်သီရစ်သီနဲ့ အားကျငေးမောရတာ မမောနိုင်အောင်ပါ။ ဝတ်ကောင်းစားလှတွေနဲ့ ခရီးဆောင်အိတ်တွေနဲ့ စားသောက်စရာ ထည့်ယူလာတဲ့ ချိုင့်ကြီးချိုင့်ငယ်တွေနဲ့ အရမ်းကို ပျော်စရာကောင်းမှာပဲလို့ ငေးပြီး အများတန်းတူ မပျော်နိုင်ဘဲ ကိုယ့်ဘဝကိုယ် သိမ်ငယ်ခဲ့ရတာ. . ဘယ်နှခါလဲ၊ ဘယ်နှနှစ်လောက်ရှိမလဲလို့ တွေးတောင် မတွေးချင်တော့ပါဘူး။

ဒါပေမယ့်လည်း တစ်နေ့ ငါသာ ကိုယ်ပိုင်ကားတစ်စီး ဝယ်နိုင်ရင် ငါ့လို မသွားမလာနိုင်ဘဲ သိမ်ငယ်ခဲ့ရတဲ့ သူတွေကို ခရီးတွေ ပေါ့ပါး သွားခွင့်ရစေရမယ်ဆိုတဲ့စိတ်က သန္နေတည်လာခဲ့တယ်၊ ဒီနေ့

www.burmeseclassic.com



အဲ့ဒီသနေ့စိတ်က အတိတ်ရဲ့အားငယ်မှုကို အားဖြည့်ဖို့ ကံအလှည့် အခွင့်ရလာတော့. . ။

(စိတ်ချပါကွာ ငါ အဲ့ဒီအစီအစဉ်လေး လုပ်ပေးချင်လို့ ပိုက်ဆံသုံးသိန်းလောက်ကို ကုတ်ကပ်ပြီး ချန်ထားပါတယ်၊ အခုလည်း ရနိုင်သလောက် ထွက်ရှာဦးမှာပဲ၊ ဖြစ်အောင်. . ရောက်အောင်ကို ပို့ပေးမယ် သူငယ်ချင်းရေ. . .)









# အခန်း(၁၃)

ခံစားမှုဆိုတာ အတိမ်းအစောင်း လွယ်ကူတဲ့ လောင်းလှေလေးလိုပဲလို့ပြောရင် ရနိုင်မှာပါနော်။ ဒါပေမယ့်. . လူတိုင်းတော့ မဟုတ်ဘူး ပရိသတ်ရဲ့၊ တစ်ချို့က တိမ်းညွှတ်လွယ်သလို တစ်ချို့ကျတော့လည်း ခိုင်မာတယ်၊ ရွှေရည်တို့ ညီအစ်မပဲ ကြည့်ဗျာ၊ အကြီးမ ရွှေမှိုက လက်ရှိဘဝကို ဒီလိုခံစားတယ်. . .

"ဒါ ကံကံ၏အကျိုးပေးလို့ခေါ်တယ် ရွှေရည်ရဲ့၊ ငါတို့ဘဝလို့ ဆင်းရဲတာလည်း. . အဖေ့ကြောင့်၊ အမေကြောင့်၊ ဘယ်သူ့ဘယ်ဝါ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်လို့ အပြစ်တင်ရင် မှားတယ်၊ အမှန်က ကိုယ့်ကြောင့်ပဲ၊

စည်သူလွင်ဆိုတာ ကြားဖူးလား. . 'အချစ်ရေ ကိုယ့်ကြောင့် ကိုယ်ကြေကွဲနေပြီ' ဆိုတာလေ၊ အဲ့ဒါသိပ်မှန်တယ် မုန့်ဝယ်စားရင် ကိုယ့်ရှိတဲ့ ငွေကြေးထဲက မုန့်တန်ဖိုးကျသလောက် ပေးလိုက်ရတယ်၊ မဝယ်စားရင် မပေးရဘူး၊ ကိုယ်က ကောင်းတာပဲ ရွေးလုပ်ရင်. . ကောင်းတာပဲဖြစ်တယ်၊ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်တယ်၊ ဒါဟာ သဘာဝနိယာမတရားအမှန်ပဲ အခုငါတို့ ဆင်းရဲတယ် ဘာကြောင့်လဲ. . ငါတို့ စေတနာမဖြူစင်တာကို လုပ်ခဲ့ကြတယ်. .၊ ဘယ်တုန်းကလဲ. . အတိတ်ဘဝကပေါ့၊ ဒါကို မငြင်းပါနဲ့. . ပစ္စုပ္ပန် လုပ်လိုက်တဲ့ အကျိုးကျေးဇူးကို ခံစားရမှာက အနာဂါတ်ပဲ၊ အဲ့ဒီ အနာဂါတ်ကျေးဇူးကို ခံစားရချိန်မှာ နောက်ပြန်လှည့်ကြည့်လိုက်. .၊ ကိုယ်လုပ်ခဲ့တယ်ဆိုတဲ့ ပစ္စုပ္ပန်ဟာ အတိတ်ကာလအဖြစ် ကျန်ရစ်ခဲ့ တယ်. .၊ အခု ကိုယ်ရောက်နေတဲ့ အနာဂါတ်ဟာလည်း ပစ္စုပ္ပန် ဖြစ်သွားတယ်၊ ရှေ့မှာ အနာဂါတ်က ပြန်စောင့်နေပြန်တယ်. . .၊

အဲ့ဒီအခြေအနေတစ်ခုလုံးကိုမှ သံသရာလို့ခေါ်တာ ညီမရဲ့၊ ဒါကြောင့် တို့အတိတ်မှာမဖြူစင်ခဲ့ဘူး. . အခုပစ္စုပ္ပန်မှာဆင်းရဲတယ်၊ ထပ်ပြီးမဖြူစင်ရင် နောက်အနာဂါတ်ဘဝမှာလဲ ဆင်းရဲဦးမှာပဲ၊ အဲ့ဒီ တော့ ဘယ်သူ့မှာ အပြစ်ရှိနေလဲ. . ကိုယ်ပဲမဟုတ်လား၊ ကိုယ်တိုင် ပြုပြင်နေထိုင်မှ သံသရာမှာ ဆင်းရဲခြင်းက လွတ်မှာမဟုတ်ဘူးလား၊ ဒါဆို ကိုယ့်အပြစ်ကိုယ် သိသွားပြီး ကိုယ်ဘယ်လိုစိတ်နဲ့ နေထိုင်ရ မယ်ဆိုတာ သိပြီ၊ အဲ့ဒီတော့ နေပျော်လာတယ်၊ အနေမှန်လာတဲ့ အတွက် နောက်ထပ်မဆင်းရဲတော့ဘူးဆိုတာ သိလာလို့ ပိုပြီးပျော်





လာတယ်. . အဲ့ဒါပါပဲ ညီမရယ်"

ဒါက ရွှေမှီရဲ့ စိတ်သဘာဝ၊ ခံစားမှုကို လေယူရာမတိမ်းဘဲ ခိုင်ခိုင်မာမာ ခိုင်းပိုက်နေတဲ့ အသိဉာဏ်ကို မှန်အောင်တွေးပြီး ခိုင်မာလေးနက် အောင် ဆောင်ထားတယ်။ အငယ်ရွှေရည်ကတော့တစ်မျိုး. . .

"ညီမတို့ ဘာလို့ဆင်းရဲနေရလဲ သိလား. . ပညာမပြည့်စုံလို့ အမေသာ ရောဂါမထူရင် အဖေ့ဝင်ငွေနဲ့ ညီမတို့ပညာရေး ဆုံးခန်း တိုင်အောင် ခရီးရောက်မှာ သေချာတယ်၊ ဘွဲ့ရတော့ ဘွဲ့နဲ့တန်တဲ့ အလုပ်ကိုရတယ်. . အခု ဘွဲ့မရလို့ လုပ်ရတဲ့အလုပ်ထက် အဆင့် မြင့်နိုင်တယ်၊ ဝင်ငွေကောင်းနိုင်တယ်၊ ပညာတတ်ရင် ပညာတတ် အသိုင်းအဝိုင်းမှာ ဝင်ဆန့်လာမယ်၊ အခွင့်အလမ်းကောင်းတွေ တွေ့ ရမယ်၊ အနည်းဆုံး လူ့အဆင့်အတန်းမီတဲ့သူနဲ့ အိမ်ထောင်ကျနိုင် တယ်၊

ခုတော့ ဆယ်တန်းမအောင်ဘူး၊ အလုပ်က လစာလေးငါး သောင်းနဲ့ ကျေနပ်ရတဲ့ စက်ရုံအလုပ်သမ၊ တစ်လတစ်လ ရက်မှန် ကြေးနဲ့ ဘောနပ်မပြုတ်အောင် ကုတ်ကပ်ပြီး အလုပ်ဆင်းနေရတာ၊ အလုပ်ထဲမှာ သူလိုကိုယ်လို နှုတ်ခမ်းပဲ့တွေချည်းပဲ နေ့တိုင်းကြားနေ ရတာ မလောက်ငှတဲ့ ဝင်ငွေ၊ အဆင်မပြေတဲ့ လူမှုဘဝ ဒုက္ခတော မှာ ဒုက္ခသဘောတွေချည်း စုနေလို့. . လူ့သဘာဝ အိမ်ထောင်ကျ သည်း နှုတ်ခမ်းပဲ့ခြင်း မီးမှုတ်ကြရမှာ၊ အဲ့သလို စုတ်ချာတဲ့ဘဝကို ပြောင်းပြန်လှန်ပစ်ဖို့ ကံလမ်းကိုရွေးလို့မရဘူး. . ဉာဏ်လမ်းကိုရွေး ရတယ်၊ မပြည့်စုံတဲ့သူဟာ ပြည့်စုံတဲ့သူကို အိမ်ထောင်ဖက်ရှာရမယ်၊ အစ်မရဲ့ညီမကတော့ ရုပ်ရည်ထက် ရေရုပ်ကိုပဲ ရွေးရလိမ့်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



ရေရှာကောင်းတဲ့သူကို ကျေညာမောင်းခတ်ပြီးတော့ပဲ ရွေးရရွေးရ ကလေးဘဝကတည်းက ဆင်းရဲလာတာ ဘယ်အရာမှ အမြဲမရှိဆိုတဲ့ စကားကိုထောက်ခံပြီး ပြောင်းပြန်လှန်ပစ်ရမှာပဲလေ"

ဆိုတော့ကာ. . .

ꩤ ꩤ ꩤ ꩤ





"ရွှေရည်"

ထမင်းချိုင့်လေး ဖုတ်ခနဲချပြီး ရေမချိုးခင် ခဏနားဖို့ ထိုင်လိုက်မှ အိမ်အောက်ခုံတန်းရှည်ကနေ အစ်မဖြစ်သူ လှမ်းခေါ်လို့ အောက်ဆင်းထိုင်လိုက်တယ်။

"အစ်မ ဘာလဲဟင်"

ရွှေမှီ ချက်ချင်းမပြောသေးပဲ အိမ်ပေါ်ကို လှမ်းမော့ကြည့်ပြီး. . .

"အဘရော"

"အိပ်နေပြီ"

ဒီတော့မှ ပင့်သက်ချပြီး ရွှေမှီ စကားစလိုက်တယ်။

"နင်နဲ့တောက်တဲ့ အခြေအနေက ဘယ်လိုလဲ"

မျှော်လင့်မထားတဲ့ မေးခွန်းမို့လို့. . ရွှေရည်တစ်ချက်တော့ တွန့်သွားတယ်။ ပြီးမှ. . စိတ်ကိုပုံမှန်လေးဖြစ်အောင် ထိန်းပြီး. . ။



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲအစ်မရဲ့"

"ငါ သတင်းသဲ့သဲ့ကြားလို့ နင်အပြန်ကို ရပ်ကွက်ထိပ်ကနေ သွားစောင့်တာ ဖယ်ရီရောက်လာတော့ နင်ပါမလာဘူး၊ မေးကြည့်တော့ နင်နဲ့တောက်တဲ့က လိုင်းကားစီးပြီး ပြန်တာတဲ့၊ အခု နင်က တောင် အိမ်မှာကြိုရောက်နေပြီ ဒါဘာသဘောလဲ ရွှေရည်"

"ဟာ. . အစ်မကလည်း ကိုကြီးတောက်နဲ့က ရိုးရိုးသားသား ပါ၊ ဒါ ဟိုကောင်မတွေ သက်သက်ချောက်ချတာ"

"သူများကို အပြစ်မတင်ပါနဲ့ ရွှေရည်၊ ပြီးခဲ့တဲ့အပတ်က လဝက်ကြေး ထုတ်လာတော့ နင်ပုံမှန်ရမှာ နှစ်သောင်းခွဲပဲရှိရမယ်၊ အဲဒါကို နင်ငါးသောင်းခွဲအပ်လိုက်တယ်၊ သုံးသောင်းက ဘယ်က ပိုက်ဆံလဲ၊ အဲဒီနေ့က ပရီပေးဒေးနေ့မို့လို့ နေ့ဝက်ပဲဆင်းရတာ၊ နင်ပြန်ရောက်လာတာ ပုံမှန်ချိန် ညရှစ်နာရီ၊ အိုဗာတိုင်လို့ မပြောနဲ့ ငါလည်း အဲဒီအလုပ်ကနေ ထွက်လာတာ၊ နင်ဘယ်သွားနေလဲ ငါ့ကို မှန်မှန်ပြော. . ."

ရွှေရည် အောက်နှုတ်ခမ်းကို ဖိကိုက်ပြီး မျက်ရည်ဝဲလာတယ်။ အဲဒီနောက် စိတ်ဒုံးဒုံးချလိုက်တဲ့ ပုံမျိုးနဲ့ သက်ပြင်းချပြီး. .

"အင်းပါ. . ညီမ မညာတော့ပါဘူး၊ ညီမကို ကိုကြီးတောက်က ချစ်ရေးဆိုတယ်၊ လက်ထပ်ရင်လည်း ခမ်းခမ်းနားနား မင်္ဂလာဆောင်ပြီး ယူပါမယ်လို့လည်း ကတိပေးတယ်၊ သူသာ အိမ်သားတစ်ယောက် ဖြစ်ခွင့်ရရင် ညီမတို့မိသားစုကို ရွှေပေါ်မြတင် ထားနိုင်အောင် ကြိုးစားပါမယ်လို့လည်း ပြောတယ်၊ အဘ အခုချိန်ထိ လက်သမားအလုပ် လုပ်နေရတာကို နားစေချင်တယ်၊ အစ်မကိုလည်း. ."





"အဟတ်. . ဟတ်. . ဟတ်. . ခစ်ခစ်ခစ်. . မိရွှေရည် နင့်ကို လည်လှပြီမှတ်တာ အ,လှချည်လား၊ အဲ့ဒီကောင် ဘယ်လို ကောင်စားလဲ နင်သိလား"

"အစ်မရယ်၊ ယောကျ်ားဆိုတာ မိန်းမတွေကြိုးကိုင်တတ်ဖို့ပဲ လိုတာပါ။ လူပျိုဘဝမှာ သူဘာတွေဖြစ်ခဲ့ဖြစ်ခဲ့ ညီမဘဝထဲ ဝင်လာရင် ညီမသဘောပဲ"

"တော်စမ်းရွှေရည်. . သူပြောတဲ့ ရွှေပေါ်မြတင် ထားမယ်ဆိုတာ အမှန်ပဲ၊ တစ်ကယ်ထားမှာ. . ."

"ဟင်!. . အဲ့ဒါနဲ့များ အစ်မရယ်"

"အဟင်းဟင်း ရွှေရည်ရယ်. . သူက မှန်သောစကား ပြောတာပါ။ ရွှေပေါ်မြတင်ဆိုတာ ညည်းနာမည်က ရွှေရည်၊ မြတင်ဆိုတာ အခု သူနဲ့ တိတ်တိတ်ပုံး ညားနေတဲ့ မုဆိုးမ၊ စိတ်ချ ညည်းကို တရားဝင် မယားကြီးလုပ်ပြီး မြတင်ကို မယားငယ်ဆက်ထားမှာ. .၊ အဲ့ဒါကို ရွှေပေါ်မြတင်လို့ ခေါ်တယ်မှတ်ထား"

"ဟား. . ငါ့အစ်မတော့ တောက်တီးတောက်တဲ့ ပြောတော့မယ်၊ အဲ့သလို ထားကြည့်လိုက်လေ. . . ထေကြီးက တောက်တဲ့ကို လက်ညှိုးထိုးပြပြီးတော့ပဲရောင်းတာ ရွှေရည်က ကိုယ်တိုင်သုံးပိုင်းပိုင်းပြီး လည်ရောင်းပစ်လိုက်မယ်. . ဟင်း"

"ခက်တယ် ညီမရယ်၊ ပွဲစားစကားဆိုတာ လျှာဖျားလေးပေါ်မှာပဲ ရှိတယ်၊ နင်ဒုက္ခတွေ့တော့မှာမို့လို့ ငါက တားနေတာ"

"စိတ်ချပါ အစ်မရယ်. .၊ သူက ငွေရှာကောင်းတယ်ဆိုတာ အစ်မသိပါတယ်၊ သူ့ဝင်ငွေမျိုးကို ဒီရပ်ကွက်မှာ မိအောင်ရှာနိုင်တာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူရှိလို့လဲ၊ ညီမ အလိမ္မာသုံးပါ့မယ်၊ အဘတော့ မသိပါစေနဲ့နော်. . တောင်းပန်ပါတယ်"

"အဘ အားလုံးကြားပြီးပြီသမီး"

"ဟမ်!. . ရှင်!. . "

လှည့်ကြည့်တော့ သူမတို့နောက်နားမှာ ဦးကြာမောင် ကွမ်းထိုင်မြို့နေတယ်။

"တောက်တဲ့ကို မနက်ဖြန် အဘဆီခေါ်ခဲ့စမ်း"

"အဘ"

"ရွှေမှီနေစမ်း အဘ စီစဉ်မယ်"









# အခန်း(၁၄)

ဒီနေ့ ထေကြီးတို့သားအမိ ဆေးစစ်ပြန်ပြရက်မှန်းသိလို့ ဖိုးထောင်တက်ကြွပြီး ထေကြီးတို့အိမ်ရှေ့မှာ ငပိကြော်ဝန်း ချရောင်းပြီး ထိုင်စောင့်နေတာယ်။

"လာထားနော် ပုဇွန်ငပိကြော် မွှေးမွှေးစပ်စပ်လေး. . မူလလက်ဟောင်း ဖိုးထောင်ငပိကြော်. . ငပိကြော်"

"ဦးလေး. . ငပိကြော် နှစ်ထုပ်ပေး"

"ရမယ်"

"ဟင်. . နင့်ပိုက်ဆံက အပြဲကြီးပါလား"



www.burmeseclassic.com

www.burmeseclassic.com



"အမေက အဲ့ဒါပဲရှိတယ်တဲ့"

ဖိုးထောင် ခေါင်းကုတ်ပြီး. . .

"အေးဟာ. . အေး. . အေး. ."

"ငပိကြော်. . ငပိကြော်. . ဒါကုန်ရင် ထပ်ကြော်ပြီး ရောင်းပေးမယ်"

ခဏကြာတော့ ထေကြီးကားပြန်လာတာတွေ့လို့ ခြံပေါက်ပိတ်ထိုင်နေတဲ့ သူ့ငပိကြော်ဗန်းလေး မပြီး ဖယ်ပေးတယ်။

"ဟ. . မင်း ဒီမှာဈေးကွက်လာဖွင့်နေတာလား"

"အေးလေကွာ. . ဒေါ်ကြီးအခြေအနေ ဘယ့်နှယ့်လဲ၊ ခရီးထွက်လို့ရလား"

"ခရီးကြမ်းကြမ်းတော့ မရဘူးကွ၊ သက်တောင့်သက်သာ သွားရမယ့်ခရီးဆိုရင် ရတယ်တဲ့"

"ဟာ. . ကိုယ့်ကားနဲ့ကိုယ် ရှေ့ခန်းက အငြိမ့်သား သွားရမှာ သက်သာတာပေါ့ကွ"

ဒေါ်ထွေး ပြုံးပြီး. . .

"အေးပါဖိုးထောင်ရယ်. . ကဲ အခုတနင်္ဂနွေက ရက်ရာဇာလည်းကျတယ် ခရီးထွက်ရက် သတ်မှတ်လိုက်"

"ဝေး. . ဟေး. ."

"ဂလုံ!. . ဂုံ!. ."

"ဟာ. . ငပိကြော်တွေ ကုန်ပြီဟေ့"

၅ ၅ ၅ ၅





တနင်္ဂနွေနေ့ ထေကြီးတို့ ဘုရားဖူးကား ထွက်ကြမယ်ဆိုတဲ့ သတင်းက ရပ်ကွက်ထဲ ပျံ့နှံ့သွားတယ်။ ပျံ့မှပဲလေ ဖိုးထောင်ခင်ဗျာ လည်း ငပိကြော်လည်းရောင်းရင်း ကြွားရတာအမော. . .။

"ဘာရယ် ထေကြီးကားနဲ့ ဟုတ်လား"

"အင်းလေ. . ကြီးဒေါ်ကြီးရဲ့"

"မင့်ကွယ်. . တစ်စစီ လိုက်ကောက်နေရမှဖြင့်"

"ဖွတ်. . ဖလွတ်. . မဟုတ်တာဗျာ မဦးမချွတ်နဲ့၊ ကဲ. . တော်ပြီလား"

"တော်ပြီ. . ငပိကြော်ချည်း ထိုင်စားရမှာလား"

"ငပိကြော်. . ငပိကြော်၊ မူလလက်ဟောင်း ဖိုးထောင်ငပိကြော်"

"ဟေ့. . ဖိုးထောင်၊ ပဲဟင်းရော မပါဘူးလား"

"အာ. . ပဲဟင်းသည်က သူဌေးဖြစ်သွားပြီ၊ ငပိကြော် တစ်



www.burmeseclassic.com

www.burmeseclassic.com



မည်တည်းလဲ ဖြစ်ပါတယ်ဗျ"

"အာခြောက်တယ်ကွာ"

"ဒီမယ် ထမင်းရည်စမ်း လုပ်ပြီးစား မြိန်သလားလို့ မမေးနဲ့ ငွေတုန်သတ်သာတယ်. . ဝမ်းအေးတယ်၊ လူဆိုတာ ရေခတ်ပြီး ဖွံ့စည်းထားတာ အဘရဲ့"

"ဟဲ့ကောင်ရဲ့. . ရေမပါတ်. . ရေမပါတ်"

"အဟဲ. . ဟဲ. . ဟဲ. . မှားလို့. . မှားလို့. . ဘယ်နှထုပ် ယူမလဲအဘကြီး"

တနင်္ဂနွေနေ့ သွားရမှာဆိုတော့ ပိုက်ဆံလေးရသလောက် ကြိုးစားပမ်းစား ရှာရမယ် မဟုတ်လား၊ ခါတိုင်း ညနေတစ်ချိန်ပဲ ထွက်လည်ရောင်းတာ အခု ဖိုးထောင်ရဲ့ မူလလက်ဟောင်း အသံက တစ်နေကုန်နီးပါး ကြားနေရတာလေ။

"ငပိကြော်. . ငပိကြော်. . ၊ အား. . ကျွတ်. . ကျွတ်. . မူးလိုက်တာ"

ဖိုးထောင် တစ်ချက်ယိုင်ထွက်သွားပြီး ခေါင်းပေါ်က ငပိကြော်ဗန်းကို သတိထားထိန်းပြီး အသာထိုင်ချလိုက်တယ်။

"အား. . မူးတယ်. . မူး. . အား"









# အခန်း(၁၅)

ဒီနေ့က စက်ရုံပိတ်ရက်မို့လို့ မနက်ကတည်းက ရွှေရည်ဈေးသွားရင်း တောက်တဲ့ကို ဝင်ပြောထားခဲ့တယ်။

"အဘက ကိုတောက်တဲ့တို့လို ခေတ်မှုက်လုံးမဟုတ်ဘူးနော်"

"သိပါတယ် အသည်းလေးရယ်. . စိတ်ချ ကော်လာတတ်းနဲ့ တိုက်ပုံနဲ့ ဦးဂျမ်းရှယ်နဲ့ အောကတ္တီပါ ဖိနပ်စီးပြီး လာခဲ့မှာ"

"အင်း. . ကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သည်းလေး"

"ရှင်"

"အိမ်ပေါ်ခဏတက်ကွာ"

"ဘာလုပ်မလို့လဲ"

"အသည်းယားလို့ တစ်ရှုတ်လောက်"

"ဟာ. . မရဘူး"

"လာပါကွာ သည်းလေးကလည်း၊ သည်းလေးအတွက်. . ကိုယ်ဘာတွေဝယ်ထားတယ်ဆိုတာလည်း ပြချင်လို့ပါ"

"ယူပြလေ"

"လာကြည့်"

"ကိုကြီးနော် ဒါပဲ"

"သည်းလေးကလည်းကွာ. . အဟဲဟဲဟဲ"

ခါတိုင်းတော့ ညီအစ်မနှစ်ယောက် အတူတူဈေးသွားနေကြ ပါပဲ။ ဒီမနက်တော့ တောက်တဲ့အိမ်ကို ဝင်ရမယ့် ကိစ္စရှိလို့ အကြီး ရွှေမှို မလိုက်တော့ဘဲ အိမ်မှာပဲ ပြင်ဆင်သန့်ရှင်းရင်း ကျန်ခဲ့တယ်။

နာရီကြည့်လိုက်တော့. . (၉)နာရီထိုးနေပြီ။ ရွှေရည်ပြန် ရောက်မလာသေးလို့ တစ်ယောက်တည်း တစ်ဗျစ်တောက်တောက် ပြောရင်း ကြမ်းတိုက်နေတုန်း ထေကြီးရောက်လာတယ်။

"အစ်မရေ အဘကြာမောင်ရော"

"ဩော်. . မောင်လေး၊ လာ. . အပေါ်တက်လေ"

"မတက်တော့ဘူးအစ်မ ဟိုဘက်ရပ်ကွက်က ကျွန်တော့ ဖောက်သည်တစ်ယောက် အိမ်ပြင်ချင်တယ်ဆိုလို့ အဘနဲ့တွေ့ချင်လို့"

"ဒါဆိုခဏစောင့်ပါလား၊ အဘ အနောက်လမ်းတင်သွား တာ ခဏနေပြန်ရောက်မှာ"

"မစောင့်တော့ဘူးအစ်မ မိုးရွာတုန်း ရေခံရဦးမယ်၊ ဒီနေ့ အော်ဒါရထားတယ် အစ်မရဲ့. . အဲ့ဒါလေး အချိန်မှီပြေးရဦးမယ်၊ အစ်မပဲပြောပြထားလိုက် ညနေပြန်ရင် ဝင်လာခဲ့မယ်"

"အေး. . အေး. ."

"ဩော်. . ဘုရားဖူးသွားရင် အစ်မ လိုက်မယ်မဟုတ်လား"

"လိုက်ရမှာပေါ့ ကိုယ့်မောင်လေးရဲ့ ကုသိုလ်ပဲဟာ"

ထေကြီးရဲ့ကလေးတစ်ယောက်လို မြူးတူးသွားတဲ့ မျက်နှာ လေးကိုကြည့်ပြီး ရွှေမှိုရင်ထဲ ကြည်ကြည်နူးနူး ဖြစ်သွားတယ်။ ဖြူစင် ထိုက်တဲ့ကလေး. . .

ထေကြီးထွက်သွားပြီး အတော်လေးကြာတော့မှ ရွှေရည် ပြန်ရောက်လာတယ်"

"ဘာတွေဘယ်လောက်တောင်ဝယ်နေလို့ ကြာနေတာလဲ ရွှေရည်"

ပြောပြီး. . ဈေးခြင်းတောင်းထဲ ငုံ့ကြည့်တော့လည်း ပုံမှန် ထက်ထူးခြားတာ ဘာမှမတွေ့ပေမယ့် ရွှေရည်လက်ထဲ လက်ဆွဲ အိတ်တစ်အိတ်တွေ့လို့. . .

"အဲဒါ ဘာလဲ"

"အဟင်း. . ဟင်း. . ကိုကြီးလေ လူကြီးစုံရာနဲ့ မြန်းတဲ့ခါ ...လေးဝတ်ဖို့တဲ့၊ ပြီးတော့. . အစ်မအတွက်"







www.burmeseclassic.com

www.burmeseclassic.com



"ငါမလိုချင်ဘူး ရွှေရည်"

"ပြီးရော. . မလိုချင်လည်း အကုန်လုံး ညီမလေးယူလိုက်မယ်"

ပြောပြီး အိမ်ထဲဝင်သွားတဲ့ ရွှေရည့်ကို လှမ်းကြည့်ပြီး. .

"ဟင်. . . နင့်အင်္ကျီက ဘယ်လိုဖြစ်လို့ ဒီလောက်တောင် ကြေမွနေတာလဲ"

"ရှင်. . ဪ. . ဟို. . မနက်က မီးပူတိုက်မလို့ဟာ. . မေ့သွားလို့"

ဍ ဍ ဍ ဍ





**ဓနိ**ကလည်း အပူပြင်းပြင်း၊ ဗိုက်ကလည်းဆာ. . လက်ကနာရီကိုကြည့်တော့ တစ်ချက်တီးကျော်ပြီ ဆိုတော့ကာ. . အိမ်ပြန်ထမင်းစားပြီး ညနေပိုင်းမှ ပြန်ထွက်မယ်လို့ ထကြံးဆုံးဖြတ်ကာ ကားပြန်မောင်းလာခဲ့တယ်။ ရပ်ကွက်လမ်းထဲ ချိုးအဝင် ခပ်လှမ်းလှမ်းက ဆိုက္ကားနဲ့ လူတစ်ယောက်ကို ကလော့ကလန် တင်လာပြီး ဘေးကလည်း နှစ်ယောက်သုံးယောက် လိုက်တွန်းလာလို့ အရေးပေါ်လူနာပဲလို့ တွေးမိပြီး ကားရှောင်ပေးရင်း လှမ်းကြည့်တယ်။

ဘုရားရေ. . ဆိုက္ကားဘေးကနေ ငိုယိုပြီးပါလာတဲ့ ဖိုးထောင်မိန်းမကိုမြင်မှ သူလန့်ဖျပ်ကာ ကားထဲက ခုန်ဆင်းပြေးလာခဲ့တယ်။

"မမျိုး ဘာဖြစ်တာလဲ"

"ဟီးဟီး. . ရှင့်သူငယ်ချင်းလေ၊ ဟီးဟီး. . ဈေးရောင်းနေလဲတာ သတိမရတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟော. . ဒုက္ခပဲကွာ၊ ကဲ. . လာ ကားပေါ်ပြောင်းတင်မယ်"

အဲ့ဒီနောက် ဖိုးထောင်ကို ဝိုင်းချီမပြီး ကားနောက်ခန်းထဲ ပြောင်းတင်ကြတယ်။

"ဘယ်သူလိုက်ကြမလဲ တက်ကြလေ၊ ပေါကြီးတို့ လိုက်ခဲ့ တွာ လိုက်ကူပါဦး"

"ရတယ် ကိုထေ. . လိုက်မယ်၊ တက်. . တက် မမျိုးတက်"

နောက်ဆုံးတော့ ဆိုက္ကားဆရာပဲကျန်ခဲ့ပြီး အားလုံး ထေကြီး ကားနဲ့ ပါလာကြတယ်။

"ဝေါ်!. . ဖွတ်!. . ဖွတ်!. . ဝူး!. . ဝူး!. . "

(ဘာလဲဟ)

ကားက အရေးကြီးပါတယ်ဆိုမှ အရင်ရောဂါဟောင်း ပြန် ထပြီး ဖွတ်ဖွတ်မြည်လာလို သတိထားမောင်းနေတဲ့ကြားက. . .

"ဖေါင်း!. . ဖွတ်!. . ဖွတ်!. . ဂလုပ်!. . အီး!!. . "

"ဟာ စက်သေသွားပြီဟ. . ငါ့နှယ်"

ထေကြီး ပြာယာခတ်ပြီး ကားထဲက ခုန်ထွက်လာပြီး ဘာ လုပ်လို့ ဘာကိုင်ရမှန်း မသိဖြစ်သွားတယ်။

"ဒုက္ခပဲကွာ. . "

အဲ့ဒါနဲ့ အားကိုးစရာ ရလိုရငြား လှည့်ပတ်ကြည့်တော့ ဝင် ရှော့နဲ့တူတာ ဘာမှမရှိလို့ စိတ်ဓါတ်ကျသွားတုန်း ဆေးကုခန်းတစ်ခု မြင်လိုက်တာနဲ့ပဲ အကြံရသွားပြီး. . .

"လုပ်. . လုပ်စမ်း ဖိုးထောင်ကို ငါ့အပေါ် ကုန်းပိုးပေးစမ်း"

"ကိုထေ ဘာလုပ်မှာလဲ"





"အချိန်မရှိဘူးကွ ဟိုမှာ ဆေးခန်း. . မြန်မြန်လုပ်"

ဆိုတော့ကာ ပေါကြီးတို့ညီအစ်ကို ဖိုးထောင်ကိုဝိုင်းတွဲပြီး ထေကြီးကျောပေါ် တင်ပေးလိုက်တယ်။

"မမျိုး လိုက်သွား"

"သူငယ်ချင်းရေ တောင့်ထားစမ်း၊ မင်းဘာမှ မဖြစ်ရဘူး နော်. . ဟော့ကောင်"

ထေကြီးပါးစပ်က တစ်တွတ်တွတ်ပြောရင်း ဆေးခန်းရှိရာ ကို အားနဲ့သွန်ပြီးပြေးရှာတယ်။

"ငါတို့ ဘုရားဖူးထွက်ရမယ်ကွ ဟော့ကောင်ရ၊ မင်း ဒီလိုကြီး ဖြစ်နေလို့ ရမလား၊ သတိရစမ်းပါ ငါ့နှယ့်. . ဟူးဟဲ. . ဟောဟဲ. . မင်းကိုယ်ကြီးက အရမ်းလေးနေပြီကွ. . ဟူးဟဲ. . သတိရပြီး လမ်း လျှောက်စမ်း"

ဒါပေမယ့်လည်း ဆေးခန်းရောက်တဲ့အထိ မလှုပ်မယှက် ပါလာတဲ့ ဖိုးထောင်အတွက် ထေကြီး အရမ်းစိုးရိမ်သွားတယ်။

"ဒေါက်တာ. . ကယ်ပေးပါ ကျွန်တော့်သူငယ်ချင်းကို ကယ် ပေးပါ"

"အောက်ချလေဗျာ"

"ဟုတ်. . ဟုတ်ကဲ့"

လူနာခုတင်ပေါ် တင်ပေးလိုက်တဲ့အထိ ဖိုးထောင်တစ်ချက် မှလှုပ်လို့ ထေကြီး မတွေးကောင်းတွေးကောင်းတွေ တွေးပြီး မျက် ရည်ဝဲသွားတယ်။ မိနစ်နှစ်ဆယ်လောက် ကြာတဲ့အထိ ဆရာဝန်စမ်း သပ်စစ်ဆေးမှု၊ ကုသမှု အမြန်ဆုံး လုပ်ကိုင်ပေးရှာပါတယ်၊ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



လည်း. . .

"စိတ်မကောင်းပါဘူးဗျာ၊ ခင်ဗျားသူငယ်ချင်းကို ပြန်ခေါ်သွားလို့ ရပါပြီ၊ သေဆုံးချိန်နဲ့ ဖြစ်စဉ်ကို သေချာရေးပြီး ထောက်ခံပေးလိုက်မယ်"

ဖိုးထောင်မိန်းမ မိုးအေးကြည်ရဲ့ ငိုသံက သူ့ရင်နံ့ရံကို လှံပူတွေနဲ့ ထိုးသလို စူးမျက်ပူလောင်သွားတဲ့ခဏ သူ့ကို ဘာမှမပြောဘဲ ထွက်သွားနိုင်တဲ့ ဖိုးထောင်ရုပ်အလောင်းဘေးဆီ. . အံကြိတ်ပြီး ရောက်သွားတယ်။

"မင်းသစ္စာဖောက်ပဲ ဖိုးထောင်၊ ငါမင်းကို ခွင့်မလွှတ်ဘူးကွ သိလား၊ တစ်သက်လုံးမွဲလာတဲ့ကောင်တွေ တစ်ရက်နှစ်ရက်လောက် ချမ်းသာဖို့ ငါဘယ်လောက် မျှော်လင့်ခဲ့ရသလဲ. . တောက်"

ဘယ်လို မှ ဖြေမဆည်နိုင်သလို ဖိုးထောင်အလောင်းပေါ် မျက်နှာမှောက်ပြီး အားရအောင် ငိုပြီးမှပဲ ကုန်းပိုးပြီး ခေါ်ထုတ်လာခဲ့တယ်။

"ငါ့ကားဆီကို ပြန်သွားကြမယ်ကွာ၊ မင်း အဲ့ဒီမှာ ခဏနားသိလား၊ ငါဝပ်ရှော့ဆရာ ပြေးခေါ်မယ်၊ ကားကောင်းရင် မင်းအိမ်ကို ပြန်ပို့မယ် ရပ်ကွက်ထဲဝင်တာနဲ့ အော်စမ်းကွာ၊ ငပိကြော်ရောင်းတဲ့ကောင် ဆေးခန်းသွားပြတာ ကိုယ်ပိုင်ကားကိုဌါးပြီး သွားပြတာကွလို့ ဟီးအီး. . !

ခွေးကောင် သစ္စာဖေါက်. . ခိုးပဲ မင်းကိုငါ မြေမမြှုပ်ဘူးကွ ဘုရားဖူးထွက်ရင် အပုပ်ခံပြီး ခေါ်သွားမယ်. . ဟီးအီး. . မမိုး"

"ရှင်. . ဟင့်. . အင့်. . ရွတ်"





"ဆရာဝန်ထောက်ခံစာ ပါသလား"

"ဟီးအီး. . ပါတယ်"

"ဟီး. . ဟီး. . ဖိုးထောင် မသာကောင်. . ဟီး. . အီး"





www.burmeseclassic.com

www.burmeseclassic.com

"အချစ်နဲ့စစ်မှာ…မတရားတာမရှိဘူး…" လို့ဆိုတယ်၊

အခု…

မတရားသော စစ်ပွဲတွေ ဖြစ်နေတယ်ဆိုရင်…

မတရားသော အချစ်တွေ ရှိနေတယ်ဆိုတာ…

တွန်းပ်တို့ လက်ခံရလိမ့်မယ်၊ ၊

(ဘဝပဒ)







## အခန်း(၁၆)

ကုက္ကိုပင်အောက် အမြစ်ချောင်းတွေကြား ဝင်ထိုင်ပြီး ပူလောင်ပြင်းရှတဲ့ နွေလည်နေ့ရဲ့ ကောင်းကင်ကို သူမော်ကြည့်ရင်း ဒေါသဖြစ်နေတယ်။ သူ့သူငယ်ချင်းဖိုးထောင် မသေသင့်ဘဲ သေရတာလို့လည်း တွေးတယ်။

ဒီလိုအချိန်မှာ အဲကွန်းခန်းနဲ့ ငပိကြော် ထိုင်ရောင်းမယ့် ဖိုးထောင်မသေဘူးဆိုတာ လောင်းရဲတယ်၊ ဦးနှောက်သွေးကြော ပြတ်တာတဲ့။ ကံ၊ စိတ်၊ ဥတု၊ အာဟာရတဲ့. . ခန္ဓာစောင့်တရား



www.burmeseclassic.com

www.burmeseclassic.com



လေးပါ။ ဘယ်မလဲ ဖိုးထောင်ဘက်ကပါတဲ့တရား။ ကံမကောင်းတဲ့ သောက်မွဲ ပင်ပန်းလွန်းတော့ စိတ်ဆင်းရဲ ပူလိုက်တဲ့ ရာသီကလည်း တော့ာကွဲရင်ကွဲ၊ ဦးနှောက်ပါကွဲ။

အရင်းနည်းနည်း အမြတ်နည်းနည်းနဲ့ သမာအာဇီဝကျပြန်တော့လည်း အာဟာရက ဖွဲ့ဆန်ကွဲ၊ တောက်. . သောက်သုံးမကျတဲ့ ခန္ဓာစောင့် မင်းတို့ကောင်တွေ သူဌေးတွေအတွက်ပဲစောင့်ကြ၊ လူမွဲတွေအတွက် မစောင့်ကြနဲ့. . ချီးပဲ။

"ထေရီး"

သူ မော့ကြည့်တော့ ရွှေမှိုကို တွေ့ရလို့ ငိုချင်ရက်လက်တို့ဆိုတာလို မျက်ရည်တွေ အလိုလိုကျလာတယ်။ အဘကြည်မောင်ပဲဟင်းခေါ်ဝယ်စားတိုင်း နောက်မှာ ငပိကြော်ဇွန်းလေး ရွက်စောင့်နေတဲ့ ဖိုးထောင်ကို အားနာပြီး တစ်ထုပ်နှစ်ထုပ်လောက် ခေါ်ဝယ်ပေးတယ်တဲ့ အစ်မ၊ အခုလည်း အသုဘပို့ ပြန်လာပြီးကတည်းက အိမ်နောက်ဖေး ကုက္ကိုလ်ပင်ကြီးအောက် ထွက်ထိုင်နေတဲ့သူ့ဆီ နှစ်သိမ့်ပေးဖို့ ရောက်လာတာပဲ မဟုတ်လား။

ရောက်ရောက်ချင်းပဲ ထေကြီးဘေးက သစ်မြစ်ပေါ်မှာ တင်ပလ္လင်လေး ဝင်ထိုင်ပြီး. . ။

"နင်တစ်အား စိတ်ထိခိုက်နေမယ်ဆိုတာ တွေးမိလို့ ငါလိုက်လာတာပါ"

"ကျေးဇူးတင်ပါတယ် အစ်မရယ်၊ ဒီကောင် ရက်စက်လွန်းတယ်"

"မဟုတ်ပါဘူးကွယ်. . အားလုံး ဒီလမ်းကိုသွားကြရမှာပါ





စောတာနဲ့ နောက်ကျတာပဲ ကွာတယ်၊ ဒီလမ်းကိုအစ်မတို့လို လူတွေမပြောနဲ့ အာဏာရှိတဲ့ အစိုးရမင်းတွေလည်း ပိတ်ပင်လို့မရဘူး၊ ငြင်းခွင့်မရှိဘူးကွယ်၊ အဲ့ဒါ မင်းသိလျက်နဲ့ ဘာလို့အပင်ပန်းခံနေရတာလဲ. ."

ထေကြီးအတွက် စိတ်အားဆေးတစ်ခွက် ဖြစ်ပေမယ့်. . ကလေးလို ရှိုက်ရှိုက်ငိုချင်စိတ်က ဖြေဖျောက်လို့ မရနိုင်ဖြစ်နေတော့ ဘာရယ်မဟုတ်ဘဲ ရွှေမှိုရဲ့ပေါင်ရင်းမှာ ခေါင်းမှီပြီး ငိုပစ်တယ်၊ ခါးကိုလည်း လက်ကသိုင်းဖက်ထားတယ်ဆိုတော့ ရွှေမှို့ရင်တွေ တဝုန်းဝုန်း လှုပ်ခါကုန်တယ်။ သနားစရာကောင်းတဲ့ ကလေးတစ်ယောက်လို ခံစားမိပြန်တော့ ထေကြီးဆံပင်တွေကို ဖွသပ် နှစ်သိမ့်ရင်း. . ။

"ပြန်ကြရအောင်နော်. . ဒေါ်ကြီးမထွေးလည်း ဘယ်စိတ်ကောင်းပါ့မလဲ၊ သူက မင်းမျက်နှာကြည့်ပြီး အသက်ရှင်ရတာလေ မောင်လေးရဲ့. . "

ထေကြီး ဆတ်ခနဲမော့ကြည့်တော့ ရွှေမှိုနဲ့ အကြည့်ချင်းဆုံပြန်ရော၊ မသိစိတ်နဲ့ လွှတ်ခနဲခေါ်မိတဲ့ မောင်လေးဆိုတာကို ရွှေမှိုသတိရပြီး ကိုယ့်ဘာသာလည်း ရှိုးတိုးရှန့်တန့် ဖြစ်တာပေ့ါ။

"အစ်မ ကျွန်တော်ကို မောင်လေးလို့ ခေါ်လိုက်တာလား"

ရွှေမှို. . တစ်. ထစ်. အ. အ. ဖြစ်ပြီး. .

"အင်း. . အင်းလေ၊ မောင်လေးအရွယ်မို့ မောင်လေးခေါ်တာ ဘာဖြစ်လို့လဲ မကြိုက်လို့လား"

"ကြိုက်တယ်၊ ကျွန်တော့် စိတ်ထဲမှာ အဲ့ဒီခေါ်သံက အရမ်းကောင်းလွန်းတယ်၊ အစ်မက ကျွန်တော်တို့ ဖိုးထောင်တို့ရဲ့တစ်တယ်



www.burmeseclassic.com

www.burmeseclassic.com



အစ်မအစစ်ပဲ၊ အမှန်က ဖိုးထောင်ရှိကတည်းက အစ်မ အဲ့သလိုခေါ်ရမှာ၊ အဲ့ဒါဆို ကျွန်တော်တို့ ဘာမဆို ကိုယ့်အစ်မဆီ ပြေးလာပြီး တိုင်ပင်မှာပဲ၊ အစ်မကလည်း ဆုံးမသွန်သင်မှာပဲ၊ အဲ့ဒါဆို ဖိုးထောင်တောင် သေချင်မှသေမှာ အစ်မရဲ. . ဟီး. . ခုတော့. . ဟီး. . အီး"

ထေကြီး ပြန်ဖက်ပြီး ပြန်ငိုတယ်။ ဒါပေမယ့် ရွှေမှီ ဒီတစ်ခေါက်အဖက်ခံရတာ ပေါ့ရှုရှုကြီးဖြစ်ပြီး ရင်မခုန်ဘူး။

(ငါ့နှယ့်)









# အခန်း(၁၇)

ခြောက်လတစ်လ ကုန်လွန်သွားတဲ့အချိန်မှာ ထေကြီးလည်း ဖိုးထောင်အတွက် စိတ်ဖြေတတ်လာတယ်။ လလည်ဆွမ်းအတွက် ဆင်းရဲတဲ့ ဖိုးထောင်မိသားစု အခက်အခဲကို ဖြေရှင်းစိုက်ထုတ်ပေးခဲ့လို့. . ရေစက်ချတော့လည်း သူကိုယ်တိုင်မဟုတ်လား။ ဆရာတော်ရဲ့. . 'ငါသည် မုချသေရမည်၊ အချိန်ပိုင်းသာ လိုတော့သည်၊ အဆောင်ဆိုးခင် ဉာဏ်ဦးဖို့လိုသည်' ဆိုတဲ့. . မိုးကုတ်နိသယ တရားတော်တွေကို နာကြားရတော့ ပိုပြီးတောင် ဖြေနိုင်ခဲ့တယ်။ အဲ့ဒါကြောင့် ပုံမှန်အ



www.burmeseclassic.com

www.burmeseclassic.com



တိုင်း ပေါ့ပေါ့ပါးပါး ပြန်ဖြစ်လာပြီး ကားတွေဘာတွေ ပြန်ထွက်လို့ပေါ့။

တစ်ရက်တော့ ကားအော်ဒါလိုက်ပြီးအပြန် ကုက္ကိုင်းဖက်မှာ ကိုတောက်တဲ့နဲ့ ရွှေရည်တို့ ထီးတစ်ချောင်းတည်း နှစ်ယောက် ဆောင်းပြီး ပလက်ဖေါင်းအတိုင်း လျှောက်နေတာ တွေ့သွားတယ်၊ တောက်တဲ့ကလည်း တောက်တဲ့ပီပီ ကပ်ပြီး ရွှေရည်ခါးကျင်ကျင်လေးကို ဖက်ထားလိုက်တာများ. . . ။

သူလှမ်းကြည့်ပြီး. . ပင့်သက်ရှိုက်ရင်း ဆက်မောင်းလာခဲ့တယ်။ ဒီနှစ်ယောက်ရဲ့ နီးစပ်မှုက ခရီးအတော်ရောက်နေတာပါလား လို့လည်း တွေးတယ်၊ ဘာပဲဖြစ်ဖြစ်. . အစ်မကိုတော့ အသိပေးမှ ကောင်းမယ်၊ မဟုတ်ရင်. . မောင်လေးတစ်ယောက် တာဝန်မကျေဘူးဖြစ်မယ်လို့ တွေးမိတော့ကာ ရပ်ကွက်ထဲပြန်ရောက်တော့ ရွှေမှီတို့အိမ်ရှေ့ ကားထိုးရပ်ပြီး ဝင်လိုက်တယ်။

"အစ်မရေ အဘရော"

"အနောက်လမ်းမှာ အိမ်တစ်လုံး ဆောက်နေတယ်လေ. . ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး အစ်မဆီပဲလာတာ"

"ကဲ. . ထိုင်ဘာကိစ္စလဲ"

ဝင်ထိုင်လိုက်တဲ့ ထေကြီးကို. . ရွှေမှီ သတိထားမိတာတွေ ပြောရရင် အရင်လို ခပ်တုံးတုံး ဝတ်ပုံစားပုံ မဟုတ်တော့ဘဲ ရှပ်လက်တိုနဲ့ ဂျင်းဘောင်းဘီနဲ့ ဆံပင်ပုံစံကလည်း ဂျယ်တွေဘာတွေ ထောင်ထားသလားမသိ။ ဒီကောင်လေး ပုံပြောင်းနေတာ ရိုးမှရိုးရဲ့





လားပေါ့၊ အဲ့ဒီအချိန်မှာပဲ ထေကြီးက. . .

"အစ်မသိထားလား"

"ဘာကိုလဲ"

"ကိုတောက်နဲ့ ရွှေရည်ကိုပြောတာ"

ရွှေမှီ ပင့်သက်လေး ရှိုက်ချပြီး. . .

"သိပြီးပါပြီ၊ အဘလည်း သိတယ်"

"ဟုတ်လား. ."

"အဘခွင့်ပြုလိုက်ပြီပဲ ပြောပါဆော့၊ ကိုယ့်လူကိုက ဟိုဖက်ပါဆိုတော့ ဖွတ်အတင်းကြပ်လိုက်ရင် လိုက်ပြေးတာတို့ဘာတို့ လုပ်မှာစိုးလို့လေ၊ ဟိုတောက်တဲ့ကောင်ကလည်း ပွဲစားပါးစပ်ဆိုတော့ အဘကို ရွှန်းရွှန်းဝေအောင် ပြောသွားတာ၊ အဘလည်း ငြင်းရခက်သွားတယ်၊ အဲ့ဒါနဲ့ပဲ မိုးမကျခင်လေး လက်ထပ်ပေးလိုက်ဖို့ စဉ်းစားကြတယ်"

"ဩော်. . အဲ့ဒါဆိုလည်း ပြီးတာပါပဲ၊ ကျွန်တော်က မသိတော့ တွေ့မြင်လျှက်နဲ့မပြောရင် မောင်တစ်ယောက်တာဝန် မကျေဘူးလေဗျာ"

"အေးပါ ကျေးဇူးတင်ပါတယ်ငါ့မောင်ရယ်၊ ငါ့မောင်လေး တာဝန်ကျေတယ်. . ဟုတ်ပြီလား"

အရွှန်းလေးနဲ့ ပြောတဲ့စကားထက် ရွှန်းမြတောက်ပတဲ့ မျက်လုံးအကြည့်တွေက ထေကြီးရင်ထဲ လေးခနဲဝင်လာလို့ ထေကြီး သူ့ဘာသာ သူလန့်ပြီး အိမ်ပေါ်က ခုန်ချသွားတယ်။

"ဟဲ့. . ပြန်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်"

"ကော်ဖီမသောက်တော့ဘူးလား"

ထေကြီး လှည့်မကြည့်ရဲတော့ဘဲ ကျောခိုင်းလျှက်နဲ့ လက်ပြန်ဝှေ့ယမ်းပြပြီး ကားထဲ ခပ်သွက်သွက်ပဲ ဝင်ထိုင်လိုက်တယ်။

(ဟူး. . အစ်မအကြည့်ကြီးက ဘယ်လိုကြီးလဲ ရင်ကိုတုန်သွားတာပဲ။)

ထေကြီး ကားစက်မနှိုးဘဲ ဂီယာထိုး လီဘာနင်းပြီး ထွက်နေလို့ ကိုယ့်ဘာသာရှက်ပြီး ရယ်တယ်။

(ငါ့နှယ့်ကွာ)









## အခန်း(၁၈)

မေ့နေတာကို အစဖော်တယ်ပဲ ဆိုရမလား. . ဘုရားဖူးထွက်ဖို့ကိစ္စ ဖိုးထောင်ဆုံးပြီးကတည်းက မေ့နေတာကို. . တစ်ညနေအဘဦးကြာမောင် အလုပ်သိမ်းပြီးအပြန်မှာ အိမ်ဝင်လာပြီး. .

"ဟော့. . ဖိုးထေ"

"ဗျာ. . ဟာ. . အဘ. . လာ အပေါ်တက်"

"အေးအေး. ."

ထေကြီး လှေခါးရင်းအထိ ဆင်းကြိုပြီး တွဲကာ ဧည့်ခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လာတယ် ဧည့်ခန်းထဲမှာ ဖိုင်ဘာဆက်တီတွေဘာတွေနဲ့၊ ဒေါ်ထွေးကလည်း ဒရင်းဘတ်နဲ့ထိုင်ပြီး တီဗွီတွေဘာတွေကြည့်လို့ ဆိုတော့ကာ သားအမိတစ်တွေ အဆင်ပြေနေတာကိုကြည့်ပြီး ဦးကြာမောင် ပြုံးတယ်။

"မယ်ထွေးတို့ တယ်အေးနေပါလား. . . ကောင်းတယ်. . တောင်းတယ်. ."

"ထိုင်လေ ကိုကြာမောင်ရဲ့၊ သားရေ နင့်အဘကို ရေနွေး လုပ်ပေး"

ထေကြီးကလည်း ပြာပြာသလဲပဲ ပြင်ဆင်ပေးပါတယ်။

"အဘ ရေနွေး၊ ဒီမှာ လက်ဖက်၊ ဒါက ထန်းလျက်"

"ကောင်းတယ်ဟေ့၊ ဒါနဲ့ မင်း ဘုရားဖူးအစီစဉ်က ဘယ်လိုတုံး. ."

ထေကြီးမျက်နှာ တစ်ချက်မှိုင်သွားပြီးမှ. . .

"ဖိုးထောင်ဆုံးပြီး ကျွန်တော်လည်း စိတ်မပါတော့တာနဲ့ ဘုရားဖူးသွားရင် သုံးဖို့ ပိုက်ဆံတွေ အဲ့ဒါတွေ ဝယ်ဖြည့်လိုက်တယ် အဘရာ၊ ပိုက်ဆံမရှိတော့ဘူး အဘရ"

"မပူပါနဲ့ကွာ မင်းသွားမယ်ဆို သွားရမှာပေါ့၊ ဒီမှာ. . ငါ့သမက်လောင်းက ငါတို့ကို ဘုရားဖူးပို့မယ်ဆိုလို့ မင်းအစ်မက မင်းကားကို ငှါးခိုင်းတယ် တောက်ကလည်း သူ့သူငယ်ချင်းကားကို ပြောပြီးပြီနဲ့ ဆွဲကြတော့ မရီးမျက်နှာကို မလွန်ဆန်ဝံ့တာနဲ့ မင်းရဲ့ကားကိုသုံးသိန်းပုဒ်ပြတ်ပေး ငှါးတဲ့အခြေအနေအထိ ဖြစ်သွားတာဟေ့. ."

သိတဲ့အတိုင်း. . ရွှေမှီက မင်းဘက်ကနေ တစ်ပြားမှတို





မလျှော့တာ ညီအစ်မတွေလည်း စူလို့အောင့်လို့. . နောက်ဆုံးတော့ ငါ့ဆီ မဲဆန္ဒတောင်းကြတယ်၊ ငါ ဘယ်ဘက်ကပါမလဲ ထေကြီးလား တောက်သူငယ်ချင်းကားလားပေါ့၊ ပထမတော့ အမှန်ပြောရရင် ခရီးဝေး မင်းကားကို စိတ်မချတာနဲ့ တောက်စီစဉ်တာဖက် လိုက်ဖို့ ပဲကွ၊

ဒီနေ့ အလုပ်ထဲရောက်မှ မောင်ဌေးကပြောတာ၊ အဲဒီတောက်သူငယ်ချင်း ဟိုကားအနက်ကြီးနဲ့ကောင်က အစ်မရွှေမှီကို ချိုင်ဖို့ တောက်နဲ့ စည်းဝါးရိုက်နေတာ လက်ဖက်ရည်ဆိုင်မှာ သူကြားခဲ့တယ်တဲ့၊ ပြီးတော့. . အဲ့ဒီကောင်က ကားနက်ကြီးကို သူပိုင်သလိုဘာလိုနဲ့ အမှန်တစ်ကယ် ဝယ်လက်ရှာဖို့ အရောင်းအပ်ထားတဲ့ကားတဲ့. . ဆိုလို့. . ဒီခွေးမသား ငါ့အိမ်ကို ရှုံခါပစ်ဖို့ ကြံနေတဲ့ကောင်ဆိုပြီး မင်းကားကိုပဲ သုံးဖို့ဆုံးဖြတ်တာ"

"ကြည့်လည်းလုပ်ပါဦးကိုကြာမောင်ရယ် လမ်းရောက်မှ တွန်းပြန်လာရပါဦးမယ်"

"ဟုတ်တယ်အဘ၊ ကျွန်တော့်ကားက ရှေ့တစ်မျိုး နောက်တစ်မျိုးဗျ. . တော်ကြာ"

"ဘာမျိုးဖြစ်ဖြစ်ကွာ၊ ဟေ့ တူကြီး မနက်ဖြန်ညနေ အိမ်ရှေ့ ထားထိုးဖို့သာ ပြင်ထား၊ မနက်ဖြန် မင်းအစ်မကို ကားငှါးခ ပို့ခိုင်းလိုက်မယ်၊ မယ်ထွေးလည်း လိုက်ခဲ့ဟာ"

"အို. . ကျုပ်မလိုက်တော့ပါဘူး"

"ဟေ. . ညည်းတစ်ယောက်ထဲ ဘယ်လိုလုပ်မှာတုန်း"

"တော်တို့က ဘယ်နှစ်နှစ်တောင် ကြာမှာတုံး"



www.burmeseclassic.com

www.burmeseclassic.com



"အဲ. . လေးညအိပ် ငါးရက်ဆိုလား"

"ကိုယ့်ဘာသာ သွားကြ၊ ချက်ရေးပြုတ်ရေးနဲ့ ညရေးညတာအတွက် ဘေးအိမ်ကခင်မကို ခေါ်ထားလိုက်မယ်"

"အမေဖြစ်ရဲ့လား"

"ဖြစ်တယ် ကိုယ့်ဘာသာသွားကြ"

အဲ့ဒီမှာပဲ ဘုရားဖူးကားထွက်ဖို့အစပေါ်လာတယ်၊ ပေါ်လာတော့ သတိရတယ်၊ ကိုယ့်ဆန္ဒအတိုင်း မဖြစ်ဘဲ ဟိုလူတောက်တဲ့ရဲ့အငှါးအနေနဲ့ လိုက်ရမှာမို့လို့လည်း ပိုပြီးရင်ခံတယ်။ ဒါပေမယ့်. . .

၄ ၄ ၄ ၄





"မောင်လေးရေ"

မနက်ခင်း ကားရေဆေးနေတုန်းမှာပဲ ရွှေမှီ စက္ကူအိတ်ကလေးတစ်အိတ် လုံးကိုင်ပြီး ကြွကြွရွရွလေး ရောက်လာတယ်။

"အစ်မ အစောကြီးရှိသေးတယ်လေ"

"သိတယ်၊ ရော့. . သုံးသိန်း"

"အင်း. . ခရီးစဉ်ကရော"

"စိတ်မပူနဲ့၊ နင် အမြင့်ဆုံးတက်ရမှာ ပြင်ဦးလွင်ပဲ ရှိတယ်၊ ကျန်တာ မြေပြန့် ခရီးစဉ်တွေချည်းပဲ ပုဂံညောင်ဦး၊ ပုပ္ပား၊ မန္တလေး၊ ပြင်ဦးလွင် အဲ့ဒါပဲ"

ထေကြီး ခေါင်းညိတ်လိုက်ပေမယ့် သူ့ကားနဲ့ သူ့အတွက် ခုနစ်စားခန်းတစ်ရပ်ပဲဆိုတာ သိနေတယ်။ ကိုင်းကွာ. . ဖြစ်ချင်တာဖြစ်. . ။

"အစ်မရယ် တစ်ခြားကားပဲ ငှါးပေးလိုက်ပါတော့လား"

www.burmeseclassic.com



"အို. . ရချင်းရ ငါ့မောင်ပဲရပေ့ါ၊ ဘာလို့ သူများပေးရမှာလဲ၊ လမ်းမှာ နင့်ကား ဆယ်ခါလောက်ပျက်ရင် ငါက ပိုတောင်သဘော ကျသေး"

"ဗျာ!"

"ဟုတ်တယ်လေ အဲ့ဒါမှ စုပုပ်အောက်သိုးနေတဲ့ တောက် တဲ့မျက်နှာကို အရသာရှိရှိ ထိုင်ကြည့်ရမှာ၊ ဒီမှာ ပျက်ချင်ပျက်ပစေ ဂရုမစိုက်နဲ့ လိုက်သာလိုက်ခဲ့ ကြားလား"

"ဟုတ်"

"ကဲ. . အစ်မ သွားမယ်၊ ညနေ(၅)နာရီလောက်တဲ့ မောင် လေးရေ့"

"ဟုတ်အစ်မ"

အနီးအပါးမှာ ကိုယ်နဲ့သင်းသင်းလေး ချန်ထားခဲ့ပြီး ထွက် သွားတဲ့ရွှေမှိုကို ထေကြီး မရဲတရဲ လှည့်ကြည့်တယ်။ ရွှေမှို ခြေလှမ်း တိုင်းမှာ သူ့ရင်ခုန်သံတွေ စည်းချက်ကျပြီး တိုင်ပင်မှန်နေတာကို အံ့အားသင့်ပြီး ချက်ချင်းအကြည့်လွှဲပစ်တယ်။ ဒါပေမယ့် ပြန်ကြည့် တာပါပဲ. . ကြောက်ကြည့်ချင်ကြီးထဲမှာ ဒါလည်း ပါမယ်ထင်တယ်။









# အခန်း(၁၉)

**ရေ**နွေပူလို့ ညချမ်း. . တပေါင်းလ သရမ်း. . သတဲ့။ ရမ်းပဲ ရမ်းပါဦးတော့. . အခုတပေါင်းလလည်း ဆုတ်ပြီး မတ်လလည်းကုန် ပြီ၊ သင်းက သရမ်းလို့ကောင်းတုန်းဗျ၊ နေဝင်ပြီးစဆို ဆောင်းညနေ လားမှတ်တယ် အနွေးထည်တွေ ကိုယ်စီနဲ့။ "ဥတုရာသီ တောတိုင်မှာ" တဲ့. . အခု အဲ့ဒီ ကြိုးဝိုင်းဆောင်ပုဒ်လေးရေးထားတဲ့ ဘုတ်ပြားတွေ လည်း ပြည်ပထွက်ကုန်ပြီလား မသိပါဘူး၊ ရိုးမကို ဖြတ်ဖောက်ထား တဲ့ အမြန်လမ်းမကြီးကကြည့်ရင် ရိုးမအိုကြီး နေညိုညိုညနေချမ်း



www.burmeseclassic.com

www.burmeseclassic.com



က. . ထိပ်ပြောင်ကြီး ဝမ်းလျားမှောက်နေသလိုလို. . ။

စိမ့်ကြီးမြိုင်ကြီး ဂနိုင်ကြီးကျောပြောင် ဖြစ်နေတော့ကာ တောမှိုစရာမရှိတဲ့ ဥတုရာသီလည်း ဘာမထိ လာပြီကွ အေးလိုက်စမ်း. . အဟမ်းဟမ်း. . ဟချလောင်း ပူလိုက်စမ်း. . အဟမ်း. . အဟမ်းဟမ်း ဆိုပြီး သရမ်းချင်တိုင်း သရမ်းတော့မပေါ့။ ဒါပေသိ ခုတ်ပြီး ပြန်စိုက်ထားတဲ့ လှုပ်လီလှုပ်လဲ့ ပင်ပျိုပေါက်ကလေးတွေ မြင်ရတော့လည်း၊ အေး. . ငါတို့မြေးတွေ လက်ထက်ကျတော့ တောမှိုလို့ရပြီပေါ့လို့ ဖြေတွေး ဖြည့်တွေးလေး တွေးနိုင်စရာလည်း ရှိပါတယ်။

ဘာပဲဖြစ်ဖြစ် ခုချိန်အထိတော့ ထေကြီးရဲ့ ကားတော်မောင်က အများအဖော်ကိုဆောင်ယူပြီး မီးခိုးတစ်လူလူနဲ့ တောင်ဂမူတွေကိုတောင် ကျော်တက်လာနိုင်နေတာပဲ ဝမ်းသာနေရတာဗျ။

ကားပေါ်ပါလာတာ ဦးကြာမောင်တို့ သားအဖတွေနဲ့ ကိုတောက်တဲ့ပဲရှိတော့ ပေါ့ပေါ့လေးရုန်းပြီး ကျော့ကျော့လေး ဝုန်းနေပုံရတယ်လေ။ ထိုင်တော့ ရှေ့ခန်းမှာ ဦးကြာမောင်ကို ထိုင်ဖို့နေရာပေးတာ. . . စိတ်ကျဉ်းကြပ်တယ်၊ နောက်ခန်းမှာပဲ တောက်တဲ့ဖော်လံဖားပြီး တင်လာတဲ့ ဒရင်းဘက်နဲ့ လိုက်မယ်. . ဆိုတော့ကာ ရှေ့ခန်းမှာ ထေကြီးရဲ့ဖော်သဟာက ရွှေမှီဖြစ်သွားပါတယ်၊ အဲ့ဒါကြောင့်ပဲ ထေကြီးရဲ့ ကားတော်မောင် အားတော်ဆောင် နေသလား မသိဘူးဗျို့။

"အခုတော့လည်း ငါ့မောင်ကားက ဟုတ်နေတာပဲနော်"

"အင်း. . အဟဲဟဲ"





"ဝေါ်!. . ဖွတ်!. . ဖွတ်!. . ဖွတ်!. . ဂလွတ်!. ."

"ဗုဒ္ဓေါ. . မြတ်စွာဘုရား ဘာဖြစ်တာတုန်း"

"ဆီပိတ်တာ ထင်တယ်"

"ဝူး!. . ဖွတ်!. . ဖေါင်း!. . ဝေါင်း!. ."

ရှိုးမအလယ်ရောက်မှ ကားမှုဆိုးအိုကြီးရဲ့ နှစ်လုံးပြူးသံတွေ ပွဲတင်ပြန်ထွက်လာလို့ အသာမှိန်းပြီးလိုက်လာတဲ့ ဦးကြာမောင်လည်း ခေါင်းထောင်လာတယ်။

"ဘာသံလဲ"

ဆိုတော့ကာ. . ရွှေရည်ကငေါ့ငေါ့လေး တော့သံနဲ့. . .

"အဘဌါးလာတဲ့ ကားစုတ်လေ"

ရွှေရည်ကငေါ့တော့ တောက်တဲ့ပါ သံယောင်လိုက်ပြီး. .

"သိတယ် ဒီအစုတ်ပလုတ်နဲ့ ဘယ်နားငုတ်တုတ်မေ့မလဲ ဆိုတာ. ."

တောက်တဲ့စကားကြောင့် ဦးကြာမောင် နားကားလာပြီး. .

"မင်း လျှောက်မပြောနဲ့ မောင်တောက်တဲ့ရဲ့၊ ဒီကားကို ကောင်းလှချည်ရဲ့ဆိုပြီး မင်းလိုက်ဝယ်ပေးထားတဲ့ ကားဆို"

"ဗျာ. . အင်း. . အဲ. . အဟဲ. . ဟဲ"

ကားရဲ့ရုန်းအားက တဖြည်းဖြည်းကျလာတာနဲ့အမျှ ဖွတ်ဖွတ်ဖေါင်းဖေါင်း မြည်သံကလည်း စိတ်လာတယ်။ လောလောဆယ် အတက်ရှည်လေး မျှောတက်နေရတဲ့နေရာ ဆိုတော့ကာ. .

"အစ်မရေ ကိုတောက်တဲ့ကို ကြမ်းတုံးထမ်းပြီး နောက်ကနေ မှေးလိုက်ပေးဖို့ ပြောပေးပါ၊ စက်ရပ်သွားရင် နောက်ပြန်လိမ့်



www.burmeseclassic.com

www.burmeseclassic.com



သွားမှာစိုးလို့”

“အေးအေး”

“အဲ့ဒီနောက် ရွှေမှီ ဘေးကိုခေါင်းထွက်ပြီး နောက်ခန်းကို လှည့်ပြောတယ်”

“ကိုတောက်တဲ့”

“ဟုတ်. . မရွှေမှီပြော”

“ကြမ်းတုံးယူပြီး နောက်ကနေ မွှေးလိုက်လာပေးတဲ့၊ စက်ရပ်သွားရင် နောက်ပြန်လိမ့်ကျမှာစိုးလို့တဲ့”

“ဗျာ!. . ဟာ. . ကျွန်တော် ဒါတော့မလုပ်နိုင်ဘူး”

“ဘာ!. . ရှင်မလုပ်နိုင်ရင် ကျွန်မအဖေက လုပ်ရမှာလား”

တောက်တဲ့ မျက်ခုံးတွေကုတ်၊ ပါးတွေကုတ်ပြီး ရွှေရည်မျက်နှာကို အားကိုးတစ်ကြီး လှမ်းကြည့်တယ်။ သူမှမလုပ်ရင် အဖေအိုကြီး ခိုင်းရမှာဆိုတော့ ရွှေရည်လည်း မတတ်နိုင်ဘူးပေါ့။ ဆိုတော့တာ တောက်တဲ့လည်း နောက်လှည့်ပြီး ကြမ်းတုံးနဲ့ စိတ်ဆိုးမာန်ဆိုး ခုန်ဆင်းလိုက်တယ်။

“ဘုတ်!. . ”

“အမလေးဗျ. . ”

ကားက ရပ်နေတာမှမဟုတ်ဘဲ၊ ဒါကို ဒီအတိုင်းခုန်ဆင်းတော့ အင်နားရှားသဘောနဲ့ ဖင်ထောင်ပြီး ဂွမ်းတစ်ပတ် လည်သွားတယ်၊ လူကလည်း တုတ်တုတ်တိုတို ဆိုတော့ကာ ရေစည်ပိုင်းအစုတ်ကို ဆင်ခလုတ်တိုက်သလိုပဲ. . ဖွဲ့. . ဟဲဟဲ ဆိုပြီး လဲတာပေါ့။ ကျန်တဲ့လူမပြောနဲ့ သူ့ရဲ့အချစ်တော်လေး ရွှေရည်တောင်. . ခိခဲ





အသံတစ်ချက် ထွက်သွားတယ်။

အဲ့ဒီအချိန်မှာပဲ ထေကြီးရဲ့ကားက အရှိန်လျော့ပြီး အမော့တက်ကလေးမှာ ငြိမ့်သွားတော့ ထေကြီးလည်း ဘရိတ်ကလေးတော့တော့ပြီး ဖမ်းတော့ဖမ်းပါ့ရဲ့၊ ဘရိတ်လျော့တယ် ပြောရမလား. . နောက်ကို အိဆင်းနေလို့ ဟန်းဘရိတ် သတိရပြီး ကောက်ဆွဲလိုက်တာ. . ဘရိတ်ကြိုးက ဖောက်ခနဲ။

ထေကြီးကလည်း သွက်တယ်။ ကဗျာကသီ တံခါးဖွင့် ခုန်ဆင်းပြီး သူ့ကားကို ဘေးနံကနေ ခြေကန်ဆွဲတော့ ဟိုဖက်က ရွှေမှီလည်း လိုက်ဆင်းပြီး ဝိုင်းဆွဲရှာပါတယ်။ ဒါပေမယ့် အမော့တက်ဆိုတော့ ပြန်ရောကျသဗျ၊ ဒါကို ထေကြီး ချက်ချင်းသတိဝင်ပြီး အပြင်ကနေ ဂီယာလှမ်းထည့်ပစ်လိုက်တယ်။

“ဂလုပ်!. . ”

“ဟင်!. . ”

ဝင်သွားတဲ့ ဂီယာက ဘက်ဂီယာ ဆိုတော့ကာ. .

“ဝူး!. . ဖွတ်ဖွတ်!. . ဝူးဝူး!”

တော်ပါသေးရဲ့ ထေကြီး သွက်ပေလို့။ ကားပေါ် ကဗျာကသီ ခုန်တက်ပြီး စက်နှိုးလို့ အသက်ဝင်လာတဲ့ ဆာဗိုဘရိတ်နဲ့ အမိဖမ်းလိုက်တယ်။

“ကျွီ. . ရှိ. . ရှိ”

“ဝူး!. . ဝူး!. . ”

အင်ဂျင်ကလည်း ဖွတ်ချိန်းသံပျောက်ပြီး ဝေါက်ခနဲ ဝေါ်ခနဲ တက်လာတယ်လေ။ တော်သေးဟ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . ရပြီ. . ရပြီ. . တက်. . တက်ကြ"

တက်ကြဆိုတော့ တောက်တဲ့ တက်မလာလို့ ရွှေရည် ခုန်ဆင်းပြီးကြည့်တယ်။

"အို ဘုရားရေ. . ကို. . ကိုကြီးတောက်. . ကိုကြီးတောက် လာကြပါဦး"

ရွှေရည်လန့်ပြီးအော်လို့ ဆင်းကြည့်ကြတယ်။

ထေကြီးကတော့ ဆင်းလို့မရဘူး စက်ရပ်သွားရင် ဘရိတ်ဆာဗို အလုပ်မလုပ်တော့ ဒုက္ခပေးကုန်မယ် မဟုတ်လား။

"ဟေ့. . ငတောက်"

"ဗျာ. . အား. . ကျွတ်ကျွတ်"

"ထွက်လေကွာ"

"မရဘူး အိပ်စယ်တန်းနဲ့ ကားလမ်းကြားမှာ ကျွန်တော့်ကိုယ်လုံး ညပ်နေတယ်. . အားလာလာ"

"ဘယ်လိုဖြစ်တာတုန်းဟ"

"ကျွန်တော် လဲကျနေတုန်း သူ့ကားလိမ့်လာတော့ ကျွန်တော်ကို မကြိတ်မိအောင် အလယ်ခေါင်မှာ ရှောင်ပြီး မှောက်လိုက်တာ. . အားကျွတ်ကျွတ်"

ရွှေမှီ ရှေ့ကိုပြန်ပြေးလာပြီး ပြောပြတော့. . .

"ဒီလိုလုပ် အစ်မအပေါ်တက် ကျွန်တော့်အပေါ်တက်ထိုင်လိုက်. . "

"ဟင်. . "

"လုပ်ပါ ကျွန်တော်ပြောသလို လုပ်စမ်းပါ၊ လူချင်းလဲမလို့"





"အင်းအင်း. . "

အင်း. . ဆိုပြီး ရွှေမှီ တက်ထိုင်လိုက်တယ်။

"ဗုဒ္ဓေါ"

"ရဲရဲထိုင်ပါ အစ်မရာ"

"အင်း. . အင်းပါ. . ဒီမှာခုနေလို့"

"ဗျာ!. . "

ထေကြီးလန့်ပြီး ကိုယ်ကိုကျုံ့ပစ်လိုက်မှ. . .

"အေးအေး. . အခုမှအဆင်ပြေတယ်၊ မဟုတ်ရင် စတီယာရင်နဲ့ ခုပြီးညပ်နေတာ"

(တော်ပါသေးရဲ့ စတီယာရင်ကယ်ပေလို့)

"ကျွန်တော့် ညာဘက်ခြေထောက်အောက်မှာ လီဘာရှိတယ်၊ အဲ့ဒါကို အခု ကျွန်တော်နင်းသလောက်ဖွပြီးနင်းထား. . နင်းကြည့်"

"ဝူး!. . ဝူး!. . "

"ဟုတ်ပြီ. . မလွှတ်နဲ့ စက်မသေစေနဲ့"

"ဟောဒီ ဘယ်ဘက်မှာ ဘရိတ်ရှိတယ်၊ အခုကျွန်တော်နင်းသလို ဖိနင်းထား. . လုံးဝနင်းထား၊ ကြွလိုက်တာနဲ့ ကားက နောက်ကိုလိမ့်မှာ. . "

"အင်းအင်း. . ရပြီ"

"ရရင်. . ကျွန်တော် ထွက်ပြီနော်"

ထေကြီး အောက်ကနေ အသာလေး ရှိကာ တိုးထွက်ပြီး တစ်ဖက်ကူရှင်အောက်က ကားဂျိုက်ကို ဆွဲထုတ်ယူသွားတယ်။ ပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့ ကားအောက်ထဲ ငုံ့တိုးပြီး. . .

"ကိုတောက် ကျွန်တော်ဂျိုက်မြှောက်ပေးမယ်၊ အသာလေး ဆုတ်ပြီးထွက်"

"မြန်မြန်လုပ်ကွ. . အား. . ကျွတ်"

ထေကြီး ဘာမှပြန်မပြောတော့ဘဲ လေးပုခက်အောက်က နေ ဂျိုက်ကို ထောက်မပေးလိုက်တယ်။

"ရပြီ. . အား. . ကျွတ်ကျွတ်"

ကိုတောက်တဲ့ အပြင်ရောက်သွားမှ ဂျိုက်ကို အသာလျှော ချဆွဲထုတ်ပြီး လမ်းဘေးလွင့်ကျနေတဲ့ ကြမ်းတုံးပါ နောက်ခန်းထဲ ထည့်ထားလိုက်တယ်။ အဲ့ဒီအချိန်မှာ တောက်တဲ့က. . .

"ထေကြီး မင်းကြည့်လုပ်နော်၊ ငါ အသားနာလာရင် ညှာမှာမဟုတ်ဘူး၊ အခုတောင် ကံကောင်းလို့ မသေတာ. . ရှင်းလား"

"ဒါတော့ မတတ်နိုင်ဘူးဗျာ၊ ခင်ဗျားက ရှယ်ဆိုပြီး ဝယ်ပေးလိုက်တဲ့ကားပဲ"

"ရှယ်. . ရှယ်ကရှယ်လေ၊ ငါက. . ဟို. . တောက်ကွာ. . မင်း"

ထေကြီး ရှေ့ခန်းပြန်ရောက်လာပြီး ရွှေမှိုနဲ့ လူချင်းချိန်းလိုက်တယ်၊ နားလည်ပြီးသားလူက ပြန်လွှဲယူတာဆိုတော့. . စောစောက လောက် ရင်ဖိုစရာ မလိုတော့ဘူးမဟုတ်လား၊ ဒါပေမယ့်လည်း ရွှေမှို အတွက် တကယ့်ကို ရင်ခုန်စိတ်လှုပ်ရှားစရာ ကူညီဆောင်ရွက်မှု ပါပဲ။

"အဆင်ပြေသွားပြီလား"





"အင်း. . နည်းနည်းတော့ စုတ်ပြတ်သွားမှာပဲ၊ စိတ်တော့ မကောင်းပါဘူး တမင်လုပ်တာမှ မဟုတ်တာ"

အဲ့ဒါနဲ့ပဲ ကားဆက်ထွက်လာခဲ့တယ်။ အဲ့ဒီညအတွက်တော့ နောက်ထပ် ကားပြဿနာ မကြုံရလို့ အဆင်ပြေပေမယ့်. . ပွန်းရှ ထိခိုက်ဒဏ်ရာကြောင့် တောက်တဲ့ခင်မျာ အတော်အီစိမ့်ပြီး မိုးလင်း ပိုင်းရောက်မှ လမ်းမှာဖွင့်တဲ့ဆေးခန်း ဝင်ပြပြီး ပတ်တီးတွေ ပလာစတာ တွေနဲ့ ခရီးဆက်ကြတယ်။

ဘုရားဖူးထွက်လာကြလို့ ကားက သဘောကောင်းတာပဲ သား ဘာလားတော့ မသိဘူးခင်ဗျ၊ ပုဂံညောင်ဦး ပုပ္ပါးအထိ ဘာ ပြဿနာမှမရှိဘဲ အတော်အဆင်ပြေပြေနဲ့ ရောက်နိုင်ခဲ့ကြပါတယ်။ အဲ့ဒီကနေ မန္တလေးခရီးစဉ် စတော့မှပဲ ကားက တစ်ခုမဟုတ်တစ်ခု ဖောက်လာပါတော့တယ်။ မြစ်သားကိုလွန်မှ ကားက လုံးဝနိုးလို့မရ တော့လို့ အဲ့ဒီမှာပဲ စတည်းချပြီး ကားပြင်လိုက်ရတယ်။

မြစ်သားကို ဝပ်ရှော့ဆရာ ပြန်ခေါ်ပြီး ပြင်တာပါ။

"ကျွန်တော် ပြင်ဖူးသမျှ ကားတွေထဲမှာတော့ ဒီကားက အမည်ဖော်လို့မရတဲ့ ဗိုင်းရပ်(စ်)တွေ အများကြီးပဲဗျ"

"အေးဗျာ ကားဝယ်တဲ့သူက သူပဲလေ၊ ရန်ကုန်ပွဲစားတန်း မှာတော့ သူက ဆရာကြီးပဲ"

"ဗျာ!. . ဒီလောက်. . စုတ်"

တောက်တဲ့ ငြိမ်မနေနိုင်တော့ဘဲ. . .

"ဟေ့လူ ကားပြင်မှာပြင်ဗျာ အပိုတွေ မပြောနဲ့"

"ဟုတ်ကဲ့. . ဟုတ်ကဲ့. ."



www.burmeseclassic.com

www.burmeseclassic.com



မြစ်သားမှာ ကားပြင်ပြီးဆက်ထွက်တော့. . မန္တလေးအထိ အိုခေပါပဲ ခင်ဗျ၊ မန္တလေး ဘုရားစုံဖူးပြီး ပြင်ဦးလွင်တက်တော့မှ ပဲ. . .

"မောင်လေးရေ ဟိုမှာမြင်လား"

"ဘာလဲ အစ်မ"

"ဒီကုန်းအတက်က (၆၀)ဒီဂရီတဲ့ ဖြစ်ပါ့မလား"

"မဖြစ်လဲ ဘယ်လိုလုပ်မလဲ အစ်မရာ၊ ထုံးစံအတိုင်း ကြမ်းတုံးတော့ လိုက်ရမှာပဲ"

ဒါပေမယ့်လည်း အဲ့ဒီကုန်းမတက်ခင် အရှိန်ယူလို့ရတဲ့ ကုန်းဆင်းတစ်ခု ရှိနေတော့ကာ ထေကြီး အသက်ကို အားပါးတရ ရှူသွင်းပြီး ဖော်မြူလာဝမ်းဒရိုင်ဘာလို စက်ကုန်ဖွင့်ဆင်းပြီး အရှိန်နဲ့ ပြေးတက်ပါတော့တယ်၊

"ဝေါဝေါ!. . ဖွတ်ချက်!. . ဖွတ်ချက်!"

"ဟာ. . တကယ့်အတက်ကျမှ"

"ဖွတ်ဖွတ်!. . "

"ဒုန်း!. . ဂျိမ်း!. . ဝို!. . "

"သွားပဟ"

ပြေးတော့တက်တာပါပဲ. . ဒါပေမယ့်. . .

"သွားပြီ အစ်မရေ၊ ရှေ့ဘီးနှစ်လုံးစလုံး ကျွတ်ထွက်သွားပြီ"

"ဟောတော့. . "

ရှေ့ခန်းကသူတို့နှစ်ယောက် လေကာမှန်နဲ့ ဆောင့်ပြီး နဖူးတွေ အာလူးသီးတွေထွက်ကုန်လို့ နောက်ခန်းပြေးကြည့်တော့. .





နောက်က သုံးယောက်လည်း ဖရိုဖရဲနဲ့ အလဲအကွဲတွေ ဖြစ်ကုန်တယ်။ ဦးကြာမောင်ထိုင်တဲ့ ဒရင်းဘက်က ယိုင်ကျပြီး တောက်တဲ့ဒူးကို ခုံစောင်းနဲ့ ဖိညှပ်ထားလို့ တောက်တဲ့ လျှာတစ်စောင်းကိုက်ပြီး အံကြိတ်ခံနေရတဲ့အဖြစ်က ရယ်စရာကောင်းပေမယ့်. . ထေကြီး မရယ်နိုင်ဘဲ တက်ဆွဲ တည့်မတ်ပေးလိုက်ရတယ်။

"ဘာဖြစ်ပြန်ပြီလဲ မင်းကားက"

"ရှေ့ဘီးတွေ ကျွတ်ထွက်သွားပြီ"

"တောက်. . ချီးပဲကွာ၊ ရန်ကုန်ပြန်ရောက်ရင် ငါ့တစ်ကိုယ်လုံး ဘာတစ်ခုမှ အကောင်းကျန်မှာမဟုတ်တော့ဘူး အားလာလာ"

တစ်ခါ ရွှေရည်ကပါ. . .

"နင့်ကားနဲ့ ငါတို့ ဆက်မသွားနိုင်တော့ဘူး၊ ပြန်မယ် ပိုက်ဆံ ပြန်လျော်ပေး"

"ဟုတ်တယ် ဒါ အမှန်ပဲ"

ဦးကြာမောင်လည်း ဖြစ်ချင်တာဖြစ် ပစ်ဒွားလာလို့ ဖြစ်ချင်သလို ဖြစ်နေတာကို မပြောဘဲ နှုတ်ဆိတ်နေလိုက်တယ်။

မနေနိုင်တာကတော့ ရွှေမှီပါ။

"နင်တို့ မတရားမပြောကြနဲ့လေ၊ အခု ခရီးစဉ်မှာ မရောက်နိုင်တော့တာ ပြင်ဦးလွင်ပဲ ရှိတော့တယ်၊ အဲ့ဒီတော့ ငါးသောင်းပြန်အမ်းမယ်၊ မကျေနပ်ရင် မယူနဲ့"

ထေကြီး ဘာမှဝင်မပြောတော့ဘဲ ကုန်းဆင်းအတိုင်း လိမ့်သွားတဲ့ သူ့ဘီးတွေကို လိုက်ကောက်နေတော့တယ်။

နောက်ဆုံးတော့လည်း တောက်တဲ့တို့ ငါးသောင်းယူပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဖို့ ကျေနပ်လိုက်ကြတယ်။

"အဘကို ပြန်ခေါ်သွား ရွှေရည်"

"ဟင်. . အစ်မကရော"

"ထေကြီးကို ကူညီပြီး ပြန်လိုက်ခဲ့မယ်"

"အစ်မနော်"

"နင် လျှာမရှည်နဲ့ ရွှေရည်"

"ကဲကဲ. . တော်ပြီ၊ တောက် ကားဌားကွာ ပြန်ကြမယ်၊ ဘုရားလည်း တော်တော်ဖူးခဲ့ရပြီပဲ. . ငါကျေနပ်တယ်၊ သမီးကြီး ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်"

"ဟုတ်"

"ဖိုးထေ"

"ဗျာ. . အဘ"

"မင်းအစ်မက မင်းကားထက် အရေးကြီးတယ်"

"စိတ်ချပါ အဘ"

ꩤꩤꩤꩤ





**အဲ့**ဒီနောက်တော့ တောက်တဲ့နဲ့ ဦးကြာမောင်တို့ သားအဖ နှစ်ယောက် အငှားကားနဲ့ မန္တလေး ပြန်လိုက်သွားကြတယ်။ နောက်ဆုံးတော့ မေးပြုတ်ပြီး ငုတ်တုတ်ကျနေတဲ့ ကားဘေးမှာ ထေကြီးနဲ့ ရွှေမှိုတို့နှစ်ယောက်ပဲ တိတ်ဆိတ်စွာ ကျန်ခဲ့တယ်။ ထေကြီးက ကားနောက်ဘီးကို ကျောမှီထိုင်ရင်း. . .

"အစ်မ"

"ဟင်"

"ရှုခင်းတွေ အရမ်းလှပြီး အရမ်းသာယာတာပဲနော်"

ရွှေမှို ငိုအားထက် ရယ်အားသန်ပြီး. . ထေကြီးခေါင်းကို ဒွပ်ခနဲ ခေါက်ပစ်တယ်။

"အရေးထဲ စိတ်ကူးယဉ်ချင်သေးတယ်၊ အခု ဒါကို ဘယ်လို လုပ်မှာလဲ"

"ဒီအတိုင်း ထားခဲ့ရမှာပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . ဒီအတိုင်းထားရင် ကုန်သွားမှာပေါ့ဟဲ့"

"လာပါ အစ်မရာ"

ထေကြီး ပြောရင်း . . သူမလက်ကို လှမ်းဆွဲပြီး ဘေးမှာထိုင်ခိုင်းလိုက်တယ်။

"ကျွန်တော့်ဘဝမှာ စိတ်ညစ်စရာဆိုတာ ကျန်ကိုမကျန်တော့တာပါ၊ အခုဒီကိစ္စလည်း မန္တလေးမှာ ဆယ်တင်ရေးယာဉ်ရှာပြီး မန္တလေးကို ပြန်ဆွဲသွားရုံပဲရှိတာ၊ အဲဒီရောက်မှပဲ ပြင်ပြီး ရန်ကုန်ပြန်ဆင်းရမှာ"

"ဒါဆို . . အချိန်ရှိတုန်းလုပ်လေ၊ အစ်မ ကားစောင့်ကျန်ခဲ့မယ်"

"ဟင့်အင်း အဘ မှာခဲ့တယ်၊ မင်းကားထက် မင်းအစ်မက အရေးကြီးတယ်တဲ့၊ ခုချိန်ကစပြီး အစ်မဘေးက ကျွန်တော် လုံးဝမခွာတော့ဘူး"

"အေးလေ . . ဒီကိစ္စက"

ထေကြီး ဘာမှပြောမနေတော့ပဲ ရွှေမှီပုခုံးကို သိုင်းဖက်လိုက်တယ်။

"ဟဲ့ဟဲ့ . . ဒါ ဘာလုပ်တာလဲ"

"ကျွန်တော် အစ်မကို ချစ်တယ်"

"ဟာ . . ဒီကောင်လေး လွှတ်စမ်း"

ထေကြီး မလွှတ်တဲ့အပြင် တင်းတင်းလေး ဆွဲကပ်ထားတယ်။

"ကျွန်တော့်ကို တကယ်ရင်းနှီးတဲ့စိတ်နဲ့ ကာကွယ်ပေးထား





လောကမှာ နှစ်ယောက်ပဲ ရှိတယ်၊ အဲ့ဒါ အမေနဲ့ အစ်မပဲ၊ ကျွန်တော် ဆုံးဖြတ်လိုက်တယ်၊ ကျွန်တော့်ဘဝမှာ အစ်မရှိမှ ဖြစ်တော့မယ်လို့ အဲ့ဒါကြောင့်ပါ၊ အစ်မ လက်ခံလားဟင်"

"မင်း စဉ်းစားပါဦး၊ မင်းနဲ့တို့က အသက်တွေ အများကြီး ကွာတဲ့ဟာ"

"ဘယ်လောက်များ ကွာလို့လဲ အစ်မရယ်၊ ရှဘီတစ်ဘူးစာတောင် မရှိပါဘူး၊ ရွှေရည်နဲ့ ကိုတောက်လည်း အသက်ကွာတာပဲလေ၊ တစ်ကယ်တမ်းပြောရရင် တစ်မိသားနဲ့တစ်မိသား ပေါင်းဖက်ဖို့က အသက်ကွာတာ မကွာတာ အဓိကမဟုတ်ဘူး အစ်မ၊ စေတနာ မေတ္တာ မကွာခြားဖို့ပဲ လိုတာ"

"မင်း ဒါဘယ်က တတ်လာတဲ့ စကားတွေလဲ"

"ဖိုးထောင်ပြောပြတာ၊ ဖိုးထောင်နဲ့ မမျိုးလည်း အသက်ကွာတာပဲ၊ တော်တော်ကြီး ကွာတယ်၊ ဒါပေမယ့် အချစ်က အတူတူ မမျိုးကလည်း ဖိုးထောင်ကို ငုံထားမတတ်ကို ချစ်တာ၊ ဖိုးထောင်ကလည်း ဘယ်လောက်ချစ်သလဲဆိုရင် သူ့မိန်းမ ပင်ပန်းမှာစိုးလို့ဆိုပြီး တားဆေးကို သူကိုယ်တိုင်သောက်တယ်"

"ဟဲ့ . . ဒီကောင်လေး"

"အဲ့ဒါ တကယ် အစ်မရဲ၊ ကျွန်တော်တောင်လန့်ပြီး အစ်မလိုပဲ အော်မိတယ်၊ ဒါပေမယ့် သဘောကျတယ်၊ ကျွန်တော်လည်း ဖိုးထောင်လိုပဲ ချစ်မယ်၊ အစ်မလည်း ပြန်ချစ်ပါဗျာ . . နော"

"ငါ့နှယ်နော်၊ ကားပျက်တာ ကားမပြင် ရည်းစားစကားသာ ပြောနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



ရွှေရည်နဲ့ ကိုကောက်လည်း အဲ့သလိုပဲ ချစ်ကြစေချင်ပါတယ်ဗျာ၊ အဲ့ဒါ ကျွန်တော့်စိတ်ရင်းပါ၊ သာယာတဲ့ လောကကြီးကို ဖန်တီးဖို့ ကြင်နာတတ်တဲ့ လူသားတွေ အများကြီးရှိဖို့လိုတယ်၊ အခု ဒီနေရာလေး သာတောင့်သာယာ ရှိနေတာက ကျွန်တော့်ကြောင့်ပဲ အစ်မရဲ့၊ ကျွန်တော်က ကြင်နာတတ်တယ်လေ"

"ဟင်း. . ကိုယ့်ဘာသာ ချဉ်နေလိုက်တာများ"

ရွှေမှီ မရုန်းတော့တာလား၊ ရုန်းဖို့မေ့နေတာလား မသိနိုင်ဘူး၊ ကာတွန်းဇာတ်ကောင်တစ်ကောင် မှောက်လျက်လဲရင်. . ဖင်ထောင် ခေါင်းစိုက်ပြီး လျှာတစ်စောင်း ကိုက်နေသလိုမျိုး ထကြီးရဲ့ ကားတော်မောင်လည်း ရှေ့ဘီးနှစ်လုံး ပြုတ်ထွက်ပြီး. . ဖင်ထောင် ခေါင်းစိုက်(လျှာတစ်စောင်း မကိုက်ပါ)နေပေမယ့် တုန်ခါလှိုက်မောဖွယ် အချစ်ဇာတ အာရုံတွေနဲ့ ထုံမွှန်းနေလို့ ပုံသွန်းပြီး ပြတိုက်ကိုတောင် ပို့ထားချင်စရာပါပဲ။

နေရောင်အကွယ်၊ တောင်စွယ်တောင်စောင်းလေးပေါ်မှာ ထွေးပိုက်ကြည်နူးနေကြတဲ့ ချစ်သူနှစ်ဦးက မန္တလေး-ပြင်ဦးလွင် ခရီးသွားကားများအတွက် အားကျစရာပါပဲ။

"သောက်ကျိုးနဲ ကဲနေလိုက်ကြတာကွာ"

"ပုဇွန်တောင် ကြက်တန်းကို အရင်ပို့လိုက်ဦးဟေ့"

"ဓါတ်ဆီရှိလား၊ ဒီမှာ မီးခြစ်ပါတယ်"

ကမ္ဘာလှည့် ခရီးသွားကြီးတွေတောင် သဘောကျပြီး ဒီလို ဩဘာပေးကြတယ်။

"ဟေး. . မာရီလင်မွန်ရိုး၊ အိုခေ. . အိုခေ. . Love of No





Return. . ဟမ်းဟမ်း"

"မောင်လေး. . ဟိုအင်္ဂလိပ်ကြီးတွေ ဘာအော်သွားတာလဲ ဟင်"

"ကိုယ့်လင်ကို ကိုယ်ဂရုစိုက်တဲ့၊ သိပ်ကောင်းတယ်. . ဖက်ထားတာ မလွှတ်နဲ့တဲ့"

ဘာသာပြန်အရမ်းကောင်းလွန်းတော့ ရွှေမှီလည်း မရယ်ဘဲ မနေနိုင်ဘူး။

"တို့တွေ ဒီလိုပဲ နေလိုက်ကြတော့မှာလား၊ ဒီအပျက်ပုံကြီးနဲ့လေ"

"မြင်ရင် ခဏပါ အစ်မရယ်၊ အချစ်သာ ထာဝရပါ. . အေးဆေး"

ဟုတ်ရဲ့လား ပရိသတ်၊ အချစ်က အဲ့သလောက်ပဲ ခွန်အားကြီးသလားဗျာ၊ ကျွန်တော်တို့ကိုယ်တိုင် အဲ့သလိုဘဝနဲ့ ခဏလောက် ကြုံရင်ကော. . ။





www.burmeseclassic.com

www.burmeseclassic.com








## အခန်း(၂၀)

ရပ်ကွက်ထဲကို ပတ်တီးတွေ ချိုင်းထောက်တွေနဲ့ ပြန်ဝင်လာတဲ့ ကိုတောက်တဲ့နဲ့အတူ ဦးကြာမောင်တို့ သားအဖပါ ဘေးက လျှောက်တာကိုကြည့်ပြီး လက်ဖက်ရည်ဆိုင်ထဲကလူတွေ အံ့အားသင့်ကုန်ကြတယ်။

"ဟာ. . ကိုတောက်တို့ ဘုရားဖူးသွားတာ မဟုတ်လား"

"ဟုတ်တယ်ဗျ၊ ကြည့်ရတာ ကားမှောက်တယ်ထင်တယ်"

"ဟ. . ကားမှောက်တာ တောက်တစ်ယောက်ထဲ ထိုးရှာ



www.burmeseclassic.com

www.burmeseclassic.com



လားကွ"

"အာ. . ဒီလူက ဘာမှအလွတ်ပေးတာ မဟုတ်တော့ မသွားခင်ကတည်းက ကျိုးနေတာ"

"ကျိုး. . ကျဲ့. . အဲ. . ဒီကောင်ကွာ၊ စကားအကောင်းပြောစမ်း"

အိမ်ပြန်ရောက်ရောက်ခြင်းပဲ ဦးကြာမောင်က ရွှေရည်နဲ့တောက်တဲ့ကို ပြောတယ်။

"မင်းတို့ ဒီလထဲ မင်္ဂလာဆောင်ကြပေတော့ကွာ၊ ပြီးရင်ကိုယ့်ဘာသာ အိမ်ခွဲနေကြတော့"

"ဟင်. . ဘာဖြစ်လို့လဲ၊ သမီးက အဘနဲ့နေမှာလေ"

"မဖြစ်ဘူးကွဲ့၊ နင့်အစ်မ ရွှေမှိုလည်း သိပ်မကြာတော့ဘူးထင်တာပဲ၊ ပြီးတော့ နင်တို့နှစ်စုံတွဲက မျက်နှာချင်းဆိုင်ထားလို့ မရဘူး၊ တစ်နေရာတည်း အတူထားမိရင် ငါ့အိမ်လည်း ဖိုးထေရဲ့ကားလိုပဲ ဖင်ထောင်ခေါင်းစိုက်ပြီး ငါပါ လျှာတစ်စောင်းကိုက်သွားနိုင်တယ်"

"ကဲ. . ကိုကြီးတောက် အဘပြောတာ ဘယ်လိုသဘောရလဲ"

"အေး. . အဲ. . အဟင်းဟင်း. . ကောင်းပါတယ်၊ မင်. . မင်္ဂလာဆောင်ပြီးရင် နေဖို့တစ်ခုပဲ"

"ဟင်. . ကိုကြီးတောက်ရဲ့အိမ်မှာ သွားနေကြမယ်လေ"

"အဲ. . အဲဒါက ဌား. . ဌားထားတဲ့ အိမ်ဆိုတော့"

"ဘာ!. ."





"ဟမ်!. . ငတောက်"

"ဗျာ!. ."



www.burmeseclassic.com

www.burmeseclassic.com



**ထေ**ကြီးနဲ့ ရွှေမှီအတွက်တော့ အင်မတန် လှပပြီး ရင်ခုန်စရာကောင်းတဲ့ ညတစ်ညကို အရှိန်းဆန်ဆန် ဖြတ်သန်းခဲ့ကြပြီးတဲ့နောက် တွဲလက်တွေ ပိုမြဲလာပြီး အပုံလိုက်ဖြစ်နေတဲ့ ကားကို နှစ်ယောက်သား တက်ညီလက်ညီ ထုထဖို့ ကြိုးစားကြတယ်"

"ကျုပ်ပြင်ပြတ်တာ မဟုတ်ဘူး အစ်မရ. . ဘာမှမဖြစ်ဘူး၊ ဒီလောက်တော့အေးဆေး"

"လိုအပ်တဲ့ ပစ္စည်းလေးတွေ မန္တလေးအထိတောင် ဆင်းစရာမလိုဘဲ အုန်းချောမှာတင် ဝယ်လို့ရတဲ့အတွက် ထေကြီးကိုယ့်အားကိုယ်ကိုး ကြိုးစားကြည့်လိုက်တယ်။

မကြာခဏ ဝပ်ရှော့သွားနေရလို့ မျက်စိရေ ဝနေတာရော၊ အဆင်သင့်ထည့်ယူလာတဲ့ လက်သုံးကိရိယာလေးတွေရော ရှိနေတာကြောင့် သူ့ဘာသာ ဘီးတပ်၊ အောက်ပိုင်း ဘာတွေထိသလဲ





ကြည့် သိပ်အန္တရာယ်မရှိ ဒုက္ခမပေးတာတွေ အသာရှော်ထားပြီး လိုအပ်တာလောက် အစားထိုး လဲလှယ်လိုက်တယ်"

"ကိုင်း. . ပြီးပြီ အစ်မရေ၊ လက်စနဲ့ ပြင်ဦးလွင် တက်ကြမလား"

"အမလေး ရန်ကုန်ပဲ ပြန်ပရစေတော့၊ ဒါတောင် ပြင်ဦးလွင်ကိုအတက် အစပိုင်းပဲ ရှိသေးတာ၊ ဒီထက်ပိုပြီး ပိုမြင့်လာရင် နတ်ပြည်ရောက်အောင် သွားပြီးမှ ငရဲပြည်ကို ဇောက်ထိုးခုန်ချသလို ဖြစ်တော့မယ်၊ ဒါတွေ သိမ်းလိုက်တော့မယ်"

"ဟုတ်. . နောက်ခန်းထဲသာ ပစ်ထည့်ထားလိုက် အစ်မ"

အားလုံး သိမ်းဆည်းပြီးမှ ထေကြီးတို့ ကားထဲ ဝင်ထိုင်ကြပြီး ကားစက်နှိုးကြည့်လိုက်တယ်။

"ကစ်ကစ်ကစ်. . ဖွတ်"

"ကစ်ကစ်ကစ်. . ဝူး. . ဖောင်း. . ဝူးဝူး"

"ဝိုး. . ရပြီကွ၊ ဟတ်ဟား"

"မောင်လေး အောက်မှာ ကြမ်းတုံး ကျန်သေးတယ်"

"ထားလိုက်တော့. . အောင်ပင်လယ်နားမှာ ကြမ်းတုံးတွေ ရောင်းတာ တွေ့ခဲ့တယ်၊ အဲ့ဒီမှာ ဆယ်တုံးလောက် ဝင်ဝယ်သွားကြမယ်"

ထေကြီးတို့ မန္တလေးဘက် ပြန်မောင်းလာကြပြီး အောင်ပင်လယ်ရောက်မှ ကြမ်းတုံးဝယ်ကြတယ်။

"ဘယ်နှတုံး ယူမလဲ ဆရာ"

"အားလုံးသာ ကားပေါ်ပစ်တင်လိုက်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျာ"

"အားပေးတာ. . အားပေးတာ. . အဟဲဟဲ"









# အခန်း(၂၁)

"ရှူး. . ဖွတ်. . ဖွတ်. . ဖွတ်. . ဖောင်း"

"ဟာ. . ထေကြီးကား ပြန်ဝင်လာပြီဟေ့"

အသံကြားကတည်းက ထေကြီးကားဆိုတာသိပြီး ရပ်ကွက်ထဲကလူတွေ ထွက်ကြည့်ကြတယ်။ ကားက ဘုရားဖူး ထွက်သွားပြီး လူတွေ ဒဏ်ရာနဲ့ ပြန်ရောက်လာကြတော့ ကိုယ့်ရပ်ကွက်သားဆိုပြီး သဲယောဇဉ်နဲ့ စိုးရိမ်နေကြတဲ့အချိန်မှာ ခုလို ဖွတ်ဖွတ်ဖောင်းဖောင်း ကြားရတော့ ဝမ်းသာသွားတယ်နဲ့ တူပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ထေကြီးကားပါပဲ၊ ရှေ့မှန်မှာ စာရေးထားတယ်ဟ ဘာပါလိမ့်"

"ငါသည် မုချ အရည်ကျို ခံရတော့မည်

အချိန်ပိုင်းသာ လိုတော့သည်။

ဖျက်သိမ်းစာရင်းမဦးခင်. .

'စလစ်'ဦးအောင် လျှောက်ရပေတော့မည်။"

"ဟားဟားဟားဟားဟား"

"ထေကြီးတို့ကတော့ လုပ်ချလိုက်ပြန်ပြီဟေ့"

"ဝူး. . ဖွတ်. . ဖွတ်. . ဖေါင်း. . ဂုတ်"

"ဟင်. . စက်သေသွားတာလား"

"မဟုတ်ဘူးအစ်မ ရပ်လိုက်တာ၊ ကျွန်တော်တို့ လက်ဖက်ရည် ဆင်းသောက်ကြရအောင်"

"အိမ်ရောက်တော့မယ်ဟာ"

"ခဏလေးပါ အစ်မရဲ့. . လာပါ"

အဲ့ဒီနောက် ထေကြီးနဲ့ ရွှေမှိုတို့ ကားထဲကထွက်ပြီး. . လက်ဖက်ရည်ဆိုင်ထဲ ဝင်ကြတယ်။

"ဘာသောက်မလဲ ဖိုးထေ"

"ကျဆိမ့်နှစ်ခွက်"

ထေကြီးတို့ ထိုင်တယ်ဆိုရင်ပဲ ရပ်ကွက်ထဲက မျက်နှာသိတွေ ထေကြီးတို့ဝိုင်းကို စုလာကြတယ်။

"မင်းတို့သွားတာ လူလေးနှစ်စိတ်တစ်ပိုင်းနဲ့ ဘယ်လိုဖြစ်လို့ နှစ်ဖွဲ့ကွဲပြီး ပြန်လာကြတာလဲ"





"အေးလေ. . တောက်တဲ့လည်း ပတ္တီးတွေနဲ့"

"လမ်းမှာကားပျက်လို့လေ ကျွန်တော်တို့ ကားပြင်ပြီးမှ ပြန်လာလို့ နောက်ကျနေတာ"

"ဟေ. . ဒါဆို မင်းတို့နှစ်ယောက်ထဲပေါ့"

"အင်းလေ ဘာဖြစ်လို့လဲ"

ထေကြီးပြန်မေးရင်းလှည့်ကြည့်တော့ သူနဲ့ရွှေမှိုကို ကြည့်နေကြတဲ့ မျက်လုံး တွေကို သဘောပေါက်သွားပြီး ထေကြီးပြုံးတယ်။

အဲဒီနောက်. . .

"ကျွန်တော်တစ်ခါတည်း ကျေညာလိုက်တော့မယ်ဗျာ. . အစ်မရွှေမှိုနဲ့ ကျွန်တော်က ချစ်သူတွေဖြစ်ကုန်ကြပြီ"

"ဖြစ်ရမယ်လေ သိတယ်"

"ရှေ့နှစ်ယောက် လက်ထပ်ကြမယ်လို့လည်း စိတ်ကူးတယ်"

"ဒါပေါ့ ဒီလိုပဲဖြစ်ရမှာပေါ့၊ ကဲ. . ကုန်ပြီ ဟကောင်တို့ရေ ဦးကြည်မောင် ရှုံးခါလိုက်ပြီ၊ မင်းတို့လည်း တစ်ခြားမှာသာ ရှာကြပေတော့"

"ဗျာ. . ဘာကိုလဲ"

"ဩော်. . ဘာမှမဟုတ်ပါဘူးကွာ"

အဲဒီနောက် အသီးသီး ကိုယ့်ဝိုင်းကိုယ်ရွှေ့ ထိုင်သွားကြမှ ရွှေမှိုက. . .

"ဘာတွေလည်းမသိဘူး အူကြောင်ကြောင်နဲ့"

"အစ်မသဘောပေါက်အောင် ပြောရရင် ကျွန်တော်ယတ်ဦးသွားလို့ အစ်မရဲ့၊ မဟုတ်ရင် ဒီလူတွေ အစ်မကို ချိန်နေကြတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . မိန်းကလေးတစ်ယောက်ကို ဘာများမှတ်နေလဲ မသိဘူး"

"ထားလိုက်ပါ အစ်မရာ ကျွန်တော်တို့နှစ်ယောက် ဆုပ်ထားတဲ့လက်ကို ဘယ်တော့မှ မဖြုတ်ဖို့ အဓိကပဲ"

"မင်းပဲ ဂရုစိုက်ပါကွယ်၊ ယောကျ်ားအတော်များများက အစာဝရင် ဌာနပြန်ချင်ကြတဲ့သူတွေ ခတ်များများရယ်"

"ဟားဟား. . လုံးဝပဲ၊ အစ်မက အလုံးလိုက်ကြီး ဝလာလဲ ကျွန်တော်က ချစ်မှာပဲ"

"အေးပါ. . ကြည့်သေးတာပေါ့၊ ကဲ. . ရှင်းလိုက်တော့ ပြန်ကြရအောင်၊ အစ်မလည်း နားချင်ပြီ"

ထေကြီးတို့ လက်ဖက်ရည်ဘိုးရှင်းပြီး ဆိုင်ထဲကအထွက် ရပ်ကွက် အတွင်းဘက်လမ်းအတိုင်း ဘောက်ဆတ်ဘောက်ဆတ်နဲ့ လျှောက်လာနေတဲ့ မုဆိုးမ မမြတင်နဲ့ နောက်ကနေ ထော့နင်းထော့နင်းနဲ့ လိုက်လာတဲ့ တောက်တဲ့ကို တွေ့လိုက်ရလို့ ထေကြီးတို့ ကားထဲ မဝင်နိုင်သေးပဲ ရပ်ကြည့်မိကြတယ်။

"ရှင် သောက်ရူက်ကွဲချင်ရင် အဲဒီကောင်မကို ယူကြည့်လိုက်"

"မြတင်ရာ နင်သဘောမပေါက်ပါလား"









# အခန်း(၂၂)

"ဘာဘာ သမီးပြန်လာပြီ"

"အေး. ."

ရွှေမှိဝမ်းသားအားရလေး နှုတ်ဆက်ပြီး အိမ်ပေါ်အပြေးတလေးတက်ဖို့ ခြေလှမ်းတွေ. . အဘာရဲ့ 'အေး'ဆိုတဲ့ အေးစက်စက်အသံကြောင့် စိတ်ထဲထင့်ပြီး လှမ်းကြည့်လိုက်တယ်။ ပါးစောင်မှာ ကွမ်းငုံထားပါလျက်နဲ့ ကွမ်းအစ်ဖွင့်ပြီး ကွမ်းယာနေပုံထောက်ရှင် အဘာစိတ် တစ်ခုခုဖြစ်နေပြီဆိုတာ ရွှေမှိ ချက်ချင်းသိတယ်။ အဘာဘ



www.burmeseclassic.com

သူ့စိတ်ထဲ အလိုမပြည့်ဖြစ်လာရင် ကွမ်းအစ်ပဲ ရမယ်ရှာပြီး ကွမ်းတွေချည်း ဖိဝါးတတ်တာ အကျင့်ပဲလေ။ ဒါကြောင့် သူမလက်ထဲကအိတ်တွေ အထုပ်တွေ အသာအယာချပြီ ဖခင်ရှေ့ထိုင်လိုက်တယ်။

"အဘ နေကောင်းရဲ့လားဟင်"

"ကောင်းတယ်"

"အဘတစ်ခုခုဖြစ်နေပြီ၊ ဘာဖြစ်လို့လဲဟင်"

သူမမေးနေပေမယ့်လည်း ပြန်မဖြေဘဲ ကွမ်းပဲ မြုံ့ဝါးနေတော့ကာ သူမ တွေးရပြီလေ။ ပြန်လာတာနောက်ကျလို့လား. .၊ ထေကြီးနဲ့ ပတ်သက်မိမှာကိုပဲ စိုးရိမ်တာလား၊ မဟုတ်မှလွဲရော ရွှေရည့်ကိစ္စနဲ့များ. . .

ရွှေမှီ မေးမနေတော့ဘဲ. . အိမ်အတွင်းဖက် ဝေ့ကြည့်လိုက်တယ်။

"ရွှေရည်ရောဟင် အဘ"

"အခန်းထဲမှာ"

သူမ အသာထလျှောက်လာပြီး အိပ်ခန်းထဲဝင်တော့မှ အခြေအနေကို နားလည်သလိုဖြစ်လာတယ်။ ရွှေရည် အခန်းထောင့်ကပ်ထိုင်ပြီး ငိုထားလိုက်တာမှ မျက်နှာကိုအစ်ဖောင်းနေတာလေ။

"ရွှေရည်"

သူမကိုမြင်မှ ရွှေရည်ဝမ်းနည်းသွားပုံရပြီး အိခနဲငိုချတယ်။

"ညီမလေးဘာဖြစ်လို့လဲဟင်"

"ရွှေရည်တော်တော်နဲ့ကို ပြန်မဖြေနိုင်ဘဲ တစ်ကိုယ်လုံးဆတ်ဆတ်ခါနေအောင် ရှိုက်ငိုနေလို့ ပြဿနာကြီးကြီးတစ်ခု ရှိနေ





ပြီဆိုတာ သူမတွက်မိပြီ ရွှေရည့်ကို နှစ်သိမ့်ပွေ့ဖက်ထားလိုက်တယ်။

"အစ်မကိုပြောစမ်းရွှေရည် အကုန်ပြောစမ်း"

၄ ၄ ၄ ၄



www.burmeseclassic.com

www.burmeseclassic.com



"အမေ သားပြန်လာပြီ"

"အေးအေး. . ပြန်ရောက်လာတာပဲ တော်လှပြီ၊ ငါမလိုက်မိတာပဲ ခတ်ကောင်းကောင်း"

"အာ. . အေးအေးဆေးပါအမေရာ၊ အခုလည်း ဘာဖြစ်လို့လဲ၊ ဪ. . ဒီမှာ အမေကြိုက်တဲ့ အညာလုံချည်လေးတွေ၊ ဒါက သနပ်ခါးစစ်စစ်ဗျ၊ ဒါက ထိုးမုန့်၊ ဒါက. . ."

"အဲဒါ အသာထားစမ်း၊ လူလေး မင်း ဟိုကိစ္စကြားပြီးလား"

"ဗျာ. . ဘယ်ကိစ္စတုန်း"

"ရွှေရည်နဲ့ တောက်တဲ့ကိစ္စလေ"

"မကြားဘူး ဘာဖြစ်လို့လဲ"

"အေး မင်းတို့ပြန်မရောက်ခင်လေးတင်ကဘဲ အနော်





ပိုင်းက မြတင်းရယ် ကိုကြာမောင်တို့အိမ်ပေါ်တက်ပြီး ကြွမ်းသွားတယ်၊ သူ့မှာ တောက်တဲ့ကိုယ်ဝန်ကို လွယ်ထားရပြီတဲ့၊ အခု. . . တောက်တဲ့က ရွှေရည်နဲ့ယူကြမယ်ကြားလို့ လာရှင်းတာတဲ့"

"ဟာ"

"အေး. . ကိုကြာမောင်လည်း အခုတင် ဒီကနေပြန်သွားတာ၊ ငါလည်း ဘာမှအကြံဉာဏ်မပေးတတ်လို့ ပြောပြသမျှပဲ နားထောင်လိုက်ရတယ်"

ဒီတော့မှ လမ်းမှာတွေ့ခဲ့တဲ့. . တောက်တဲ့နဲ့ မမြတင်တို့အခြေအနေကို ဆက်စပ်မိသွားတယ်။ တောက်တဲ့လိုက်ချော့နေတာ ဒါကြောင့်ကိုးလို့တွေးပြီး ရွှေရည့်အတွက်လည်း စိတ်ပူသွားတယ်။

"ပြဿနာက ဘယ်လိုဖြစ်နိုင်မလဲအမေ"

"ကိုကြာမောင်ကတော့ သူ့သမီးအရှက်ကွဲရမယ့်ကိစ္စမို့လို့ တောက်တဲ့နဲ့ သူ့သမီး မပေးစားတော့ဘူးလို့ ပြောသွားတာပဲ"

ထေကြီး ပင့်သက်ခိုးရှိုက်မိတယ်။ တောက်တဲ့ဆိုတဲ့လူက အမြီးကျက်အမြီးစား၊ ခေါင်းကျက်ခေါင်းစား၊ ရွှေရည်လို တစ်ကိုယ်လုံးကျက်ပြီး မွှေးအိနေတဲ့ အကင်လှလှလေးကို ဒီလူမစားပဲနေမလား. . ဘုရား. . ဘုရား"

"အမေ. . သားအဲ့ဒီအိမ်ကို ခဏသွားလိုက်ဦးမယ်"

"ဖြစ်နိုင်ရင်တော့ မသွားစေချင်ဘူး သားရယ်၊ ခရိုးလည်းပန်းလာတာ နားလိုက်ပါဦးလား"

ဆိုတော့လည်း သူဟိုတွေးဒီတွေးနဲ့ အမေ့ဘေးမှာပဲတိုင်ကိုလှဲချလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ကယ်လို့များဆိုတဲ့ အတွေးစက သူ့အတွေး အာရုံထဲ တစ်ဆို့ဆို့ကြီးဖြစ်လာလို့ သူဆက်မတွေးပဲ ငြိမ်နေလိုက်ရတယ်။









## အခန်း(၂၃)

ဘုရားဖူးပြန်လာပြီးကတည်းက အကျည်းတန်လောက်အောင် တိတ်ဆိတ်သွားတဲ့ အိမ်ကလေးထဲ. . . ရွှေမှီနေနေရတာ အသက်ရှူမဝချင်သလို၊ မွန်းကြပ်သလိုလို ခံစားရလွန်းလို့ အပြင်ထွက်မယ်စိတ်ကူးတော့လည်း ရပ်ကွက်ထဲက မျက်လုံးအကြည့်တွေကို ရင်မဆိုင်ရဲပြန်ဘူးလေ။ အိမ်ကိုလာလာပြောကြလို့ နားနဲ့အောင် ကြားနေရတဲ့ သတင်းစကား အတင်းစကားတွေကလည်း ကိုယ့်မျက်နှာကိုယ် ခေါင်းနဲ့လှီးပစ်ချင်စရာကောင်းလေးကိုအောင်



www.burmeseclassic.com

www.burmeseclassic.com



ရှက်စရာကောင်းလွန်းလို့ အိမ်တွင်းပုန်းပြီး မျက်ရည်လည်ရွဲဖြစ်တဲ့ ရွှေရည့်ကိုပဲ ထုထုပစ်ချင်စိတ်တွေ ဖြစ်လာတယ်။

ဒါပေမယ့်လည်း. . .

"ညီမလေး. . နင် ငိုနေတာတစ်ခုနဲ့ပဲ အရာရာ အားလုံးပြီးမှာလား"

"ဟင့်. . ရွှတ်. . ညီမလေး ဘာလုပ်ရမှာလဲ"

ရွှေမှိုပင့်သက်ချပြီးရွှေရည့်ကို အခန်းထဲက ခေါ်ထုတ်လာခဲ့တယ်။ အဲ့ဒီနောက် ညီအစ်ကနှစ်ယောက် အိမ်ရှေ့ဧည့်ခန်းလေးမှာ ထွက်ထိုင်ကြရင်း။

"ညီမပြောခဲ့တဲ့စကားကို မှတ်မိလား၊ စုတ်ချာတဲ့ဘဝကို ပြောင်းပြန်လှန်ပစ်ဖို့ ကံလမ်းကို ရွေးလို့မရဘူး. . ဉာဏ်လမ်းကို ရွေးရတယ်၊ ရုပ်ရည်ထက် ရေရုပ်ကိုကိုပဲ ရွေးရလိမ့်မယ် ဆိုတာလေ၊ ဒီနေရာမှာ အစ်မပြောချင်တာက 'ရုပ်ရည်'ဆိုတဲ့ စကားလုံးကို လူတွေ အပြီးသတ်နားလည်ထားတာနဲ့ တစ်ကယ်သရုပ်ခွဲ နားလည်ထားတာ ဘယ်လောက်လွဲသလဲဆိုတာ. . အမှန်တော့ ရုပ်ရည်ကို တွဲမမြင်ဘဲ ရုပ်နဲ့ရည်ကို ခွဲမြင်ရတယ်၊

ရုပ်က ဥပတိရုပ် ကောင်းမကောင်း ဆန်းစစ်တဲ့သဘော ရည်ဆိုတာက လူရည်လူသွေးကို ဆန်းစစ်တာ၊ ဖဲဒီ နှစ်ခုပေါင်းမှ ရုပ်ရည်ခန့်ငြားတယ် ရုပ်ရည်မပြည့်စုံဘူးလို့ သတ်မှတ်ကြတာ ညီမလေးရဲ့၊ အခုတော့ ရုပ်ရည်ဆိုတာ လူရဲ့ဥပတိရုပ် တစ်ခုတည်းကိုပဲ မြင်ကြတော့တယ်၊

အဲ့ဒီကြားထဲမှာမှ. . ညီမလေးလို ဉာဏ်ကောင်းတဲ့သူတ





ပြောင်းပြန်လှန်ပြီး ရုပ်ရည်ကို 'ရေရုပ်' လုပ်ပစ်လိုက်တော့ အခုလို ဒုက္ခရောက်ကုန်တော့တာပဲလေကွယ်၊ အစ်မပြောတာ သဘောပေါက်ရဲ့လား"

"ဟုတ်. ."

"အေး. . . ဒါ့ကြောင့် လောကရဲ့သဘောကို သဘာဝအတိုင်းမြင်အောင် ကြိုးစားရတယ် ဘုရားရှင်ကလည်း အဲ့ဒီသဘောကိုပဲ ညွှန်ပြဆုံးမတယ်၊ ကံကံ၏အကျိုးပေါ့. . ကံရဲ့သဘောကို ခြေခြေမြစ်မြစ်နားလည်ပြီး ယုံကြည်လက်ခံလိုက်ရင်. . လောကရဲ့ ဆင်းရဲခြင်းကို အထိုက်အလျှောက်ဖြေလျှော့ချနိုင်တယ်၊ ဒါမှမဟုတ် လုံးဝပြေလျှော့ပစ်လိုက်လို့ရတယ်၊

အစ်မကတော့ ယုံကြည်တယ်. . . အဲဒါကြောင့် ဘဝကို ရောင့်ရဲနိုင်တယ်၊ အနာဂါတ်ဘဝအတွက် ပစ္စုပ္ပန်ရဲ့ ဖြူစင်မှုကို ထိန်းကျောင်းနိုင်တယ်၊ ဆင်းရဲခြင်းဆိုတဲ့ ဝဋ်ဒုက္ခကို ပျားရည်လိုပဲ သောက်စို့နိုင်တယ်၊ အဲ့ဒါ လောကရဲ့အလိုပဲ ညီမလေး၊ အစ်မပြောတာ နားလည်သဘောပေါက်ရဲ့လားဟင်"

ရွှေရည်ပြန်မဖြေပေမယ့် အငိုတိတ်သွားတယ်၊ ရက်အတန်ကြာအောင် ပျောက်ဆုံးနေတဲ့ တက်ကြွရွှင်လန်းမှုတွေ သူမမျက်နှာပေါ်မှာ အလုံးစုံ ပြန်မမြင်ရပေမယ့် တစ်ဖျတ်ဖျတ် ပုတ်ခတ်လာတဲ့ မျက်တောင်နက်နက်ကော့ကော့ကြီးတွေရဲ့နောက်က မျက်လုံးအစုံဟာ မှုန်ဖျော့ရာကနေ ရဲရင့်တက်ကြွလာတယ် စူးရှတဲ့အကြည့်တစ်ဝန်းမျိုးနဲ့ အပြင်ဘက်ဆီ တစ်ချက်လှမ်းငေးပြီးမှ အသက်ပြင်းပြင်း တစ်ချက်ရှူသွင်းလိုက်ပြီး အစ်မဖြစ်သူရဲ့လက်ကို ဆုပ်ကိုင်လိုက်ပါ

www.burmeseclassic.com



တယ်။

“ညီမလေး နားလည်ပါပြီ၊ ညီမလေးကြောင့် အဖေနဲ့ အစ်မတို့ အရှက်ကွဲရ စိတ်ဆင်းရဲရတာတွေအားလုံး မပြောင်းလဲပစ်နိုင်တော့ပေမယ့် နောက်ထပ် မရှိမစေရတော့ဘူးလို့ ကတိပေးပါတယ် အစ်မရယ်၊ ဒါပေမယ့် ညီမလေး အလုပ်တော့. . .”

“အေးပါ ညီမရယ်”

“အေးပါမလုပ်နဲ့လေ အစ်မ”

စကားသံနဲ့အတူ အိမ်ပေါ်တက်လာတဲ့ ထေကြီးကြောင့် သူတို့ညီအစ်မတွေ စကားစပြတ်ပြီး လှည့်ကြည့်ကြတယ်။

“ဟင်. . မောင်လေး နင်ကားမထွက်ဘူးလား”

“အခုပဲ ဝပ်ရှော့မှာ သွားထိုးခဲ့ပြီး ပြန်လာတာ၊ ကျွန်တော်ရောက်နေတာကြာပြီ. . အစ်မရဲ့ တန်ဖိုးကြီးတဲ့စကား အရှိန်ပျက်သွားမှာစိုးလို့ အောက်မှာငြိမ်ပြီး နားထောင်နေတာ၊ အားလုံးအမှန်တွေချည်းပဲ နောက်ဆုံးတစ်ခုကျမှ မလွဲနဲ့လေ”

“ဟေ. . ဘာတွေလွဲနေလို့လဲ”

ထေကြီး ဝင်ထိုင်ပြီး ရွှေရည်ကိုမေးငေါ့ပြရင်း. . .

“ကံကိုယုံကြည်သွားပြီ၊ အိုခေ နောက်ထပ်အမှားမရှိအောင်နေမယ်. . ကောင်းတယ်၊ အလုပ်ပြန်ဆင်းဖို့ မဝံ့မရဲဖြစ်နေလို့ အိမ်မှာနေမယ်၊ ဒါတော့. . နိုးပဲ၊ အဲ့ဒါ. . အခြေအနေအားလုံးအပေါ် အလုံးစုံလက်မခံနိုင်သေးတာပဲ၊

အဲ့တာလို့ လက်မခံနိုင်ရင် နောက်ထပ်မမှားတော့ဘူးဆိုတာလည်း မသေချာသလိုဖြစ်နေတယ်၊ ဒီတော့ဟာ. . ငါ အကြံပေး





ချင်တာက နင်အလုပ်ပြန်ဆင်းပါ၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိအောင် ပြန်တည်ဆောက်ပါ၊ ပျက်တာကိုပြင်ရင် နည်းနည်းတော့ ပင်ပန်းတယ်. . ဒါပေမယ့် အဲ့ဒီပင်ပန်းမှုက ကိုယ့်ရဲ့ယုံကြည်မှုကို ကြံ့ခိုင်အောင် အားဖြည့်တဲ့သဘောလို့ မှတ်ယူရတယ်၊

တရုတ် စကားပုံတစ်ခုရှိတယ်၊ ဘဝကို ရင်ဆိုင်ဖို့ စက်ဘီးစီးတတ်အောင် သင်ယူပါ. . လဲကျရင် ပြန်ထပါတဲ့. . ငါတော့ အကြိမ်ကြိမ်လဲကျခဲ့ဖူးတယ်၊ အကြိမ်ကြိမ်ပြန်ထ ထူမတ်ပစ်လိုက်တယ်၊ ခုချိန်ထိပဲ လဲကျနေတုန်းပါပဲ၊ တောက်တဲ့ ကလိမ်ချကျလို့ ငါ့မှာ ကားစုတ်ကြီး ဒုက္ခပင်လယ်ထဲဝေနေတာ နင်အသိပဲလေ၊ ဒါပေမယ့် အဲ့ဒီအစုတ်ကြီးနဲ့ ဘုရားဖူးထွက်ခဲ့တယ်၊ အဲဒီအစုတ်ကြီးနဲ့ ငါ့ အသက်မွေးမှုကို ကြံ့ကြံ့ခံနေရတယ်၊ အဲဒီအစုတ်ကြီး အကြောင်းပြုပြီး တန်ဖိုးထားရတဲ့ ချစ်သူ. . . .”

“အဟမ်း. . အဟမ်း. . အဟွတ်ဟွတ် အမလေး တံတွေးသီးလိုက်တာ၊ ဒီနေ့ ဘာဟင်းကောင်းစားရမှာလဲ မသိဘူး၊ နင် ဟင်းစားတွေ ဘာတွေများ ဝယ်ခဲ့တာလား. . .”

ထေကြီး စကားပြတ်သွားအောင် စကားလမ်းလွှဲပစ်တဲ့ ရွှေမိကိုလှမ်းကြည့်တော့ မျက်နှာလေးရဲပြီး အနေအထိုင်ခက်နေလို့ ထေကြီးလည်း အလိုက် သိပေးရတယ်။

“မဝယ်ရသေးဘူးအစ်မ အဲ့ဒါဝင်မေးတာ၊ အစ်မတို့အိမ် ဘာချက်လဲလို့ မချက်ရသေးရင် ဟင်းစားသွားဝယ်မလို့”

“ဘာမှမချက်ဘူး. . ဈေးလည်းမသွားဘူးလေ၊ အခုလည်း အလုပ်သာသွားတာ ထမင်းချိုင့် မပါဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ဒါဆို ကျွန်တော်သွားဝယ်မယ် အစ်မရှုယ်ချက်ပေး နော်. . ကျွန်တော် ဒီနေ့ ဒီမှာထမင်းစားမှာ"

"အေးပါ နင်သာ ဟင်းကောင်းဝယ်ခဲ့စမ်းပါ"

"စိတ်ချ ခဏလေးပဲစောင့်"

ထေကြီးဝမ်းသာအားရ အိမ်ပေါ်က ခုန်းဆင်းသွားမှပဲ ရွှေမှီ လည်း အသက်ဝဝ ရှူနိုင်တော့တယ်။









# အခန်း(၂၄)

တာချိန်ကာလကိုပြောရရင် မိနစ်ကိုးဆယ်ပြည့်သွားလို့ လေလွင့်ချိန်သတ်မှတ်ပြီး. . ပြိုင်ပွဲရဲ့ အဆုံးသတ်ပိုင်းကို ရင်ခုန်စွာ စောင့်စားနေရတဲ့ကာလလို့ ပြောရမလား၊ ဒါမှမဟုတ် အချိန်ပို ကစားခွင့်ရှိနေတဲ့ ပြိုင်ပွဲအမျိုးအစား ဖြစ်နေမလားဆိုတာတော့ တံဇာတ်ဆရာရဲ့ အလိုကျပါ ပရိတ်သတ်ရယ်။

လောလောဆယ်တော့ ထေကြီးနဲ့ ရွှေမှီအတွက် သာယာ ဖြောင့်ဖြူးတဲ့ ချစ်သူဘဝလေး အေးချမ်းတည်ငြိမ်မှု ရှိနေသလို. .



www.burmeseclassic.com

www.burmeseclassic.com



ရွှေရည်လည်း ပုံမှန်အတိုင်း စက်ရုံပြန်ဆင်းနေတာ သုံးလလောက်တောင် ရှိနေပါပြီ။

တောက်တဲ့ကတော့ လည်လွန်းတဲ့ဘီး ပွင့်ထွက်သွားတယ် ပြောရမလား(မစင်လို့မပြောချင်လို့ပါ)။ သူတိတ်တိတ်ပုန်းညားနေတဲ့ မိုးဆိုးမမြတင် စင်ပေါ်တက်လာတာကြောင့်. . ခုတော့ တရားဝင်လက်ထပ်ပြီး သူဟန်ပြီးပန်ကြီးထားနေတဲ့ အိမ်ကိုပြန်အပ်၊ တစ်ဖက်ရပ်ကလေးဆောက်ထားတဲ့ မုဆိုးမတဲအိုလေးမှာ တင့်တယ်စွာပေါင်းဖက်နေရတဲ့ဘဝမျိုး ရသွားပါတယ်။

အဲ့သလို အပိုင်းလိုက် အကန့်လိုက် သန့်သွားတဲ့ ဇာတ်အိမ်ကလေးထဲ ရုတ်တရက်ကြီးမိုးကြိုးဆယ်စင်း တစ်ပြိုင်တည်း အပစ်ခံရပြီး ပြိုပျက်ရမယ်ဆိုရင် ယုံချင်စရာရှိပါမလားဗျာ။ ဒါပေမယ့်. . . 'မလိုရင် ခွတတ်တယ်'ဆိုတဲ့ မြန်မာဆိုရိုးစကားလည်း ရှိပြန်တော့. .

"မောင်လေးရေ"

ထေကြီးကားထွက်ဖို့ လိုအပ်တာလေး ပြင်ဆင်နေတုန်း. . ရွှေမှီ ရေကြီးသုတ်ပြာရောက်လာလို့. . .

"အစ်မ. . အစ်မ. . ဘာဖြစ်လို့လဲဟင်"

"ရွှေရည်. . ရွှေရည် အလုပ်ထဲမှာမူးလဲပြီး ဆေးရုံရောက်သွားလို့တဲ့ လုပ်ပါဦး"

"ဟာ. . ဒါဆို သွားမယ်လေ၊ လာ. . ကားထဲဝင်"

အဲ့ဒီနောက်. . ထေကြီး အမေ့ကိုတောင် နှုတ်မဆက်နိုင်တော့ဘဲ ကားထဲ အပြေးအလွှားဝင်လိုက်ရတယ်။

ကားလေးကလည်း ဝပ်ရှော့ကထွက်လာတာ မကြာသေး





တော့ မောင်းလို့ကောင်းမှကောင်း၊ အိမ်ကနေ ရွှေရည်ရှိနေတဲ့ ဆေးရုံကို နာရီဝက်လောက်ပဲမောင်းပြီး ရောက်သွားတယ်၊ ဒါပေမယ့် ရွှေရည်ကောင်းကောင်းမှန်မှန် သတိရနေပါပြီ၊ မျက်နှာလေးကတော့ ငြိုးလို့ပေါ့။

"ညီမလေးရယ် အခု သက်သာတယ်မဟုတ်လားဟင်"

"သက်သာပါတယ်"

"လူနာရှင်လား"

နောက်ကနေ ရပ်မေးလိုက်တဲ့ သူနာပြုဆရာမကြီးကို ထေကြီးကပဲ ခေါင်းညိတ်ပြလိုက်တော့ ခဏလိုက်ခဲ့ပါဆိုလို့ ထေကြီးလိုက်သွားတယ်။ နောက်ကနေ ရွှေမှီလည်း အပြေးလိုက်လာပါတယ်။ ထုံးစံအတိုင်း ဆေးဝယ်ဖို့နဲ့ ရောဂါအခြေအနေပြောပြဖို့ ထင်လိုက်တာပါ. . . ဒါပေမယ့်. . .

"လူနာမှာ ကိုယ်ဝန်သုံးလရှိနေပြီ"

"ဗျာ!. . ရှင်!. . "

"သူက အိမ်ထောင်သည်မဟုတ်ဘူးလား"

ထေကြီး ဘာပြောရမှန်းမသိဖြစ်ပြီး ရွှေမှီကို လှည့်ကြည့်တယ်။ ဝိုင်းခနဲ လည်တက်လာတဲ့ မျက်ရည်တွေ ရွှေမှီမျက်ဝန်းထဲ မြင်တွေ့လိုက်ရတော့ ထေကြီးရင်ထဲ ပူလောင်သွားပြီ. . အသက်ပြင်းပြင်း ရှူသွင်းခိုက် ဆရာမကြီးက. . .

"လူနာက အပျိုလား အိမ်ထောင်သည်လားလို့ မေးနေတာလေ"

"ထေကြီး ဖွတ်ကြိတ်မှိတ်ပြီး"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ထောင်သည်ပါ"

"ဒါဖြင့် သူ့အမျိုးသားရော"

"ကျ. . ကျွန်တော်ပါ"

ဆရာမကြီး. . စိတ်အနှောင့်အယှက်ဖြစ်သွားသလို လှမ်းကြည့်ပြီး. .

"လူနာမှတ်တမ်းဖြည့်မယ်"

၅ ၅ ၅ ၅





BURMESE CLASSIC

လူနာဆောင်ရှေ့ ကော်ရစ်တာပေါ် ရပ်ပြီး ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်နေတဲ့ ထေကြီးဘေးမှာ ရွှေမှို ဝင်ရပ်လိုက်တယ်။ ရွှေမှိုလည်း ထေကြီး ပို့လွှတ်ထားတဲ့ မြင်ကွင်းဆီ ငေးရီနေတဲ့ မျက်ဝန်းတွေနဲ့ လှမ်းကြည့်ပြီး. . စကားလုံးမရှိတဲ့ စကားတွေနဲ့ ရင်တစ်ခုလုံး ပူလောင်နေမယ်ဆိုတာ သေချာတယ်လေ။

ခဏကြာတော့ ထေကြီးက. . .

"အစ်မ ပြန်တော့လေ အဘစိတ်ပူနေလိမ့်မယ်"

"ဟှင်. . မင်းပြန်ပါ၊ အစ်မ နေခဲ့မယ်"

"ကျွန်တော်နေခဲ့မှ ဖြစ်မယ်ထင်တယ်၊ ကျွန်တော်က ရွှေရည့်ခင်ပွန်းလေ"

"ဟင့်. . ဟင့်. ."

ရှိုက်သံကြောင့် ထေကြီးလှည့်ကြည့်ပေမယ့် [illegible] ဆင်းလာတဲ့ မျက်ရည်တွေကြောင့် ချက်ချင်းပြန်ပြီး အကြည့်လွှဲ[illegible]



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ပြီးမှ. . .

"ကျွန်တော်အစ်မကို ချစ်တယ်၊ အဲ့ဒါဆို အစ်မရဲ့မျိုးရိုးဂုဏ်သိက္ခာကိုလည်း ချစ်ရမယ် ထင်တယ်၊ အဆိုးဆုံးက ကျွန်တော်တို့ဘဝတွေက ဒါလောက်ပဲ ထင်တယ်၊ ဒါပေမယ့် ကျွန်တော်ယုံကြည်ပါတယ်၊ ဖြစ်သင့်ဖြစ်ထိုက်တာလည်း ကံပဲလို့လေ. . "

ထေကြီး စကားဆုံးမှ လှည့်ကြည့်တော့ အနားမှာ ရွှေမှီ မရှိတော့ပါဘူး။ လှမ်းကြည့်လိုက်မှ ရွှေမှီပြန်နှင့်ပြီဆိုတာ တွေ့ရတယ်။

အင်းပါ အစ်မရယ်. . ပြန်နှင့်လိုက်ပါ။ ။





www.burmeseclassic.com